# ဗျာဒိတ်ကျမ်း

## သင်ခန်းစာ နှစ်

## ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာ

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**ရည်ရွယ်ချက် ........ 1**

**ကောင်းချီးမင်္ဂလာပေးကမ်းမှုများ ........ 2**

**ကျိန်ခြင်းဖြင့်ခြိမ်းခြောက်မှုများ ........ 4**

**အသေးစိတ်အချက်အလက်များ ........ 6**

**နိဒါန်း ........ 8**

**ခရစ်တော်၏ရှုပါရုံ ........ 11**

ခရစ်တော်အကြောင်းဖော်ပြချက် ........ 11

အသင်းတော်ခုနစ်ပါးထံ ပေးသည့်စာစောင်များ ........ 13

**အနာဂတ်ဖြစ်ရပ်များ ........ 22**

တံဆိပ်ခုနစ်ခု ........ 24

တံပိုးခုနစ်ခု ........ 29

နိမိတ်လက္ခဏာခုနစ်ခု ........ 31

ဖလားခုနစ်လုံး ........ 35

**ပြည့်တန်ဆာကြီး ........ 37**

ဗာဗုလုန်အပေါ်တရားစီရင်ခြင်း ........ 38

သန့်ရှင်းသူများ၏အုပ်စိုးမှု ........ 40

**သိုးသငယ်၏ခင်ပွန်း ........ 46**

**နိဂုံး ........ 48**

**ကျင့်သုံးခြင်း ........ 49**

**ဘုံနည်းဗျူဟာများ ........ 49**

ကြိုတင်ဝါဒ ........ 50

အနာဂတ်ဝါဒ ........ 52

သမိုင်းရေးစနစ် ........ 52

အတွေးအခေါ်ဝါဒ ........ 54

**ပေါင်းစပ်နည်းဗျူဟာ ........ 55**

**နိဂုံး ........ 58**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဝ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

တစ်ချိန်က မိတ်ဆွေတစ်ဦးသည် သူအီဂျစ်နိုင်ငံကိုင်ရိုမြို့ပြင်ရှိ ချည်ထည်ဆိုင်တစ်ခုသို့ အလည်အပတ်သွားခဲ့သည့်အကြောင်း ကျွန်ုပ်အားပြောပြဖူးသည်။ ထိုဆိုင်တွင် ကော်ဇောများကို ယက်လုပ်နေကြသည့် လူများနှင့်ပြည့်နေသောအခန်းများရှိသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ချည်ထည်၏ရှုပ်ထွေးသောပုံစံများဖန်တီးရန် ဤပါးလွှာသောအထည်သားများကို ထောင်ပေါင်းများစွာသောချည်မျှင်များဖြင့်ယက်လုပ်ပုံကို စိတ်ဝင်စားခဲ့သည်။ ချည်ထည်များတွင် ပေါင်းထည့်လိုက်သောအခါ ချည်မျှင်များ၏အလှတရားသည် အသက်ဝင်လာသည်။ ဗျာဒိတ်ကျမ်းသည် ချည်ထည်နှင့် အနည်းငယ်ဆင်တူသည်။ ၎င်းတွင်ပတ်ဝန်းကျင်ရှိ အခြားပရောဖက်ပြုချက်များ၏အဓိပ္ပာယ်များစွာကိုထုတ်ယူနိုင်သော သေးငယ်သည့်ပရောဖက်ပြုချက်များနှင့် ပြည့်နေသည်။ ကျမ်းတစ်အုပ်လုံးကိုဖတ်သောအခါ ၎င်း၏သတင်းစကားသည်ရှင်းလင်းလာပြီး၊ ကျွန်ုပ်တို့အတွက် ရေးထားသည့်အဓိကအကြောင်းအရာကို တွေ့မြင်ရသည်။

ဤသည်မှာ ဗျာဒိတ်ကျမ်း၏အခန်းဆက်သင်ခန်းစာတွင် ဒုတိယမြောက်သင်ခန်းစာဖြစ်ပြီး၊ "ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာ"ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ကျမ်း၏စာပေဖွဲ့စည်းပုံနှင့် ၎င်း၏အစိတ်အပိုင်းအသီးသီး မည်ကဲ့သို့ကိုက်ညီပုံကို သုံးသပ်ခြင်းဖြင့် ယောဟန်၏ကျမ်းကိုကျွန်ုပ်တို့ လေ့လာပါမည်။

ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာကို ယောဟန်၏ရေးသားခြင်း၏ရည်ရွယ်ချက်ကို အကျဉ်းချုပ်ကြည့်ရှုခြင်းဖြင့် စတင်လေ့လာပြီး၊ ဗျာဒိတ်ကျမ်း၏အသေးစိတ်အချက်အလက်များကို ဆက်၍လေ့လာပါမည်။ နောက်ဆုံးတွင် ၎င်း၏ မျက်မှောက်ခေတ်ကျင့်သုံးမှုများအတွက် ဘုံနည်းဗျူဟာအချို့ကို ခြုံငုံသုံးသပ်ပါမည်။ ယောဟန်၏ရည်ရွယ်ချက်ကိုကြည့်ခြင်းဖြင့်စတင်ကြပါစို့။

# ရည်ရွယ်ချက်

ယောဟန်၏ဗျာဒိတ်ကျမ်းရေးသားခြင်း၏ရည်ရွယ်ချက်သည် ကျမ်းကဲ့သို့ပင် ရှုပ်ထွေးသောကြောင့်၊ ဤသင်ခန်းစာတွင် ၎င်း၏အသေးစိတ်အချက်အလက်များအားလုံးကို ကျွန်ုပ်တို့မလေ့လာနိုင်ပါ။ သို့သော် ၎င်း၏အဓိကရည်ရွယ်ချက်များကို ဤနည်းဖြင့်အကျဉ်းချုပ်နိုင်သည်_ ယောဟန်သည်ဝေဒနာခံစားနေရသောခရစ်ယာန်များကို ယေရှုပြန်ကြွလာချိန်အထိ သစ္စာတည်မြဲခြင်းငှာအားပေးရန်ဗျာဒိတ်ကျမ်းကိုရေးခဲ့သည်။

ဤအခန်းဆက်သင်ခန်းစာရှိ ပထမသင်ခန်းစာတွင် ဖော်ပြထားသည့်အတိုင်း၊ ညှဉ်းပန်းနှိပ်စက်ခံရသောယောဟန်၏စာဖတ်သူများသည် ၎င်းတို့၏ယုံကြည်ခြင်းကို အပေးအယူပြုလုပ်ရန် သွေးဆောင်မှုများစွာကို တွေ့ကြုံခံစားနေကြရသည်။ ထို့ကြောင့်၊ ယောဟန်သည် ဧဖက်၊ စမုရန၊ ပေရဂံ၊ သွာတိရ၊ သာဒိ၊ ဖိလဒေလဖိ၊ လောဒိကိနှင့် လောကရှိအခြားအသင်းတော်များအား ခရစ်တော်သည် သူတို့၏ဆင်းရဲဒုက္ခကိုသိပြီး၊ ထိုအရာမှတဆင့် သူတို့ကိုမြင်လိမ့်မည်ဖြစ်ကြောင်းအာမခံရန်ရေးသားခဲ့သည်။ ယေရှုသည် သူတို့၏ဘုန်းအသရေရှိသောအနာဂတ်ကို ထိန်းချုပ်ထားကြောင်းနှင့် ကိုယ်တော်၏သစ္စာရှိနောက်လိုက်အားလုံးကိုဆုချမည့်အကြောင်း ဗျာဒိတ်ကျမ်းကအာမခံထားသည်။

ယောဟန်၏ရည်ရွယ်ချက်ကို ဘုရားသခင်၏ပရောဖက်အဖြစ် သူ၏အခန်းကဏ္ဍနှင့်အညီ၊ ယေရှုထံမှ အာရှမိုင်းနားရှိအသင်းတော်များသို့ ထပ်မံဖြည့်စွက်သည့်သတင်းစကားနှစ်ခုတွင် ဖော်ပြခဲ့သည်။ ပထမ၊ ယောဟန်သည် ယေရှုအပေါ်သစ္စာစောင့်သိသူတိုင်းအတွက် ကောင်းချီးမင်္ဂလာများပေးခဲ့သည်။ ဒုတိယ၊ သူသည် သစ္စာမဲ့သူအားလုံးကို ကျိန်ခြင်းဖြင့်ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ကောင်းချီးမင်္ဂလာပေးမှုများမှအစပြု၍ ဤသတင်းစကားအမျိုးအစားနှစ်မျိုးလုံးကို ကျွန်ုပ်တို့လေ့လာပါမည်။

## ကောင်းချီးမင်္ဂလာပေးကမ်းမှုများ

ဗျာဒိတ် ၂:၉-၁၀ တွင် စမုရနအသင်းတော်ထံ ယောဟန်ပေးပို့သောအားပေးချက်ကို နားထောင်ပါ_

> သင်အကျင့်ကျင့်ခြင်း၊ ဆင်းရဲဒုက္ခခံခြင်း၊ ဆင်းရဲခြင်းကိုငါသိ၏။ သို့သော်လည်း၊ သင်သည် ကြွယ်ဝပြည့်စုံခြင်းရှိ၏။ ယုဒလူဖြစ်ယောင်ဆောင်၍ ယုဒလူမှန်မဟုတ်၊ စာတန်၏အပေါင်းအသင်းဖြစ်သော သူတို့၏ကဲ့ရဲ့ခြင်းကိုလည်း ငါသိ၏။ သင်သည်ခံရမည့်အရာ တစုံတခုကိုမျှမကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကိုခံရမည်အကြောင်း၊ မာရ်နတ်သည်သင်တို့တွင် အချို့ကိုထောင်ထဲ၌လှောင်ထား၍၊ သင်တို့သည် ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါပေးမည် (ဗျာဒိတ် ၂း၉-၁၀)။

ဆင်းရဲဒုက္ခအားလုံးမှ အကာအကွယ်ပေးမည်ဟု ကတိပြုခြင်းမဟုတ်ဘဲ၊ စမုရနအသင်းတော်သည် “ဆင်းရဲဒုက္ခခံရမည်” ဟုယောဟန် ပြောကြားခဲ့သည်။ သို့သော် တစ်ချိန်တည်းတွင်၊ ခရစ်တော်အပေါ်သစ္စာတည်ကြည်ပါက ယေရှုသည်သူတို့ကို “အသက်သရဖူ”ပေးမည်ဟု အာမခံခဲ့သည်။ သူတို့၏ဆင်းရဲဒုက္ခနှင့် သေခြင်းတရားသည် ယာယီသာဖြစ်နိုင်သော်လည်း၊ သူတို့၏ကောင်းချီးမင်္ဂလာများသည် ထာဝရတည်မြဲနေမည်ဖြစ်သည်။

ဤအားပေးမှုသည် ယောဟန်၏မူလပရိသတ်ကို နောက်လာမည့်ရှုပါရုံများဆီသို့ ဦးတည်ပေးသောကြောင့် အရေးကြီးပါသည်။ သခင်ယေရှုပြန်လာသောအခါ သစ္စာရှိနောက်လိုက်များအားပေးမည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းချီးမင်္ဂလာများဆိုင်ရာ ရူပါရုံများကိုမြင်ရန် သူတို့ကိုသင်ပေးခဲ့သည်။ ဥပမာ၊ ဗျာဒိတ် ၂၀:၄ သည် ခရစ်တော်နှင့်အတူ စိုးစံခြင်း၏ကောင်းချီးမင်္ဂလာကို ဟောပြောသည်။

ဗျာဒိတ် ၂၁:၃-၄ က ယုံကြည်သူများ ရရှိမည့် နောက်ဆုံးကောင်းချီးမင်္ဂလာများကို မည်သို့ဖော်ပြသည်ကို နားထောင်ပါ_

> ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ (ဗျာဒိတ် ၂၁း၃-၄)။

ဤအနာဂတ်ရူပါရုံသည် ယောဟန်၏စာဖတ်သူများကို ဘုရားသခင်အပေါ် သစ္စာရှိရန် လှုံ့ဆော်ပေးသည်၊ သို့မှသာ သူတို့သည် ဤအံ့ဖွယ်ကောင်းချီးမင်္ဂလာများကို ရရှိကြမည်ဖြစ်သည်။

> ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်၏လူတို့အား ကောင်းချီးမင်္ဂလာပေးမည်ဟု ကတိပြုသောအခါ၊ အရေးကြီးသောအခိုက်အတန့်အချို့ရှိသည်။ ဥပမာအားဖြင့် ဗျာဒိတ်ကျမ်း ၂ နှင့် ၃ တွင်တွေ့ရသော အောင်နိုင်သူတို့အတွက် ကတိတော်များနှင့် ကျမ်း၏အဆုံးတွင် ထပ်မံဖော်ပြထားသော အောင်မြင်သူများအတွက် ကတိတော်များကို သင်စဉ်းစားနိုင်သည်။ ဘုရားသခင်၏လူများအဖြစ် ကျွန်ုပ်တို့အတွက်လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် ကောင်းချီးမင်္ဂလာကတိတော်များသည် စုံစမ်းနှောင့်ယှက်ခံရချိန်နှင့် နှိပ်စက်ညှဉ်းပန်းခံရသည့်အချိန်များတွင် ဖွဲလုံ့လရှိရန်၊ သခင်ယေရှုကို မှီဝဲဆည်းကပ်ခြင်း၌ တည်ကြည်ရန်နှင့် ကိုယ်တော်၏ရည်ရွယ်ချက်များနှင့် အမြဲလိုက်လျောညီထွေဖြစ်စေရန်သာမက၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ သန့်ရှင်းသောလူမျိုးဖြစ်စေခြင်းငှါ၊ သခင်ဘုရား၏နာမတော်ကို သိသောသူတို့၏ဘဝပုံစံကို အထူးဂရုပြုကျင့်ကြံနေထိုင်ရန် ကျွန်ုပ်တို့အား တွန်းအားပေးပါသည်။
>
> **Dr David W. Chapman**

> ဗျာဒိတ်ကျမ်းတွင် ကျွန်ုပ်တို့ အကြိမ်ကြိမ်တွေ့ရသည့် ကောင်းချီးမင်္ဂလာပေးခြင်း၏ရည်ရွယ်ချက်မှာ၊ ၎င်းတို့သည် ကျမ်း၏ နောက်ဆုံးသောကာလဆိုင်ရာသဘောသဘာဝ၏ တစ်စိတ်တစ်ပိုင်းကဲ့သို့ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သူတို့၏အဖြစ်မှန်ဖြစ်ပြီး၊ သူတို့၏မျက်လုံးဖြင့်မြင်ရခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သည် ကျိန်ခြင်းခံရမှုဖြစ်ကြောင်း၊ သူတို့သည် ဆင်းရဲဒုက္ခရောက်နေကြောင်း၊ အရေးမပါကြောင်း၊ ရောမနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ ယဉ်ကျေးမှုအရ ဝိုင်းပယ်ခံရကြောင်း ညွှန်ပြနေသည်။ အရာအားလုံးသည် သူတို့နှင့် ဆန့်ကျင်နေပုံရသည်။ သို့သော်အမှန်တကယ်တွင်၊ ကုလားကာကိုဆွဲဖွင့်လိုက်မည်ဆိုလျှင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်ကို သူတို့ စွဲကိုင်ထားမည်ဆိုပါက၊ သူတို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ခံစားကြရမည်ဖြစ်သည်။
>
> **Dr James M. Hamilton**

ယေရှု၏သစ္စာရှိနောက်လိုက်များအား ကောင်းချီးမင်္ဂလာပေးခြင်းအပြင်၊ ယောဟန်သည် ခရစ်တော်အပေါ်သစ္စာမဲ့သူများကို ကျိန်ခြင်းဖြင့် ခြိမ်းခြောက်ရန် သူ၏ရည်ရွယ်ချက်ကိုလည်း ဖော်ပြခဲ့သည်။

# ကျိန်ခြင်းဖြင့်ခြိမ်းခြောက်မှုများ

ဥပမာတစ်ခုအနေနှင့်၊ ဗျာဒိတ် ၃:၁၆ တွင် လောဒိကိအသင်းတော်အပေါ် ယေရှု၏ခြိမ်းခြောက်မှုကို နားထောင်ပါ_

> ထိုသို့အဧမဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ (ဗျာဒိတ် ၃:၁၆)။

ဤစကားများသည် ယောဟန်၏စာဖတ်သူများအား သူတို့၏အပြစ်များကို နောင်တရပြီး စိတ်ထက်သန်စွာ ယေရှုအားနာခံအသက်ရှင်ရန် ပြင်းထန်စွာတိုက်တွန်းခဲ့သည်။ ထွေးထုတ်ခြင်းခံရမည်ဟု ခရစ်တော်၏နှုတ်မှခြိမ်းခြောက်မှုသည် ယေရှုအားထင်ရှားစွာပုန်ကန်ခြင်းသည် ဘုရားသခင်၏ ကျိန်ခြင်းဆီသို့ ဦးတည်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာသတိပေးခြင်းဖြစ်သည်။

ဤခြိမ်းခြောက်မှုမျိုးထည့်သွင်းခြင်းဖြင့် ယောဟန်၏မူလပရိသတ်များသည် ဘုရားသခင်၏ ကျိန်ခြင်းပါဝင်သောရူပါရုံများကို သတိပြုကာ ဖတ်ရှုနိုင်စေရန်ဖြစ်သည်။ ကျမ်းရေးသူတစ်ဦးအနေဖြင့်၊ ယောဟန်သည် မှားယွင်းသောယုံကြည်သူများနှင့် စစ်မှန်သောယုံကြည်သူများအား ၎င်းတို့၏အပြစ်များကိုနောင်တရစေရန်အတွက် ဤကျိန်ခြင်းများကို အကြိမ်ကြိမ်အလေးပေးဖော်ပြခဲ့သည်။

ဥပမာ၊ ယောဟန်၏ရူပါရုံနေရာများစွာတွင် သားရဲကိုကိုးကွယ်သူတို့အပေါ် ကျရောက်မည့် ပြစ်ဒဏ်များကို ဖော်ပြခဲ့သည်။ ဗျာဒိတ် ၁၄ တွင်ဤရုပ်တုကိုးကွယ်သူများသည် ဘုရားသခင်၏စပျစ်သီးနယ်ရာတန်ဆာတွင် စီရင်ခြင်းခံရသည်။ အခန်း ၁၆ တွင် ရောဂါဝေဒနာခံစားကြရသည်။ အခန်းကြီး ၁၉-၂၁ တွင် မီးအိုင်၌မီးရှို့ခြင်းခံရသည်။ ဤရူပါရုံများသည် အာရှမိုင်းနားအသင်းတော်များရှိ မှားယွင်းသောယုံကြည်သူများအပေါ် အမှန်တကယ်ခြိမ်းခြောက်မှုဖြစ်သည်။ သို့သော် ၎င်းတို့သည် ဘုရားသခင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားစီရင်ခြင်းသို့ ဦးတည်စေသော အပြုအမူများနှင့် သဘောထားများကိုရှောင်ရှားရန် စစ်မှန်သော ယုံကြည်သူများကိုလည်း အားပေးနိုင်လိမ့်မည်ဖြစ်သည်။

> ဗျာဒိတ်ကျမ်းပါ တရားစီရင်ခြင်းဆိုင်ရာသတိပေးချက်များသည် အမှန်တကယ်တွင် ရည်ရွယ်ချက်နှစ်ခုရှိသည်။ တစ်ဖက်တွင်၊ ၎င်းသည် တည်ကြည်ခိုင်မြဲစွာ၊ ဆင်းရဲဒုက္ခကို ခံနိုင်ရည်ရှိစွာခံရပ်နေကြရသော ယုံကြည်သူများအတွက် တရားစီရင်မှုနှောင့်နှေးခြင်းသည် ငြင်းပယ်မှု မဟုတ်ကြောင်း၊ ခရစ်ယာန်များ၏ ဘဝကိုပင်ပန်းဆင်းရဲစေခဲ့သူများ သို့မဟုတ် ခရစ်ယာန်များ၏အသက်ကိုနုတ်ယူသူများကို တရားစီရင်မည့်နေ့သည် ရောက်မည့်အကြောင်း သတိပေးချက်တစ်ခုဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ယနေ့ခေတ်ကဲ့သို့ပင် ပတ်ဝန်းကျင်ယဉ်ကျေးမှု၏ဆွဲဆောင်မှုအားဖြင့် အလွန်သွေးဆောင်ခံရသော ပထမရာစုရှိ ခရစ်ယာန်အသင်းတော်များရှိသည်။ ဗျာဒိတ် ၁၇ ၌ယောဟန်အားပေးသည့် ရူပါရုံတွင် ဗာဗုလုန်ပြည့်တန်ဆာသည် လှပစွာဝတ်ဆင်ထားသည်။ သူမသည် တစ်နည်းအားဖြင့် ဆွဲဆောင်မှုရှိသည်။ ယခု သူမလက်ထဲတွင် သန့်ရှင်းသူများ၏အသွေးပါသည့်ဖလားကို ကိုင်ထားသောကြောင့်၊ ရက်စက်မှုအပေါ် အခြေပြုထားသော စည်းစိမ်အား ကိုယ်စားပြုသူအနေဖြင့် သူမသည် မည်မျှရက်စက်ကြမ်းကြုတ်သည်ကို ကျွန်ုပ်တို့သိသော်လည်း၊ ကျွန်ုပ်တို့သည် သွေးဆောင်ခံရနိုင်ပါသည်။ အခန်းကြီး ၂ နှင့် ၃ တွင် ဤကျမ်းကို ယောဟန်ဦးစွာပေးခဲ့သော အသင်းတော်အချို့သည် ယဉ်ကျေးမှု၏ ဖြားယောင်းသွေးဆောင်မှုအားဖြင့် သွေးဆောင်ခံရသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ၎င်းသည် ယုံကြည်သူများအား ယဉ်ကျေးမှု၏ သွေးဆောင်မှုနှင့် ကာမဂုဏ်သာယာမှုတို့ကြောင့် လမ်းလွဲမသွားရန်အလေးအနက် သတိပေးချက် ဖြစ်သည်။
>
> **Dr Dennis E. Johnson**

> ဗျာဒိတ်ကျမ်း၏သတင်းစကားသည် ဤလောကသည် အမှန်တကယ်ပင် ကြီးစွာသောဝိညာဉ်ရေးတိုက်ပွဲကြီး ဖြစ်ပွားနေသည့် အခြေအနေဖြစ်ပြီး၊ ထိုတိုက်ပွဲနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများသည် သိသာထင်ရှားကာ၊ ဘုရားသခင်သည် ဤလောကတွင်ရည်ရွယ်ချက်နှင့် အစီအစဉ်တစ်ခုရှိပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရည်ရွယ်ချက်နှင့် အစီအစဉ်အတိုင်း အသက်ရှင်နေထိုင်ရန် လိုအပ်ကြောင်းဖော်ပြပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဆန့်ကျင်သူများသည် အဖိုးအခ ပေးရကြလိမ့်မည်။ အပြစ်စီရင်ခြင်းကို ခံရကြလိမ့်မည်။ ယုံကြည်သူများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အနေဖြင့် ကျွန်ုပ်တို့သည် သစ္စာရှိရန်တာဝန်ရှိသည်၊ ဗျာဒိတ်ကျမ်းတခုလုံးတွင် အကြိမ်ကြိမ်ဖော်ပြထားသော သတင်းစကားမှာ_ စွဲကိုင်ကြလော့၊ သည်းခံခြင်း ရှိလော့၊ အဆုံးတိုင်အောင်တည်ကြည်ခြင်းရှိလော့စသည်တို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာများသည် အခြားဦးတည်ရာသို့ သွားနေပုံရသော်လည်း ဘုရားသခင်သည် အောင်မြင်မည်ဖြစ်ပြီး၊ အချုပ်အခြာအာဏာပိုင်သော အရှင်သခင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် မကောင်းမှုကို တရားစီရင်ပြီး ကောင်းသောကောင်းမှုကို ဆုချမည်ဟူသောအချက်သည် ကိုယ်တော်၏ရည်ရွယ်ချက်နှင့် အကြံအစည်တော်ကို သစ္စာရှိစွာ တုံ့ပြန်ရန် ကျွန်ုပ်တို့အား တောင်းဆိုထားသည်။

**Dr Mark L. Strauss**

ဗျာဒိတ်ကျမ်း၏အသေးစိတ်အချက်များစွာကို နားလည်ရန်ခက်ခဲသည်မှာ သေချာပါသည်။ သို့သော် ကျမ်း၏အဓိကအယူအဆများသည် ရှင်းလင်းစွာရှိနေဆဲဖြစ်သည်။ ယောဟန်၏ရည်ရွယ်ချက်မှာ သူ၏စာဖတ်သူများကို ဆင်းရဲဒုက္ခရောက်နေချိန်၌ပင် ခရစ်တော်အပေါ်သစ္စာရှိခြင်းငှာ အားပေးရန်ဖြစ်သည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကမ်းလှမ်းချက်များသည် ယေရှုအပေါ်သစ္စာရှိရန်နှင့် ကောင်းသောအကျင့်၌ကျင်လည်ရန် သူတို့ကိုအားပေးသည်။ ထို့ပြင်နောင်တရစေခြင်းငှာ ဘုရားသခင်၏ ကျိန်ခြင်းများနှင့် သူတို့ကိုခြိမ်းခြောက်ခဲ့သည်။ ဤနည်းလမ်းသို့မဟုတ် နည်းလမ်းနှစ်ခုလုံးတွင်၊ ဗျာဒိတ်ကျမ်းရှိ ပုံဆောင်ချက်၊ အမှတ်သင်္ကေတနှင့် မြင်ကွင်းတိုင်းသည် သစ္စာရှိမှုကို အားပေးသည်။ ဤရည်ရွယ်ချက်ကို ကျွန်ုပ်တို့မှတ်သားထားပါက၊ ကနဦးခရစ်ယာန်များအတွက် ဗျာဒိတ်ကျမ်း၏ရည်ရွယ်ချက်နှင့် မျက်မှောက်ခေတ်စာဖတ်သူများအတွက်လည်း မည်သည့်အရာဆိုလိုသည်ကို နားလည်ရန်ကူညီပေးပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း၏ရည်ရွယ်ချက်ကို လေ့လာပြီးနောက်၊ ယခု ကျမ်း၏အသေးစိတ်အချက်အလက်များကို အာရုံစိုက်ကြည့်ကြပါစို့။

# အသေးစိတ်အချက်အလက်များ

ဗျာဒိတ်ကျမ်းသည် ၁:၁-၈ တွင် နိဒါန်းတိုဖြင့်စတင်သည်။ ယင်းနောက်တွင်၊ ကျမ်း၏ကိုယ်ထည်၌ အဓိကရူပါရုံလေးခု ပါဝင်သည်_

- ခရစ်တော်၏ရူပါရုံ ၁:၉–၃:၂၂
- ၄:၁–၁၆:၂၁ တွင်အနာဂတ်ဖြစ်ရပ်များဆိုင်ရာရူပါရုံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

- ၁၇:၁–၂၁:၈ တွင် ပြည့်တန်ဆာကြီးအားစီရင်ခြင်း ရူပါရုံ
- ဗျာဒိတ် ၂၁:၉–၂၂:၅ တွင် သိုးသငယ်၏သတို့သမီး ရူပါရုံ။

အဓိကရူပါရုံလေးခုပြီးနောက်၊ ကျမ်းသည် ၂၂:၆-၂၁ တွင် နိဂုံးချုပ်သည်။

ဗျာဒိတ်ကျမ်းကိုယ်ထည်ရှိ ကြီးမားသောရူပါရုံလေးခု၏တစ်ခုစီတွင် ယောဟန်သည် "ဝိညာဉ်တော်ကိုခံရ၍"ဟူသည့်ဖော်ပြချက်ဖြင့် မိတ်ဆက်သည်။ ယောဟန်သည် သူ့ကျမ်း၏အဓိကကိုယ်ထည်တွင် ကွဲပြားမှုအသစ်များစတင်ခြင်းအမှတ်အသားအဖြစ် ဤအသုံးအနှုန်းကို အစဉ်အသုံးပြုခဲ့သည်။

> ဗျာဒိတ်ကျမ်းတွင် ယောဟန် လေးကြိမ်သုံးသော"ငါသည် ဝိညာဉ်တော်ကိုခံရ၍" ဟူသော ဤစကားစုကို အဓိပ္ပါယ်ဖွင့်ဆိုသောအခါ၊ မှတ်သားရလွယ်ကူသည်မှာ ဤလေးကြိမ်ဖြစ်ပျက်သည့်အချိန်တိုင်း၊ ၎င်းသည်ဗျာဒိတ်ကျမ်း၏ အချိုးအကွေ့ တစ်ခုဖြစ်သည်။ ထို့ကြောင့် အကျယ်တဝင့်ပြောရမည်ဆိုလျှင်၊ ဤအရာသည် အစတွင် သခင်ယေရှုနှင့်စာစောင်များ၊ ထို့နောက် အလယ်တွင် ရာဇပလ္လင်နှင့် တရားစီရင်ခြင်းများ၊ နောက်ဆုံးတွင် ပြည့်တန်ဆာ၊ ရှင်ဘုရင်နှင့် သတို့သမီးဟူ၍ ဗျာဒိတ်ကျမ်းကိုအပိုင်းများခွဲခြမ်းနိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။။ ထို့ပြင် ၎င်းသည် အမှန်တကယ်တွင် ဗျာဒိတ်ကျမ်းတစ်ခုလုံးဖြစ်သည်။
>
> **Dr James M. Hamilton**

ဗျာဒိတ် ၁:၁၀ တွင်ယောဟန်ရေးသားသည်မှာ_

> သခင်ဘုရားနေ့၌ဝိညာဉ်တော်ကိုခံရ၍ ၊ တံပိုးခရာအသံကဲ့သို့ငါ့နောက်၌ မြည်သောအသံကြီးကိုကြား၏ (ဗျာဒိတ် ၁:၁၀)။

ဗျာဒိတ် ၄:၂ တွင်သူဖော်ပြခဲ့သည်မှာ_

> ထိုအခါဝိညာဉ်တော်ကို ငါသည်ချက်ခြင်းခံရ၍၊ ကောင်းကင်ဘုံ၌ ပလ္လင်တခုတည်လျက်ရှိ၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူလည်းရှိ၏ (ဗျာဒိတ် ၄:၂)။

ဗျာဒိတ် ၁၇:၃ တွင်သူပြောသည်မှာ_

> ငါ့ကို ဝိညာဉ်တော်အားဖြင့် တောသို့ဆောင်သွားလေ၏။ ခေါင်းခုနစ်လုံးနှင့် ချိုဆယ်ချောင်းရှိ၍၊ ဘုရားသခင်၏အသရေတော်ကို ရှုတ်ချသောနာမတို့နှင့် အပြည့်ရှိသော သားရဲနီအပေါ်မှာထိုင်လျက်ရှိသော မိန်းမတဦးကို ငါမြင်၏ (ဗျာဒိတ် ၁၇:၃)။

ဗျာဒိတ် ၂၁:၁၀ တွင်သူရေးသားခဲ့သည်မှာ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကြီးမြင့်သောတောင်သို့ ဝိညာဉ်တော်အားဖြင့် ငါ့ကိုဆောင်သွား၍ သန့်ရှင်းသောယေရုရှလင်မြို့သည် ဘုရားသခင်၏ဘုန်းတော်နှင့် ပြည့်စုံလျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါ့အားပြလေ၏ (ဗျာဒိတ် ၂၁:၁၀)။
>
> ဝိညာဉ်တော်၌ဆောင်သွားခြင်းကိုရည်ညွှန်းခြင်းမှာ ယောဟန်သည် ပရောဖက် အဖြစ်ပေးအပ်ခံရသည့် အတွေ့အကြုံအချို့ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ ထိုပုံဆောင် ခြင်းရူပါရုံများကို လက်ခံရရှိရန် အခြေအနေသို့ ခေါ်ဆောင်ခံရခြင်းဖြစ်သည်။ အမှန်တကယ်တွင် ၎င်းသည် ယေဇကျေလ၏ ဓမ္မဟောင်းပရောဖက်ပြုချက် ဖြစ်ပြီး၊ ဝိညာဉ်တော်သည် ယေဇကျေလကို နေရာတစ်ခုသို့ခေါ်ဆောင်သွားကာ သူ မမြင်နိုင်သောအရာများကိုပြသသည့် အကြောင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အပြည့်အဝ နားမလည်နိုင်သောအတွေ့အကြုံဖြစ်သည်ဟု ထင်ပါသည်။ ပရောဖက်များပင် နားမလည်နိုင်ပါ။ ရှင်ပေါလုသည် ၂ ကောရိန္သု ၁၂ တွင် တတိယကောင်းကင်သို့ ချီဆောင်ခံရခြင်းအကြောင်းကိုပြောဆိုထားပြီး၊ ၎င်းသည် ကိုယ်ခန္ဓာပါသည် သို့မဟုတ် မပါသည်၊ ၎င်းကို ထိုသူတို့အမှန်တကယ် နားလည်မှုရှိသည်၊ မရှိသည်ကို ကျွန်ုပ်မသေချာပါ၊ သို့သော် ဘုရားသခင်သည် ဗျာဒိတ်တော်များကို သာမန်ထက်လက်ခံနိုင်သောအနေအထား၊ အခြေအနေကို သူတို့အားပေးထားကြောင်း သိသာထင်ရှားသည်။ သူတို့သည် ဝိညာဉ်တော် ပေးသောဤရူပါရုံများနှင့် အတွေ့အကြုံများကို သမ္မာကျမ်းစာတွင်ရေးသား ထားခြင်းဖြင့် ကျွန်ုပ်တို့အားဖော်ပြကြသည်။
>
> **Dr Dennis E. Johnson**

ဗျာဒိတ်ကျမ်း ၁:၁-၈ ၏နိဒါန်းမှအစပြု၍ ဗျာဒိတ်ကျမ်း၏အဓိကကဏ္ဍတစ်ခုစီကို လေ့လာပါမည်။

# နိဒါန်း

နိဒါန်းသည် ဗျာဒိတ် ၁:၁-၃ တွင်နှုတ်ခွန်းဆက်ခြင်းဖြင့်အစပြုကာ၊ ကျမ်း၏ဘုရားသခင့်အခွင့် အာဏာကို ဖော်ပြသည်။ ၎င်းသည် ခမည်းတော်ဘုရားသခင်ထံမှ ဆင်းသက်လာကာ ယေရှုခရစ်အား ပေးအပ်ခဲ့ပြီး၊ ကောင်းကင်တမန်အားဖြင့် သိစေခဲ့သည်။ ယောဟန်သည် ခရစ်တော်၏ပရောဖက်အနေ နှင့်၊ ယေရှု၏သတင်းစကားအား ကိုယ်တော်၏အသင်းတော်များသို့ ပြန်လည်ပေးပို့သည့် အခွင့်အာဏာ ရှိသော သံတမန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခန်းငယ် ၄ နှင့် ၅ တွင် ယောဟန်သည် မိမိကိုယ်တိုင်နှင့် သူ၏ပရိသတ်ကို ခွဲခြားသိမြင်စေသည့် နှုတ်ခွန်းဆက်စကားတစ်ခုပါရှိသည်။ အထူးသဖြင့်၊ အာရှတိုက်၏ ရောမပြည်နယ်ဖြစ်သည့် အာရှမိုင်းနားတွင်ရှိသော အသင်းတော်ခုနစ်ပါးထံ စာစောင်ရေးခဲ့သည်။ ယောဟန်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ဘုရားသခင်အထံတော်ကငင်း၊ ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ် ခုနစ်ပါးအထံကငင်း၊ သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦး ဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ်အထံတော်ကငင်း၊ ဟူသည့် နှုတ်ခွန်းဆက်စကား ဆိုခဲ့သည်။

အခန်းငယ် ၅–၈ တွင်၊ ယောဟန်သည် ဘုရားသခင်အားချီးမွမ်းခဲ့ပြီး၊ ဤချီးမွမ်းခြင်းသည် ပရိသတ်အတွက် သူ၏အဓိကအလေးထားမှုအချို့ကို ဖော်ပြသည်။ ယောဟန်သည် ကိုယ်တော်၏ အချုပ်အခြာအာဏာအတွက် ဘုရားသခင်ကိုချီးမွမ်းခဲ့ပြီး၊ ဘုရားသခင်သည် သူ၏ဘုန်းကြီးသော ရည်ရွယ်ချက်များအတွက် နိမိတ်လက္ခဏာအားလုံးကို လုပ်ဆောင်နေကြောင်း ယုံကြည်စိတ်ချခဲ့သည်။ ယေရှုခရစ်၌ရွေးနှုတ်ခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်၊ အကြောင်းမှာ ယေရှု၏အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့သည် ယောဟန်၏ကျမ်းတွင်ဖော်ပြထားသော မျှော်လင့်ချက်တိုင်းအတွက် အခြေခံဖြစ်သည်။ နောက်ဆုံးတွင်၊ သူသည် ခရစ်တော်တစ်ဖန်ကြွလာမည်ဟူသောကတိတော်နှင့် ဘုရားသခင်ကြိုတင်စီစဉ်ကာ ကတိပြုထားသမျှအရာအားလုံး ပြည့်စုံလာမည့် ကြီးကျယ်ခမ်းနားသော အနာဂတ်ဖြစ်ရပ်အတွက် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။

> ခရစ်ယာန်များသည် အကြွင်းမဲ့ရွေးနှုတ်ခြင်းဆိုင်ရာ ကျွန်ုပ်တို့၏အနာဂတ် မျှော်လင့်ချက်ကို မျှော်လင့်သောစိတ်ဖြင့် တုံ့ပြန်နိုင်သည်။ မျှော်လင့်ခြင်းဟူသည် အပြုသဘောဆောင်သော အနာဂတ်ကို ယုံကြည်စိတ်ချခြင်းဖြစ်သည်။ မျှော်လင့်ခြင်း၏ထူးခြားပြီး လက်တွေ့ကျသော သဘောသဘာဝမှာ၊ ၎င်းသည် ကျွန်ုပ်တို့အား တက်ကြွစေသည်၊ ဇွဲလုံ့လရှိစေသည်၊ ခံနိုင်ရည်ရှိစေသည်၊ ကတိပြုထားသည့်အရာသည် လက်တွေ့ဖြစ်လာမည်ဟူသည့် ယုံကြည်စိတ်ချမှုဖြင့် မျှော်လင့်ထားသောပျော်ရွှင်မှုမျိုးကို ပစ္စုပ္ပန်တွင် ရရှိစေသည်။ ၎င်းသည် ယခုကြိုးစားအားထုတ်သည့်ရလဒ်၏ အာမခံချက်ကို မလွဲမသွေရနိုင်သည် ဟူသော ခံစားချက်ဖြင့် ကျွန်ုပ်တို့ကို ပိုမိုအားတက်စေသည်၊ ၎င်းသည် သဘာဝအားဖြင့် ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသောရှုထောင့်မှ အနည်းငယ် တုန်လှုပ်ခြင်း သို့မဟုတ် မသေချာမရေရာမှုများ ဖြစ်နိုင်သည်။
>
> **Dr Glen Scorgie**

> သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့ရရှိမည့် နောက်ဆုံးရွေးနှုတ်ခြင်းသည် မယုံနိုင်လောက်အောင် လှပပြီး ဂုဏ်ကျက်သရေရှိသောကြောင့်၊ ကျွန်ုပ်တို့၏ တုံ့ပြန်မှုသည် ဘုရားသခင်ပြုတော်မူသည့်အရာနှင့် ယေရှုခရစ်၌ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတွက် လုပ်ဆောင်ပေးမည်ဟု ကတိပြုထားသည့် ကျွန်ုပ်တို့၏ဖြစ်တည်မှု၏ စုပေါင်းတုံ့ပြန်မှုတစ်မျိုးဖြစ်သည်။ ၎င်းသည် ၁ ယော ၃း၂-၃ တွင် "ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတ္တံ့။ ထိုသို့ မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ် သန့်ရှင်းစေတတ်၏။" ဟုယောဟန်ပြောသည့်အရာကို ကျွန်ုပ်၏နားလည်မှုဖြစ်သည်။ အကယ်၍ ဘုရားသခင့် ရွေးနှုတ်ခြင်း၏ပန်းတိုင်သည် ကျွန်ုပ်တို့အား ယေရှုခရစ်၏ ပုံသဏ္ဌာန်အဖြစ်ပြောင်းလဲရန်၊ ကိုယ်တော်နှင့် ပြီးပြည့်စုံသောစည်းလုံးညီညွတ်စေရန်၊ မေတ္တာပါသောယုံကြည်မှုနှင့် နာခံမှု၏ ပြီးပြည့်စုံသောဆက်ဆံရေးတစ်ခုသို့ ဆောင်ကျဉ်းပေးရန်၊ ထာဝစဉ်ကောင်းကင်ဘုံ၌ ပျော်မွေ့နေရုံသာမက၊ ထာဝရကောင်းကင်ဘုံသည် ကျွန်ုပ်တို့အထဲတွင် ထာဝစဉ်ရှင်သန်နေစေရန်အတွက် ကိုယ်တော်၏မေတ္တာတော်နှင့် ကိုယ်တော်၏ ဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့အားပြည့်စေခြင်းဖြစ်သည်ဆိုပါက၊ ကျွန်ုပ်တို့၏ တုံ့ပြန်မှုသည် တစ်ခုတည်းသာ ဖြစ်နိုင်သည်_ သခင်သည် ကျွန်ုပ်အား ဤဘဝတွင် ယေရှုကဲ့သို့ လူသားတစ်ဦးဖြစ်အောင် ဖန်ဆင်းပေးတော်မူပါ။ ၎င်းသည် မည်သို့သောပုံစံဖြစ်သည်ကို ကျွန်ုပ်မသိပါ။ မည်ကဲ့သို့အလုပ်လုပ်သည်ကို ကျွန်ုပ်မသိသော်လည်း သခင်၊ ကိုယ်တော်သည် ကျွန်ုပ်ကို တတ်စွမ်းသမျှ ဆောင်ရွက်ပေးတော်မူပါ။ ကျွန်ုပ်၌ရှိသမျှကို ပေးပါ၏။ ကျွန်ုပ်၏အသက်ကို ပေးပါ၏။ ကျွန်ုပ်သည် ရှိသမျှအရာအားလုံးကိုယ်တော်၌ အပ်နှံပါ၏။ ယခု ကျွန်ုပ်၏ဘဝတွင် လုပ်ဆောင်သော ကိုယ်တော်၏ ပြီးပြည့်စုံသည့်ရွေးနုတ်ခြင်းထက် အခြားမည်သည့်အရာအတွက်မှ ကျွန်ုပ်အသက်မရှင်လိုပါ။

**Dr Steve Blakemore**

မိတ်ဆက်ခြင်းပြီးနောက်၊ ဗျာဒိတ် ၁:၉–၃:၂၂ တွင် အသင်းတော်ခုနစ်ပါးအတွက် ခရစ်တော်၏ ရူပါရုံနှင့် ၎င်း၏ကျင့်သုံးပုံကို တွေ့ရှိရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ခရစ်တော်၏ရူပါရုံ

ခရစ်တော်၏ရူပါရုံသည် ခရစ်တော်၏ဖော်ပြချက်ဖြင့် အစပြုပြီး၊ အာရှမိုင်းနားရှိ အသင်းတော်ခုနစ်ပါးထံ ခရစ်တော်၏ကျမ်းဖြင့် နိဂုံးချုပ်သည်။ ဗျာဒိတ် ၁:၉-၂၀ တွင် ခရစ်တော်အကြောင်း ယောဟန်၏ဖော်ပြချက်မှအစပြု၍ ဤကဏ္ဍတစ်ခုစီကို သီးခြားစီကြည့်ပါမည်။

## ခရစ်တော်အကြောင်းဖော်ပြချက်

ယေရှုအကြောင်းမဖော်ပြမီ၊ ယောဟန်သည် ဆင်းရဲဒုက္ခ၊ ခရစ်တော်၏နိုင်ငံတော်နှင့် စိတ်ရှည်သည်းခံမှုတို့၌ သူ့ကိုယ်သူ သူတို့၏အဖော်အဖြစ် သတ်မှတ်ခြင်းဖြင့် သူ၏စာဖတ်သူများနှင့် စည်းလုံးမှုကို ဖော်ပြခဲ့သည်။

ဆင်းရဲဒုက္ခသည် ယုံကြည်သူများအတွက် အမြဲတစေ အမှန်တကယ်ဖြစ်သည်။ သို့သော် ဓမ္မသစ်ခေတ်ကာလတွင် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် အထူးအရေးကြီးကြောင်း ယောဟန်အခိုင်အမာဆိုခဲ့သည်။ ခရစ်တော်သည် အပြစ်တရားကို ဆန့်ကျင်ဘက်ပြု၍ ဆင်းရဲခံခဲ့သည်။ ယုံကြည်သူများသည် ယေရှုနှင့် စည်းလုံးညီညွတ်ကြသောကြောင့် ကျွန်ုပ်တို့လည်း ဆင်းရဲဒုက္ခခံကြသည်။ သို့တိုင်၊ ကျွန်ုပ်တို့ ဆင်းရဲဒုက္ခကြုံသည့်အခါတိုင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေကြောင်းနှင့် ကျွန်ုပ်တို့၏အခြေအနေကို အချုပ်အခြာအာဏာဖြင့် အုပ်စိုးတော်မူကြောင်း နှစ်သိမ့်မှုရရှိပါသည်။ အခြေအနေတိုင်းတွင် — မာတုရဖြစ်ခြင်းတွင်ပင်— ကျွန်ုပ်တို့သည် ခရစ်တော်၏တန်ခိုးအားဖြင့် မကောင်းမှုနှင့် သေခြင်းတရားအပေါ် အောင်ပွဲခံနေပါသည်။

ယောဟန်သည် “ဝိညာဉ်တော်ကိုခံရ၍”ဤရူပါရုံကို ရရှိခဲ့ကြောင်းလည်း ဖော်ပြခဲ့သည်။ ယောဟန်သည် နေရာအသစ်တစ်ခုသို့ ရုပ်ပိုင်းဆိုင်ရာအရ မပြောင်းရွှေ့ခဲ့သော်လည်း၊ ယင်းက သူသည် ဝိညာဉ်ရေးအခြေအနေတစ်ခုတွင်ရှိနေကြောင်း ညွှန်ပြနိုင်သည်။ ဤသည်မှာ ယေဇကျေလ ၃:၁၂ တွင် တွေ့ရသကဲ့သို့၊ ဓမ္မဟောင်း၌ ပရောဖက်များထံ ဘုရားသခင်သည် မိမိကိုယ်ကိုထုတ်ဖော်ပြသသည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။

နောက်ဆုံးတွင်၊ ယောဟန်သည် ဧဖက်၊ စမုရန၊ ပေရဂံ၊ သွာတိရ၊ သာဒိ၊ ဖိလဒေလဖိနှင့် လောဒိကိမြို့ရှိ အသင်းတော်များထံသို့ ရူပါရုံဆိုင်ရာမှတ်တမ်းများကိုရေးရန် ကောင်းကင်မှအသံတစ်ခုသည် သူ့အား အမိန့်ပေးစေခိုင်းခဲ့ကြောင်းဆိုခြင်းဖြင့် နိဒါန်းကိုနိဂုံးချုပ်ခဲ့သည်။

သခင်ယေရှုအကြောင်း ယောဟန်၏ အမှန်တကယ်ဖော်ပြချက်သည် ဗျာဒိတ် ၁:၁၂ တွင် စတင်သည်။ သခင်ယေရှုသည် မီးခွက်ခုနစ်လုံးကြားတွင် လမ်းလျှောက်နေသော “လူသား”အဖြစ်ပေါ်ထွန်းခဲ့သည်။ ယင်းတို့သည် အမှောင်ထု၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်ရှိနေသော ကမ္ဘာလောကဆီသို့ ဘုရားသခင်၏အလင်းကို ခရစ်တော်၌ ယူဆောင်လာခဲ့သော အသင်းတော်များကိုအမှတ်သင်္ကေတပြုသည်။ မီးခွက်များသည် ယောဟန်၏စာဖတ်သူများအား ဓမ္မဟောင်းတဲတော်နှင့် ဗိမာန်တော်ရှိ ပရိဘောဂများအကြောင်းနှင့် ယခု ယေရှုသည် ဘုရားသခင်၏ပလ္လင်တော်ရှေ့ ကောင်းကင်တဲတော်၌ ရှိနေကြောင်းကိုလည်း သတိရစေသည်။ ၁:၄ တွင်၊ ယောဟန်သည် အာရှမိုင်းနားရှိအသင်းတော်ခုနစ်ပါးနှင့် ဘုရားသခင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှေ့တော်ရှိ မီးခွက်ခုနစ်လုံးကြား ဆက်စပ်မှုအမှတ်သင်္ကေတကို ဖော်ပြခဲ့သည်။ တဲတော်နှင့် နောက်ပိုင်းတွင်ဗိမာန်တော်၌၊ ဘုရားသခင်သည် သူ၏လူများကြားတွင် သူ၏ဘုန်းအသရေနှင့်တည်ရှိခြင်းကို ထင်ရှားပြခဲ့သည်။ တစ်ချိန်က ဘုရားသခင်သည် သူ၏လူ္ကသရေလလူမျိုးတွင် ကျိန်းဝပ်တော်မူသကဲ့သို့၊ ယခုအခါ ခရစ်တော်သည် သူ၏အသင်းတော်တွင် ကျိန်းဝပ်တော်မူသည်။

ယေရှုသည် ယုဒလူမျိုးဗိမာန်တော်ရှိ ယဇ်ပုရောဟိတ်မင်းနည်းတူ၊ ဝတ်လုံနှင့်ရွှေခါးပန်းကို ဝတ်ဆင်ထားသည်။ သူ၏မျက်စိသည် မီးလျှံကဲ့သို့ဖြစ်၍ ခြေတော်သည်လည်း မီး၌ချွတ်ပြီးသော ကြေးဝါစစ်နှင့်တူသည်။ အသံတော်သည်လည်း သမုဒ္ဒရာသံကဲ့သို့ ဖြစ်ပြီး ခံတွင်းတော်ထဲကလည်း ထက်သောသန်လျက်ထွက်သည်။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့်ထွန်းတောက်သောနေကဲ့သို့ ဖြစ်သည်။ ဤသဏ္ဍာန်က ယေရှုသည် ကြီးကျယ်မြင့်မြတ်သူ၊ ဘုန်းအသရေရှိပြီး အစွမ်းတန်ခိုးရှိသူ ဖြစ်ကြောင်း ပြသသည်။

> ဗျာဒိတ်ကျမ်း ၁ ကိုကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ ထိုအခန်းနှင့်ပတ်သက်သော အထူးခြားဆုံးအရာတစ်ခုမှာ ယေရှုခရစ်အကြောင်းရှုပါရုံပင်ဖြစ်သည်။ ပထမဦးစွာ ကျွန်ုပ်တို့ရှင်းလင်းစွာပြောနိုင်သည်မှာ၊ ၎င်းသည် ယေရှုမည်သူမည်ဝါဖြစ်သည်ကိုဖော်ပြသည့် အမှတ်သင်္ကေတဖြစ်သည်။ ဤပုံဆောင်ချက်သည် ပကတိအတိုင်းတိုက်ရိုက်ယူရန် မဟုတ်ပါ။ သို့သော် ယောဟန်သည်ဤကျမ်းကို ပေးစာ၊ ပရောဖက်ပြုချက်၊ နောက်ဆုံးသော ကာလဆိုင်ရာရေးသားချက်၊ ယေရှုခရစ်နှင့် ဧဝံဂေလိတရားအတွက် သူတို့၏ အသက်ကိုပေးလှူခဲ့သော ယုံကြည်သူများအတွက် ရေးသားခဲ့သည်ကို သတိရမိပါသည်။ သူတို့အားလုံးသည် ဧဝံဂေလိတရားအတွက် အသက်ဆုံးရှုံးရမည့်ခြိမ်းခြောက်မှုအောက်တွင် အသက်ရှင်ခဲ့ကြသည်။ အခန်း ၁ တွင်၊ လူသားအဖြစ် ယေရှုခရစ်၏ဤဘုန်းကြီးသော ပုံဆောင်ချက်ပါရှိပြီး၊ ၎င်းတွင် ယေရှုအကြောင်းအမျိုးမျိုးသော ဖော်ပြချက်များလည်း ရှိသည်။ ကိုယ်တော်သည် ယဇ်ပုရောဟိတ်ဝတ်လုံကို ဝတ်ဆင်ထားသည်။ ကိုယ်တော်သည် ဘုရားသခင်ထံတော်သို့ ကျွန်ုပ်တို့ဝင်ရောက်ရန်နည်းလမ်း ဖြစ်သည်။ ယောဟန်သည် ကိုယ်တော်၏ဆံပင်ကို နှင်းကဲ့သို့ဖြူကြောင်း ဖော်ပြသည်၊ ၎င်းမှာ စိတ်ဝင်စားစရာကောင်းသည်၊ အကြောင်းမှာ သူသည် ဒံယေလ ၇ မှထုတ်ယူထားပြီး၊ ဒံယေလ ၇ တွင် ဆံပင်ဖြူသူသည် ယေဟောဝါ ဖြစ်သည်။ သို့တိုင် ယောဟန်သည် ယင်းကိုယေရှုအပေါ်အသုံးပြုပြီး၊ ယေရှုသည် ယေဟောဝါနှင့်တန်းတူဖြစ်၍ ဘုရားသခင်ဖြစ်ကြောင်း ဖော်ပြသည်။ ယေရှု၏ ခံတွင်းတော်၌ ထက်သောသန်လျက်ရှိသည်ဟူသည့် ပုံဆောင်ချက်တွင်၊ ပကတိအတိုင်းတိုက်ရိုက်ယူရန်မဟုတ်၊ သို့သော် အသင်းတော်သည် ခရစ်တော်၌ နှစ်သိမ့်မှုရရှိစေရန် ကိုယ်တော်၏ရန်သူများကို ဖြတ်တောက်ဖျက်ဆီးနိုင်သည့် နှုတ်ကပတ်တော်၏တန်ခိုးကို အလေးပေးဖော်ပြသည်။ မျက်နှာတော်သည်

> အရှိန်တန်ခိုးနှင့် ထွန်း တောက်သောနေကဲ့သို့ဖြစ်၏ဟုဆိုသောကြောင့် ဘုန်းကြီးတော်မူသောအရှင်ဖြစ်တော်မူကြောင်းကို ကျွန်ုပ်တို့သိရသည်။ သခင်ယေရှုသည် ယောဟန်အား “မရဏာနှင့် မရဏာနိုင်ငံကိုလည်းငါအစိုးရ၏” ဟုမိန့်တော်မူသည်။ ၎င်းသည် အသင်းတော်၌ ကြုံတွေ့နေရသောအရာဖြစ်သည်။ သူတို့သည် သေခြင်းတရားကို ရင်ဆိုင်နေကြရသောကြောင့်၊ သဘာဝအရ သူတို့၏အနာဂတ်ကို စိုးရိမ်ခဲ့ကြသည်။ ယောဟန်က ယေရှုသည် အကြွင်းမဲ့ ပိုင်သအုပ်စိုးသူ၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်သောအရှင်၊ အသက်ရှင်သောသူ၊ ကိုယ်တော်သည် ပထမနှင့်နောက်ဆုံးသောသူ၊ သေခြင်းတရားကို အောင်နိုင်သောသူဖြစ်သည်ဟု အလေးပေးဖော်ပြသည်၊ ထိုအချိန်က ဧကရာဇ်မင်းတစ်ပါးဖြစ်သည်ဟုယူဆရသူ နီရို သို့မဟုတ် ဒိုမီတီယန်—၎င်းကို ငြင်းခုံနေကြသည်—ရောမဧကရာဇ် မည်သူပင်ဖြစ်ပါစေ၊ ထိုဧကရာဇ်သည် ထိန်းချုပ်သူလော သို့မဟုတ် နိုင်ငံရေးအာဏာပိုင်များက ချုပ်ကိုင်သူလော။ သူတို့ မထိန်းချုပ်ကြပါ။ သခင်ယေရှုစိုးစံသည်၊ သခင်ယေရှုအုပ်ချုပ်ပါသည်။ လူတိုင်းသည် ကိုယ်တော်ကို ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်းသည် အခြေခံအားဖြင့် ဆင်းရဲဒုက္ခကြုံတွေ့နေသောအသင်းတော် အတွက် နှစ်သိမ့်မှုကျမ်း၊ ဖွဲလုံ့လရှိရန်တောင်းဆိုချက်၊ ယေရှုသည် အချုပ်အခြာအာဏာပိုင်၊ ဘုန်းကြီးသောသခင်ဖြစ်ကြောင်း ယုံကြည်ကိုးစားရန် တောင်းဆိုသည့်ကျမ်းဖြစ်သည်။ ကိုယ်တော်သည် မီးခွက်များအလယ်တွင် လမ်းလျှောက်နေသည်။ သူတို့သည် နှစ်သိမ့်မှုနှင့် ခိုင်ခံ့မှုရှိပြီး ကိုယ်တော်ကို ဆက်လက်မျှော်လင့်ကာ ယုံကြည်ကိုးစားသင့်သည်။
>
> **Dr Thomas R. Schreiner**

ကျွန်ုပ်တို့သည် ခရစ်တော်အကြောင်း ယောဟန်၏ဖော်ပြချက်ကို ဆန်းစစ်ပြီးနောက်၊ ယခု ဗျာဒိတ် ၂ နှင့် ၃ ပါအသင်းတော်ခုနစ်ပါးထံ ယေရှု၏စာစောင်များကို ကြည့်ကြပါစို့။

## အသင်းတော်ခုနစ်ပါးထံ ပေးသည့်စာစောင်များ

ခရစ်တော်သည် မျက်မှောက်ခေတ်တူရကီ၏အနောက်ခြမ်းဖြစ်သည့် အာရှမိုင်းနားတွင်ရှိသော အသင်းတော်ခုနစ်ပါးထံ စာစောင်များပေးပို့ခဲ့သည်။ ကိုယ်တော်သည် ပေးပို့သူကောင်းစွာပေးပို့နိုင်စေရန် စာစောင်များကိုအစီအစဉ်တကျ ရေးခဲ့သည်။ ကမ်းရိုးတန်းမြို့ဖြစ်သည့် ဧဖက်မြို့သို့ ဦးစွာရေး၍၊ ထို့နောက် မြောက်ဘက်ရှိ စမုရနမြို့၊ ထို့နောက် မြောက်ဘက်စွန်းရှိ ပေရဂံမြို့သို့ ရေးသားခဲ့သည်။ ထို့နောက် အရှေ့တောင်ဘက်ရှိ သွာတိရမြို့၊ ထို့နောက် သာဒိမြို့၊ ထို့နောက် ဖိလဒေလဖိမြို့၊ ထို့နောက် လောဒိကိမြို့များထံ စာစောင်များကို ရေးသားခဲ့သည်။ ဤစာစောင်များသည် ကောင်းကင်တရားခွင်၌

ယေရှုမိန့်ဆိုခဲ့သောနုတ်ကပတ်တော်များကို မှတ်တမ်းတင်ထားပြီး၊ အသင်းတော်များသည် နောက်ပိုင်း ရူပါရုံများကို နားလည်သဘောပေါက်ကာ တုံ့ပြန်နိုင်ရန် ကူညီခြင်းငှာ ပုံစံပြုထားသည်။

ယေဘူယျအားဖြင့်၊ ဤစာစောင်များသည် တူညီသောအခြေခံပုံစံအားလုံးကို လိုက်နာကြပြီး၊ အစီအစဉ်အနည်းငယ်ကွဲလွဲမှုများသာရှိသည်။ ဤပုံစံသည် ဓမ္မဟောင်းပရောဖက်ပြုချက်များနှင့် ဆင်တူသည့်အချက်များစွာပါရှိပြီး၊ ယောဟန်သည် ဤအသင်းတော်များတွင် ယေရှု၏ပရောဖက်အဖြစ် အမှုထမ်းနေကြောင်း ကျွန်ုပ်တို့ကို သတိပေးသည်။

ပထမ၊ စာစောင်တစ်ခုစီသည် အသင်းတော်တစ်ပါးစီ၏ ကောင်းကင်တမန်အား ဖော်ပြခြင်းဖြင့် စတင်သည်။ အချို့သော အနက်ပြန်သူများသည် ၎င်းကို အသင်းတော်တစ်ပါးစီအား ကိုယ်စားပြုသည့် လူသားတမန်များအဖြစ် မှတ်ယူကြသည်။ သို့သော် ကောင်းကင်ရူပါရုံ၏ ဤအခြေအနေတွင်၊ ၎င်းတို့ သည် ဒေသခံအသင်းတော်တစ်ပါးစီအတွက် ခရစ်တော်ပေးအပ်ထားသည့် ကောင်းကင်တမန်များ အမှန်တကယ်ဖြစ်နိုင်ချေ ပိုများသည်။ ဒုတိယ၊ ဗျာဒိတ် ၁ တွင် ခရစ်တော်၏အသွင်အပြင်မှ ထုတ်ယူ ထားသော ဖော်ပြချက်တစ်ခုရှိပြီး၊ စာစောင်နှင့်သက်ဆိုင်သည့် ယေရှု၏ဝိသေသလက္ခဏာကို အလေး ပေးဖော်ပြထားသည်။ တတိယ၊ ခရစ်တော်သည် ဤအသင်းတော်များနှင့် ၎င်းတို့၏အသက်တာ အသေးစိတ်ကိုသိကြောင်း ညွှန်ပြသောအသိပညာဆိုင်ရာ တောင်းဆိုချက်တစ်ခုရှိသည်။ စတုတ္ထ၊ ချီးမွမ်းခြင်းများနှင့် မကြာခဏ ဆုံးမခြင်းများအပါအဝင် အသင်းတော်အပေါ် အကဲဖြတ်မှုတစ်ခုရှိသည်။ ပဉ္စမ၊ အသင်းတော်အပေါ်ခရစ်တော်၏ အကဲဖြတ်ခြင်းတွင် ကောင်းချီးမင်္ဂလာပေးခြင်းနှင့် ကျိန်ခြင်း ဆိုင်ရာ ခြိမ်းခြောက်မှုများ ရောနှောလျက် ရှိနေသည်။ ဆဋ္ဌမ၊ အောင်မြင်သူတိုင်းသည် ထာဝရ ကောင်းချီးမင်္ဂလာများကို အမွေခံရမည်ဟု ကတိတော်ရှိသည်။ သတ္တမ၊ စာစောင်တစ်ခုစီတွင် ခရစ်တော်ကို နာခံရန် တိုက်တွန်းချက်တစ်ခုပါရှိသည်။

ဗျာဒိတ် ၂ နှင့် ၃ ပါစာစောင်များကြားရှိ တူညီမှုများသည် ဤအပိုင်းရှိ အဓိကအယူအဆများနှင့် ပတ်သက်၍ ကျွန်ုပ်တို့အားသတိပေးသည်။ ခရစ်တော်သည် ဤအသင်းတော်များ၏ ရှင်ဘုရင်အစစ် အမှန်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကိုယ်တော်သည် ၎င်းတို့၏လက်ရှိအခြေအနေများကို သိရှိပြီး၊ ၎င်းတို့အား အကဲဖြတ်ရန် အခွင့်အာဏာရှိသည်။ ကိုယ်တော်သည် ကောင်းချီးမင်္ဂလာများပေးပြီး သူတို့၏သစ္စာရှိမှုကို အားပေးအားမြှောက်ပြုရန် ကျိန်ခြင်းဖြင့်ခြိမ်းခြောက်ခဲ့သည်။ ထို့ပြင် ထာဝရ ကယ်တင်ခြင်းသည် စမ်းသပ်မှုများနှင့် စုံစမ်းနှောင့်ယှက်မှုများကို ကျော်ဖြတ်အောင်မြင်သူများအတွက် သာဖြစ်ကြောင်း သူတို့ကိုသတိပေးခဲ့သည်။ ဤအကြောင်းအရာများသည် ဗျာဒိတ်ကျမ်း၏အဓိက ကိုယ်ထည်တစ်လျှောက်တွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသည်မှာ အံ့သြစရာမဟုတ်ပါ။

> သခင်ယေရှုသည် အသင်းတော်ခုနစ်ပါးထံ ပေးသောစာစောင်ခုနစ်စောင်တွင်
> အသင်းတော်အနေဖြင့်လည်းကောင်း၊ ခရစ်ယာန်တစ်ဦးချင်းအနေဖြင့်
> လည်းကောင်း သူ့အပေါ်သစ္စာရှိရန်၊ နာခံမှုရှိရန်နှင့် ဆန့်ကျင်မှုများ
> မည်သို့ပင်ရှိနေပါစေ သစ္စာရှိစွာ ရပ်တည်နေကြရန် လိုလားခဲ့သည်။ ယခု
> အသင်းတော်ခုနစ်ပါးရှိသည်ကို သတိပြုပါ။ မှန်ပါသည်၊ စမုရနအသင်းတော်နှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖိလဒေလဖိအသင်းတော်နှစ်ပါးသည် သစ္စာရှိပြီး၊ ယေရှုသည် ဤနှစ်ပါးအတွက် ချီးမွမ်းခြင်းမှတပါး အခြားမရှိပါ။ ဧဖက်၊ ပေရဂံ၊ သွာတိရ၊ သာဒိယတို့သည် ချီးမွမ်းခြင်းကိုခံရသော်လည်း ရှုံ့ချခြင်းကိုလည်း ခံရသည်။ ထို့နောက် နံပါတ်ခုနစ်ပါးမြောက်သည် လောဒိကိအသင်းတော်ဖြစ်ပြီး၊ မိမိဖာသာပြည့်စုံ လုံလောက်သည့်အသင်းတော်ဖြစ်သောကြောင့် လောဒိကိအသင်းတော်အတွက် ချီးမွမ်းစကား မရှိပါ။
>
> **Dr Simon J. Kistemaker**

ဗျာဒိတ် ၂:၁-၇ တွင် ဧဖက်အသင်းတော်သို့ပေးသောစာစောင်ဖြင့်အစပြုပြီး၊ ဤစာစောင်တစ်ခုစီကို အတိုချုပ်၍ကြည့်ပါမည်။

**ဧဖက်။** ဤစာစောင်တွင်၊ ယောဟန်သည် ယေရှုအား လက်ယာလက်၌ ကြယ်ခုနစ်လုံးကို ကိုင်ဆောင်ကာ ရွှေမီးခွက်ခုနစ်လုံးကြားတွင် လမ်းလျှောက်သူအဖြစ် မိတ်ဆက်ပေးသည်။ ဤဖော်ပြချက်သည် ခရစ်တော်၏ဘုန်းတော်နှင့် တန်ခိုးတော်၏အလင်းကို အလေးပေးဖော်ပြခြင်းဖြစ်သည်။

သူတို့၏ရှင်ဘုရင်အဖြစ် ယေရှုသည် ဧဖက်မြို့ရှိအသင်းတော်နှင့်ပတ်သက်သော ရောထွေးသော အခြေအနေကို အကဲဖြတ်ချက်ပေးခဲ့သည်။ သူတို့သည် စစ်မှန်သောအယူဝါဒအတွက် ချီးမွမ်းထိုက်သော ဇွဲလုံ့လရှိကြပြီး၊ ဆိုးသွမ်းသောအပြုအမူကို သည်းမခံနိုင်ကြပါ။ သူတို့သည် ခရစ်ယာန်ယုံကြည်ချက်ကို မှားယွင်းသောအယူဝါဒနှင့် ရောနှောထားသော ကနဦးအယူမှားအုပ်စုဖြစ်သည့် နိကောလ၏တပည့်များ၏ကျင့်ထုံးများကို မုန်းတီးကြသည်ဟု အတိအကျပြောကြသည်။

သို့သော် ဧဖက်အသင်းတော်သည်လည်း ဝေဖန်မှုပြင်းထန်စွာခံရသည်။ ဗျာဒိတ်ကျမ်း၂:၄ တွင် သခင်ယေရှုက သူတို့၏ရှေ့ဦးစွာသော ချစ်ခြင်းမေတ္တာလျှော့နည်းခဲ့ကြောင်း၊ ခရစ်တော်နှင့် ကိုယ်တော်၏နိုင်ငံတော်အတွက် သူတို့၏စိတ်အားထက်သန်မှု ပျောက်ဆုံးခဲ့ကြောင်း ဆိုခဲ့သည်။ ထို့ကြောင့်၊ ခရစ်တော်က သူတို့သည် နောင်တမရ၊ ကနဦး၏စိတ်အားထက်သန်မှုမရှိပါက၊ သူတို့၏မီးခွက်ကို ဖယ်ရှားမည်ဖြစ်ကြောင်းဆိုခဲ့သည်—၎င်းသည် ကောင်းကင်ဘုံ၌ သူတို့၏ဂုဏ်အသရေအမှတ်သင်္ကေတဖြစ်သည်။ တစ်နည်းဆိုရသော်၊ သူတို့သည် ဆုံးမပဲ့ပြင်ခံရပြီး ဖျက်သိမ်းခြင်းပင်ဖြစ်နိုင်သည်။

**စမုရန။** ဗျာဒိတ် ၂:၈-၁၁ တွင် စမုရနအသင်းတော်ထံပေးသောစာစောင်ပါရှိသည်။ "အဦးဆုံးသောသူ၊ နောက်ဆုံးသောသူတည်းဟူသော၊ အရင်သေ၍ အသက်ရှင်လျက်ရှိသောသူ"အဖြစ် ယေရှုအား ဖော်ပြချက်ဖြင့် စတင်ထားသည်။ ဤဖော်ပြချက်တွင် ယေရှုအား အရာခပ်သိမ်းကို ဖန်ဆင်းသူအဖြစ်လည်းကောင်း၊ ဖန်ဆင်းခြင်း၏နောက်ဆုံးကြိမ်မှာ၏ဆုံမှတ်အဖြစ်လည်းကောင်း ဖော်ပြခဲ့သည်။

ဤသည်မှာ မှားယွင်းမှုအတွက် ဆုံးမခြင်းမပါဝင်သည့် စာစောင်နှစ်စောင်အနက်မှ တစ်ခုဖြစ်သည်။ ၎င်းသည် မယုံကြည်သူယုဒလူမျိုးများကြောင့် ပြင်းထန်သောညှဉ်းပန်းနှိပ်စက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့် စမုရနအသင်းတော်အတွက် စာနာမှုနှင့် နားလည်မှုအပေါ် လုံးဝအာရုံစိုက်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဥပမာ၊ ယေရှုသည် မေရှိယဖြစ်ကြောင်းပြောဆိုခြင်းသည် တရားဇရပ်များအား စတင်ကွဲပြားစေသည်ကို တမန်တော်ဝတ္ထုနှင့် အခြားသော ဓမ္မသစ်ကျမ်းများတွင် တွေ့နိုင်သည်။ ပေါလုသည် တရားစရပ်မှ နှင်ထုတ်ခံရသူများ၏ကြီးမားသော စံနမူနာဖြစ်သည်။ ဥပမာ၊ သူသည် ဇေက်မြို့သို့သွား၍ စာသင်ခန်းတစ်ခု၌ သွန်သင်ပေးသည်၊ သို့မဟုတ် ခရစ်ယာန်များသည် တရားဇရပ်၌စည်းဝေးမည့် အစား အိမ်ထောင်မိသားစုများ၌ စည်းဝေးနေကြသည်ကို ကျွန်ုပ်တို့မြင်တွေ့ရ သည်။ ထိုဆက်ဆံရေးကို အစောပိုင်းတွင် ဖိအားများစွာဖြစ်စေသည့်အရာ တစ်ခုမှာ ယေရှုသည် မေရှိယဖြစ်ကြောင်း အခိုင်အမာဆိုသည်သာမက၊ တစ်ပါးအမျိုးသားများပါ ဝင်ရောက်လာခြင်းဖြစ်သည်။ ခရစ်ယာန်ဘာသာ တရားနှင့်ပတ်သက်၍ ဟောပြောသူများသည် သခင်ယေရှုကို လူမျိုးအားလုံး၏ သခင်အဖြစ် ဟောပြောနေကြသည်ကို ကျွန်ုပ်တို့ စတင်တွေ့မြင်လာရသည်။ တစ်ပါးအမျိုးသားများ စတင်တုံ့ပြန်သည်ကို ကျွန်ုပ်တို့မြင်လာရသည်။ ထို့ကြောင့် အစားအသောက်ဆိုင်ရာပညတ်ချက်များနှင့် အရေဖျားလှီးခြင်း ဆိုင်ရာအမျိုးမျိုးသောအာရုံခံစားမှုများသည် ဖိအားများကို ပို၍တိုးလာစေသည်။ ဤတစ်ပါးအမျိုးသားများသည် ပညတ်တရားကို စောင့်ထိန်းမည်၊ မစောင့်ထိန်း မည်နှင့်စပ်လျဉ်း၍ ဂလာတိပြည်၌ ထိုသို့သော အငြင်းပွားမှုများ ပေါ်ပေါက်လာ သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဤဆက်ဆံရေးအပေါ် ဖိအားများစွာ သက်ရောက်နေသည့် အခြားအရာမှာ ၎င်းတို့နှစ်ဦးစလုံးသည် ရောမမြို့နှင့် ရောမ၏သြဇာအာဏာနှင့် သက်ဆိုင်နေခြင်းဖြစ်သည်။ ဥပမာအားဖြင့်၊ အသင်းတော်သည် အေဒီ ၇၀ တွင်ဖျက်ဆီးခံရကြောင်း ကျွန်ုပ်တို့သိပါသည်။ ထိုမတိုင်မီကပင်၊ ဆီဇာကို ယုဒလူမျိုးများတော်လှန်ခဲ့သောကြောင့်ဖြစ်သည်၊ ထို့ကြောင့် နောက်ဆက်တွဲအနေဖြင့် ယုဒလူမျိုးများသည် ၎င်းတို့မည်သူမည်ဝါ ဖြစ်သည်ကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရ သည်။ ၎င်းသည် မည်သည့်ပုံစံမျိုးရှိသင့်သည်ကို သူတို့ စတင်ဆွေးနွေးခဲ့ကြ သည်။ ၎င်းသည် ခရစ်ယာန်များနှင့် ယုဒလူမျိုးများကြား ခွဲခြားမှုကို ပို၍တိုးစေ သည်။

**Dr Greg Perry**

စမုရနမြို့ရှိ ယုဒလူမျိုးများသည် အသင်းတော်အတွက် ပြဿနာများဖန်တီးသော်လည်း၊ ယေရှု သည် မိမိ၏နောက်လိုက်များအား သစ္စာရှိရန်တိုက်တွန်းခဲ့ပြီး၊ သေခြင်းတရားကို အောင်နိုင်သောကြောင့် သူ့ကိုယုံကြည်ကိုးစားရန် သူတို့ကို အားပေးခဲ့သည်။

**ပေရဂံ။** ထို့နောက်၊ ခရစ်တော်သည် ဗျာဒိတ် ၂:၁၂-၁၇ တွင် ပေရဂံအသင်းတော်အား ဖော်ပြခဲ့ သည်။ ဤစာစောင်၌၊ ယောဟန်သည် ခရစ်တော်ကို "ထက်သောသန်လျက်ရှိသောသူ" အဖြစ် မိတ်ဆက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေးခဲ့သည်။ သခင်ယေရှု၏ နှုတ်ကပတ်တော်များသည် ထက်မြက်ပြီး၊ အမှားအမှန်ကို ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းရှိသည်။ အသင်းတော်အပေါ် ကိုယ်တော်၏အကဲဖြတ်မှုသည် အပြုသဘောနှင့် အပျက်သဘောနှစ်မျိုးလုံးဖြစ်သောကြောင့် ၎င်းသည် တိုက်ရိုက်သက်ဆိုင်ပါသည်။

ဗျာဒိတ် ၂:၁၃-၁၄ တွင် ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> သင်အကျင့်ကျင့်ခြင်းကို၎င်း၊ စာတန်၏ရာဇပလ္လင်ရှိရာ အရပ်တည်းဟူသော သင်၏နေရာအရပ် ကို၎င်း ငါသိ၏။ စာတန်၏ နေရာအရပ်၌ သင်တို့တွင် အသေသတ်ခြင်းကိုခံရသော အန္တိပသည် သစ္စာရှိ၍ ငါ့ဘက်၌သက်သေခံရသော နေ့ရက်ကာလတွင်ပင်၊ သင်သည်ငါ၏နာမကို စွဲကိုင်၏။ ငါ၏ယုံကြည်ခြင်းတရားကို မစွန့်မပယ်။ သို့သော်လည်း...သင်၌အနည်းငယ်သော အပြစ်တင်စရာရှိ၏ (ဗျာဒိတ် ၂း၁၃-၁၄)။

သခင်ယေရှုသည် သူ၏ချီးမွမ်းခြင်းကို ဆုံးမပြစ်တင်ခြင်းနှင့်ဖော်ပြခဲ့သည်_ အသင်းတော်သည် နိကောလ၏တပည့်များအပြင် ဗာလမ်နှင့်သက်ဆိုင်သည့် သွန်သင်ချက်များကို ငြင်းပယ်ရန် ပျက်ကွက်ခဲ့သည်။ ဤမိစ္ဆာဆရာများသည် လူများစွာအား မှားယွင်းသောအယူဝါဒကိုနှစ်သက်ခြင်းနှင့် အကျင့်ယိုယွင်းခြင်းသို့ ဦးတည်စေခဲ့သည်။ ထို့ပြင် သူတို့သည် နောင်တမရလျှင် အသင်းတော်ကို ဆုံးမပဲ့ပြင်မည်ဟု ခရစ်တော်သတိပေးခဲ့သည်။

**သွာတိရ။** သွာတိရအသင်းတော်ထံ ပေးသည့်စာစောင်အား ဗျာဒိတ် ၂:၁၈-၂၉ တွင်တွေ့ရသည်။ ဤတွင်၊ ယောဟန်သည် မီးလျှံကဲ့သို့သောမျက်စိနှင့်၎င်း၊ ကြေးဝါစစ်နှင့်တူသောခြေနှင့်၎င်း၊ သန့်စင်သောမီးအဖြစ်ယေရှုကို ဖော်ညွှန်းခဲ့သည်။ ဤဖော်ပြချက်သည် စာစောင်၏အကြောင်းအရာနှင့် တိုက်ရိုက်သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် သွာတိရအသင်းတော်အား သန့်စင်ရန် လိုအပ်သောကြောင့်ဖြစ်သည်။

ဗျာဒိတ် ၂:၁၉-၂၀ တွင်၊ သခင်ယေရှု ဤသို့ဆိုသည်_

> သင်အကျင့်ကျင့်ခြင်း၊ ချစ်ခြင်း၊ အမှုဆောင်ခြင်း၊ ယုံကြည်ခြင်း၊ သည်းခံခြင်းကို၎င်း နောက်ကျင့် သောအကျင့်တို့သည် အရင်ကျင့်သော အကျင့်ထက် သာ၍ များကြောင်းကို၎င်း ငါသိ၏။ သို့သော်လည်း၊ ငါ၏အစေခံကျွန်တို့သည် မတရားသော မေထုန်ကို ပြုစေခြင်းငှါ၎င်း၊ ရုပ်တုရှေ့မှာပူဇော်သော ယဇ်ကောင်ကို စားစေခြင်းငှါ၎င်း၊ ပရောဖက်မဟုတ်ဘဲ ကိုယ်ကိုခေါ်ဝေါ်သောသင်၏ခင်ပွန်း ယေဇဗေလသည် သွန်သင်၍ မှားယွင်းစေရသောအခွင့်ကို သင်သည်ပေးသောကြောင့်၊ သင်၌ အပြစ်တင်စရာရှိ၏ (ဗျာဒိတ် ၂း၁၉-၂၀)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖေက်မြို့ရှိအသင်းတော်နှင့်မတူဘဲ၊ သွာတိရယုံကြည်သူများသည် ခရစ်တော်အပေါ် ၎င်းတို့၏ ရှေ့ဦးစွာသော ချစ်ခြင်းမေတ္တာမလျော့နည်းခဲ့ပေ။ ယင်းအစား သူတို့၏ချစ်ခြင်းမေတ္တာသည် သာ၍တိုး လာခဲ့သည်။ သို့သော် "ယေဇဗေလ"ဟုယေရှု ချိုးနှိမ်စွာခေါ်သည့်ပရောဖက်မ၏ မှားယွင်းသောသွန်သင် ချက်ကို သူတို့သည်းခံခဲ့ကြသည်။

၁ နှင့် ၂ ဓမ္မရာဇဝင်ကျမ်းတွင် ထင်ရှားသော ဘုရင်မယေဇဗေလကဲ့သို့ပင်၊ ဤအမျိုးသမီးသည် လူတို့ကို လိင်အကျင့်ယိုယွင်းမှုနှင့် ရုပ်တုကိုးကွယ်ခြင်းသို့ သွေးဆောင်ခဲ့သည်—၎င်းသည် အာရှမိုင်းနား ရှိ အယူမှားဘာသာဝင်များအကြား နီးကပ်စွာဆက်စပ်နေသော အလေ့အထနှစ်ခုဖြစ်သည်။ ဤမှားယွင်း သောသွန်သင်ချက်များကို ငြင်းပယ်ပြီး၊ သူ့အပေါ်သစ္စာရှိရန် ဤအသင်းတော်ကို ယေရှုသတိပေးခဲ့သည်။

> ခံနိုင်ရည်ရှိပြီး ခရစ်တော်နှင့်တူမည်ဆိုပါက၊ ချစ်ခြင်းမေတ္တာနှင့် ဖွဲလုံ့လတို့သည် ခိုင်ခံ့သောအယူဝါဒနှင့် ဒွန်တွဲနေရန်လိုအပ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ အချို့သောလူများသည် ချစ်ခြင်းမေတ္တာနှင့် ဖွဲလုံ့လအတွက် စိတ်ပိုင်းဆိုင်ရာ ဆုကျေးဇူးရှိကြသည်၊ သို့သော် ဤခြောက်ဆယ့်ခြောက်ကျမ်းတွင် ကျွန်ုပ်တို့အား ဘုရားသခင်ပြောခဲ့သည့်အရာကို သေချာစွာနားလည်မှုမရှိပါက ထိုစိတ်ပိုင်း ဆိုင်ရာဆုကျေးဇူးသည် အလွယ်တကူဖောက်ပြန်နိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ အခြားတစ်ဖက်တွင်၊ လူအချို့သည် လေ့လာမှုအတွက် စိတ်ပိုင်းဆိုင်ရာ ဆုကျေးဇူးရှိကြပြီး၊ သူတို့သည် ဤအယူဝါဒက မည်သည့်အရာဆိုလိုသည်ကို နားလည်သိရှိလိုကြပြီး ချစ်ခြင်းမေတ္တာ ကင်းမဲ့နေကြသည်ဟု ကျွန်ုပ်ထင်ပါ သည်။ အကယ်၍ သူတို့သည် သတိမထားမိလျှင် ဘာသာရေးသမားဖြစ်သွား နိုင်ပါသည်။ သူတို့သည် မှန်ကန်သောအရာအားလုံးကို သိနိုင်သော်လည်း၊ ဘုရားသခင်နှင့်လူသားတို့အတွက် ချစ်ခြင်းမေတ္တာ၊ စိတ်အားထက်သန်မှု၊ ဖွဲလုံ့လစသည့် အစိတ်အပိုင်းမရှိလျှင် ၎င်းတို့သည် ပန်းတိုင်ပျောက်ကွယ်မည်မှာ သေချာပါသည်။
>
> **Dr Matt Friedeman**

> ယေရှုခရစ်အပေါ် ကျွန်ုပ်တို့၏ဖွဲလုံ့လနှင့် ချစ်ခြင်းမေတ္တာကို အဘယ်ကြောင့် စစ်မှန်သောကျမ်းစာအခြေခံအယူဝါဒနှင့် ပေါင်းစပ်ရန်လိုအပ်သနည်းဟူသော မေးခွန်းအပေါ် သုံးသပ်ရန် ကျွန်ုပ်တို့အတွက်အရေးကြီးပါသည်။ အမှန်စင်စစ်၊ ကျွန်ုပ်တို့သမ္မာတရားကို ရှင်းလင်းပြတ်သားစွာနားလည်ပြီး၊ စိတ်အားထက်သန်သည့်နှလုံးသားရှိသောအခါ၊ ဤအရာသည် မရှိမဖြစ် အလွန် အစွမ်းကြီးသော ပေါင်းစပ်မှုတစ်ခုဖြစ်သည်။ ယုဒလူမျိုးတို့၏ယုံကြည်ခြင်း ပန်းတိုင်များကို လိုက်လျှောက်ရာတွင် အလွန်စိတ်အားထက်သန်သော၊ ခရစ်တော်ကိုငြင်းပယ်သော ယုဒလူမျိုးအချို့အပေါ် တမန်တော်ပေါလု၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တုန့်ပြန်မှုကို ချက်ခြင်းပင်ကျွန်ုပ်၏စိတ်ထဲတွင် မြင်မိသည်၊ တမန်တော်က "ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း၊ ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်"ဟုဆိုသည်။ တစ်နည်းဆိုရသော်၊ သမ္မာတရားကို ရှင်းလင်းစွာ ဆုပ်ကိုင်ထားခြင်းဖြင့် အသိပေးခြင်း၊ ချည်နှောင်ကာလှုံ့ဆော်ပေးမှုမရှိခြင်းကြောင့် စိတ်အားထက်သန်မှုသည် အထင်ကြီးဖွယ်ကောင်းသော်လည်း လမ်းလွဲခဲ့သည်။ ဇွဲလုံ့လသည် ကျွန်ုပ်တို့ကား၏ဆီတိုင်ကီအတွင်းမှ လောင်စာဆီကဲ့သို့ဖြစ်ပြီး၊ အယူဝါဒများသည်စတီယာရင်ဖြစ်သည်။ သင်သည် လမ်းကြောင်းမှန်သို့ ဦးတည်မသွားပါက၊ လီဗာကိရိယာသည် အမှန်တကယ်အန္တရာယ်ရှိသော ကိရိယာတစ်ခုဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာတရားအတိုင်း လမ်းကြောင်းပေးသောဇွဲလုံ့လ ရှိရန်လိုအပ်ပြီး၊ ၎င်းသည် ကောင်းကျိုးအတွက် အလွန်အစွမ်းထက်သော တွန်းအားတစ်ခုဖြစ်လာသည်။

**Dr Glen Scorgie**

**သာဒိ။** သာဒိအသင်းတော်ထံပေးသည့်စာစောင်ကို ဗျာဒိတ် ၃:၁-၆ တွင် တွေ့ရသည်။ ဤနေရာတွင်၊ ယောဟန်သည် ယေရှု၌အစွမ်းတန်ခိုးနှင့် အခွင့်အာဏာအားလုံးရှိကြောင်း သာဒိအသင်းတော်အား သတိပေးရန်၊ ယေရှု၏လက်၌ရှိသော ဝိညာဉ်ခုနစ်ပါးနှင့် ကြယ်ခုနစ်လုံးတို့ကို ဖော်ပြခဲ့သည်။ ဤအသင်းတော်အပေါ် ကိုယ်တော်၏အကဲဖြတ်မှုသည် အလွန်ပြင်းထန်သောကြောင့် ယောဟန်သည် ယေရှု၏အခွင့်အာဏာကို အာရုံစိုက်ခဲ့သည်။

ဗျာဒိတ် ၃:၁-၃ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ_

> သင်သည် အသက်ရှင်ဟန်ရှိသော်လည်း သေလျက်နေသည်ကို ငါသိ၏။ မအိပ်ဘဲစောင့်၍နေလော့။ ကျန်ရစ်၍သေလုသောအရာတို့ကို ပြုစုလော့။ သင်၏အကျင့်သည် ငါ၏ဘုရားသခင်ရှေ့၌ မစုံမလင်ရှိသည်ကိုငါတွေ့ပြီ။...စောင့်၍မနေလျှင် သူခိုးကဲ့သို့သင်ရှိရာသို့ငါလာမည် (ဗျာဒိတ် ၃:၁-၃)။

သာဒိမြို့သည် ခိုင်ခံ့သောခံတပ်မြို့အဖြစ် အမည်ကျော်ကြားခဲ့သော်လည်း နှစ်ကြိမ်တိုင်တိုင် ရုတ်တရက်သိမ်းပိုက်ခံခဲ့ရသည်။ နောင်တမရပါက သာဒိအသင်းတော်တွင် အလားတူတစ်ခုခုလုပ်မည်ဖြစ်ကြောင်း ယေရှုသတိပေးခဲ့သည်။ သူခိုးကဲ့သို့လာ၍ ရုတ်တရက်တိုက်ခိုက်မည် ဖြစ်သည်။ သို့သော် သူ့အပေါ် သစ္စာတည်မြဲနေသူများအတွက် ခရစ်တော်က သန့်ရှင်းစင်ကြယ်ခြင်း၊ သက်သေထူခြင်းနှင့် ဆုလဒ်များကို ပေးမည်ဖြစ်သည်။

**ဖိလဒေလဖိ။** ဖိလဒေလဖိအသင်းတော်ထံသို့ပေးသော ယေရှု၏စာစောင်ကို ဗျာဒိတ် ၃:၇-၁၃ တွင်တွေ့ရသည်။ ဤစာစောင်တွင်၊ ယောဟန်သည် ယေရှုအား ဒါဝိဒ်၏သော့ကိုင်ဆောင်သူအဖြစ် မိတ်ဆက်ပေးခဲ့သည်၊ ဆိုလိုသည်မှာ ယေရှုသည် ဒါဝိဒ်၏နိုင်ငံတော်တံခါးများကို ဖွင့်ပေးနိုင်ပြီး အခြားသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

များမထွက်သွားစေရန် တံခါးများကို သော့ခတ်နိုင်သည်ဟု ဆိုလိုသည်။ ဤအသင်းတော်သို့ ယေရှု၏ စကားများသည် အပြုသဘောဆောင်သော်လည်း၊ ၎င်းတို့တွင် သွယ်ဝိုက်သောသတိပေးချက်လည်း ပါဝင်သည်။

ဗျာဒိတ် ၃:၈ တွင်၊ သူတို့ကို ဤအာမခံချက်ပေးခဲ့သည်_

> အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ၊ အကြောင်းမူကား၊ သင်သည်အနည်းငယ်သောခွန်အားရှိသည်နှင့်၊ ငါ၏နှုတ်ကပတ်ကို စောင့်ရှောက် ခဲ့ပြီ (ဗျာဒိတ် ၃:၈)။

ခရစ်တော်သည် ဤအသင်းတော်ရှေ့တွင် ရှင်းလင်းစွာတံခါးဖွင့်ထားပြီး၊ ၎င်းတို့အား ဝိညာဉ်ရေး အရကြီးထွားဖွံ့ဖြိုးရန် အတားအဆီးမရှိသော အခွင့်အရေးကို ပေးထားသည်။ ဤဖွင့်ထားသောတံခါးကို အသုံးပြုမည်ဆိုပါက၊ ခရစ်တော်သည် ၎င်းတို့၏ရန်သူများကို ၎င်းတို့၏ခြေ၌ဦးညွှတ်စေမည်ဖြစ်ပြီး၊ ဖိလဒေလဖိယုံကြည်သူများသည် ယေရုရှလင်မြို့သစ်ကို အမွေခံရမည်ဖြစ်သည်။ ထို့ပြင် သူတို့ပေါ်၌ ဘုရားသခင်၏အမည်နာမကို ရေးထိုးထားပြီး၊ သူတို့သည် သူ၏ထာဝစဉ်ပိုင်ဆိုင်သောအရာဖြစ်မည်ဟု အဓိပ္ပာယ်ဆောင်သည်။ သို့သော် သွယ်ဝိုက်သောအားဖြင့်၊ သူတို့သည် ဤအခွင့်အရေးကို အခွင့်ကောင်း မယူပါက၊ ဤကောင်းချီးမင်္ဂလာများကို ရရှိလိမ့်မည်မဟုတ်ပါ။

**လောဒိကိ။** ထို့နောက်၊ ဗျာဒိတ် ၃:၁၄-၂၂ တွင် လောဒိကိမြို့အသင်းတော်ထံပေးသော ယေရှု၏ စာစောင်ကိုတွေ့သည်။ ဤစာစောင်တွင်၊ ယောဟန်သည် ယေရှု၏နှုတ်ကပတ်တော်များအား အဆုံးစွန် သော အာမင်ဟုဆိုသည်၊ အကြောင်းမှာ ယေရှုသည် အကြွင်းမဲ့ယုံကြည်ထိုက်သော အခွင့်အာဏာရှင် ဖြစ်ကြောင်း ဆိုလိုသည်။ ယောဟန်သည် ယေရှုအား စစ်မှန်သော သစ္စာရှိသက်သေအဖြစ်လည်း ကောင်း၊ ဘုရားသခင်၏ဖန်ဆင်းခြင်းဆိုင်ရာအုပ်စိုးရှင်အဖြစ်လည်းကောင်း ဖော်ပြခဲ့သည်။ ဤဖော်ပြ ချက်သည် လောဒိကိယုံကြည်သူများအာရုံစိုက်စေရန် ပုံစံပြုထားခြင်းဖြစ်ပြီး၊ ၎င်းတို့၏အကဲဖြတ်မှု သည် အပျက်သဘောအလွန်ဖြစ်နေသောကြောင့်ဖြစ်သည်။

ဗျာဒိတ် ၃:၁၅-၁၆ တွင် ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> သင်၏အကျင့်ကို ငါသိ၏။ သင်သည် အေးမဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ ခြေင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့အေးမဟုတ်၊ အပူ မဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ (ဗျာဒိတ် ၃း၁၅-၁၆)။

လောဒိကိမြို့သည် ကောလောသဲနှင့် ဟေရာပိုလစ်မြို့ကြားရှိ ချမ်းသာသောမြို့ဖြစ်သည်။ ကောလောသဲနှင့် ဟေရာပိုလစ်မြို့နှစ်ခုစလုံးသည် အထူးရေပေးဝေမှုများကြောင့် ထင်ရှားသည်။ ကောလောသဲမြို့သည် တောင်ကျစမ်းရေတွင်းမှ အေးမြသောရေများရှိသည်။ ဟေရာပိုလစ်မြို့တွင် ရေပူ စမ်းများရှိသည်။ ဤရေနှစ်ခုစလုံးသည် အနာရောဂါကုသနိုင်သောအစွမ်းများရှိသည်ဟု ယူဆခဲ့ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့သော် လောဒိကိရှိရေသည် ကုသနိုင်စွမ်းမရှိဘဲ ပူနွေးနေသည်။ ယေရှုသည် ဝိညာဉ်ရေးဆိုင်ရာ အချက်တစ်ခုကို ဤရုပ်ပိုင်းဆိုင်ရာအမှန်တရားများမှ ထုတ်ယူခဲ့သည်_ လောဒိကိအသင်းတော်သည် ကြွယ်ဝချမ်းသာသော်လည်း၊ သူတို့၏ စည်းစိမ်ဥစ္စာသည် သူတို့၏ ဝိညာဉ်စွမ်းအားကို ဆုတ်ယုတ်စေခဲ့သည်။ ဤအသင်းတော်သည် နောင်တရရန်လိုအပ်သည်၊ သို့မဟုတ် ယေရှုသည် သူတို့ကို ငြင်းပယ်လိမ့်မည်။

> ဗျာဒိတ်ကျမ်း ၂ နှင့် ၃ သည် ဗျာဒိတ်ကျမ်း၏ အဓိကသော့ချက်ဖြစ်သည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အသင်းတော်အတွက် ကျင့်သုံးရန်အချက်များ၊ အသင်းတော်များအနေဖြင့်ထင်ရှားရမည့် လက္ခဏာများကို နည်းလမ်းများစွာဖြင့်ပေးသောကြောင့်ဖြစ်သည်။ အောင်မြင်သောသူဖြစ်သည့် အသင်းတော်တစ်ပါးစီအားပေးသော သတင်းစကားအဆုံးတွင် အထူးဖော်ပြချက်တစ်ခုကို တွေ့ရသည်— "အောင်မြင်သောအသင်းတော်" "အကြင်သူသည်အောင်မြင်၍" ဟူ၍ ဖော်ပြထားသည်။ ထို့ပြင် ၎င်းသည် ခံနိုင်ရည်ရှိရန်လိုအပ်မှုကိုလည်း သတိပေးသည်။ သို့သော် အခြားအကြောင်းအရာများလည်းရှိပါသည်၊ ထိုအခန်းကြီးနှစ်ခန်းကို အကြိမ်များစွာဖတ်ရှုရင်းတွေ့ရမည့် စကားလုံးများထဲမှ တစ်ခုမှာ နောင်တရရန် ဖြစ်သည်၊ သခင်ဘုရားခေါ်တော် မူသည့်အရာအပေါ် ပျက်ကွက်နေသော အသင်းတော်များသည် နောင်တရရန် ဖြစ်သည်။ ၎င်းမှာ သူတို့သည် ရှေ့ဦးစွာသော ချစ်ခြင်းမေတ္တာလျော့နည်းသွားခြင်း၊ ဂိုဏ်းဂဏအုပ်စု တစ်ခု သို့မဟုတ် အသင်းတော်အတွင်း မှားယွင်းသောအုပ်စုတစ်ခု၏ သွန်သင်ချက်များကိုလိုက်နာခြင်းဖြစ်ပြီး၊ ယင်းမှ နောင်တရရန်ဖိတ်ခေါ်ခြင်း လည်း ဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားသည် ထိုအခိုက်အတန့်တွင် ၎င်းတို့ကို သူ့ထံပြန်လှည့်လာရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ သို့သော် ကိုယ်တော်ကိုချစ်မြတ်နိုးသူများအား ဆက်လက်ချစ်မြတ်နိုးရန်နှင့် ဖွဲ့လုံလရှိသူများလည်း ယင်း၌ ဆက်လက်တည်မြဲနေရန်၊ ယုံကြည်ခြင်း၌ တည်ကြည်ရန်၊ အထူးသဖြင့် သခင်ဘုရားအားဝတ်ပြုကိုးကွယ်မှုကို သစ္စာစောင့်သိရန်လည်း နှိုးဆော်ထား သည်။

**Dr David W. Chapman**

ကျွန်ုပ်တို့သည် ခရစ်တော်၏ရူပါရုံကိုလေ့လာပြီးနောက်၊ ယခုဗျာဒိတ် ၄:၁–၁၆:၂၁ တွင်မှတ်တမ်းတင်ထားသော ယောဟန်၏အနာဂတ်ဖြစ်ရပ်များကိုကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အနာဂတ်ဖြစ်ရပ်များ

ဗျာဒိတ် ၄:၁-၂ အရ၊ ဤရူပါရုံသည် ကောင်းကင်ပလ္လင်တော်၌တည်ရှိပြီး၊ ယောဟန်၏ခေတ်ကာလအတွက် အနာဂတ်ဖြစ်ရပ်များကို ဖော်ပြသည်။ ၎င်းသည် အသင်းတော်အားလုံးကို အတူတကွဖော်ပြပြီး၊ အကောင်းနှင့်အဆိုး အင်အားစုများကြားရှိ ကြီးမားသော တိုက်ပွဲတစ်ခုအဖြစ် အနာဂတ်ကို အဓိကအာရုံစိုက်သည်။ ဤရူပါရုံသည် ယောဟန်၏မူလပရိသတ်များအား အပြစ်နှင့် စာတန်ကိုတိုက်ထုတ်ရာတွင် အစဉ်သစ္စာရှိစေခြင်းငှာ ခွန်အားပေးရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အနာဂတ်အောင်မြင်မှုမှာ သေချာသောကြောင့်ဖြစ်သည်။

အနာဂတ်ဖြစ်ရပ်များအကြောင်း ယောဟန်၏ရူပါရုံနှင့်ပတ်သက်၍ ပထမဆုံးသတိပြုသင့်သည်မှာ ၎င်းတွင်သေးငယ်သောအခန်းဆက် ရူပါရုံလေးခုပါဝင်သည်_တံဆိပ်ခုနစ်ခု၊ တံပိုးခုနစ်ခု၊ နိမိတ်လက္ခဏာခုနစ်ခု၊ ဖလားခုနစ်လုံး တို့ဖြစ်သည်။ အချို့သော အနက်ပြန်သူများသည် ခေတ်ကာလသမိုင်းများကိုပုံဖော်သကဲ့သို့ ဤအခန်းဆက်သင်ခန်းစာများကို ခုနှစ်သက္ကရာဇ်စဉ်အတိုင်းဖတ်သင့်သည်ဟု ယုံကြည်ကြသည်။ သို့သော် ယောဟန်သည် ထိုသို့ဖြစ်ကြောင်း တစ်ခါမျှမဖော်ပြခဲ့ပါ။

တစ်ချက်အနေဖြင့်၊ ဤအခန်းဆက်ဆောင်းပါးများကို အတူတကွဆက်စပ်ထားသော ယာယီအမှတ်အသားများသည်—"ထိုနောက်မှ" ကဲ့သို့သော စကားစုများ—ရူပါရုံများတွင် တွေ့ရသော အဖြစ်အပျက်များကိုပြသခြင်းမဟုတ်ဘဲ၊ ရူပါရုံအစီအစဉ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

နောက်တစ်ခုအနေနှင့်၊ အခန်းဆက်သင်ခန်းစာတစ်ခုထက်ပို၍ ဖော်ပြထားသော ဤရူပါရုံများတွင် ထူးခြားသောသမိုင်းဖြစ်ရပ်များစွာ ရှိသည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့၏သင်ခန်းစာသည် "ပြန်လည်ဖော်ပြခြင်း"ဟုခေါ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာရှုထောင့်ကို လက်ခံပါမည်။

ယေဘူယျအားဖြင့်ပြောရလျှင်၊ ပြန်လည်ဖော်ပြခြင်းသည် နောက်ပိုင်းကျမ်းပိုဒ်အနေဖြင့် အစောပိုင်းကျမ်းပိုဒ်ကိုပြန်လည်ဖော်ပြသည့်အခါ ဖြစ်ပေါ်သည်။ ၎င်းသည် ဗျာဒိတ်ကျမ်းနှင့် သက်ဆိုင်သည်နှင့်အမျှ၊ ဤအသုံးအနှုန်းသည် ရူပါရုံတစ်ခုစီတွင် ခရစ်တော်၏ပထမနှင့်ဒုတိယကြွလာခြင်းကြားရှိ အချိန်ကာလတစ်ခုလုံးကို ဖော်ပြသည့်အယူအဆကို အထူးသဖြင့်ရည်ညွှန်းသော်လည်း၊ ယင်း၏ထူးခြားသော အသေးစိတ်အချက်များနှင့် အလေးပေးဖော်ပြသည်။

ပြန်လည်ဖော်ပြခြင်းသည် သမ္မာကျမ်းစာပရောဖက်ပြုချက်တွင် အမှန်တကယ်အလွန်အသုံးများသည်။ ဓမ္မဟောင်းပရောဖက်များသည် ကွဲပြားသောကျမ်းပိုဒ်များတွင် တူညီသောဖြစ်ရပ်များကို ဖော်ပြသည့် ဤနည်းလမ်းကို မကြာခဏအသုံးပြုကြသည်။ ယေရမိ ၃၀ နှင့် ၃၁ တွင် ဣသရေလအမျိုး၏ ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ယေရမိ၏ပရောဖက်ပြုခဲ့ပုံနှင့် အလွန်တူညီသောပုံသဏ္ဍာန်ဖြင့် ပြန်လည်ဖော်ပြခြင်းကို တစ်ခါတစ်ရံအသုံးပြုသည်ကို တွေ့ရသည်။
မေရှိယကြွလာခြင်းအကြောင်းကို ဟေရှာယ ၉ နှင့် ၁၁ တွင်ဟေရှာယပြောဆိုသကဲ့သို့၊ အခြားအချိန်များတွင် ပြန်လည်ဖော်ပြခြင်းသည် တူညီသောဖြစ်ရပ်များကိုဖော်ပြရန် ကွဲပြားသောပုံသဏ္ဍာန်ကို အသုံးပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟောရှေ ၉-၁၄ တွင် ဣသရေလလူတို့ကို ဘုရားသခင် ပေးခဲ့သော စီရင်မှုများတွင်လည်း အလားတူအရာကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ထို့ပြင် နောက်ထပ် ဥပမာများလည်း များစွာရှိသေးသည်။ ထို့ကြောင့်၊ ယောဟန်သည် ဗျာဒိတ်ကျမ်းတွင် ဤနည်းပညာကို အသုံးပြုသောအခါ၊ သူသည် သူ၏ သတင်းစကားကို ဖော်ပြရန်အတွက် ထင်ရှားသော သမ္မာကျမ်းစာရိုးရာနည်းဗျူဟာကို အသုံးပြုခဲ့သည်။

ယောဟန်သည် တူညီသော အဖြစ်အပျက်များကို မတူညီသော ရှုထောင့်များမှဖော်ပြနေသည်ဟု အခိုင်အမာအကြံပြုထားသည့် ရူပါရုံများတွင် သဲလွန်စများစွာရှိသည်။ ဥပမာ၊ ယောဟန်၏ရူပါရုံများက နောက်ဆုံးတရားစီရင်ခြင်းအား သုံးကြိမ်ခွဲခြားထားမည့်အကြောင်းကို ရည်ညွှန်းသည်။

တံဆိပ်ခုနစ်ခုရူပါရုံ၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဗျာဒိတ်ကျမ်း ၆:၁၂-၁၇ တွင် နေသည်မည်း သွားသည်၊ လသည်သွေးကဲ့သို့ဖြစ်သည်၊ ကြယ်များသည်မြေပေါ်သို့ကျပြီး၊ မြေကြီးပေါ် ရှိလူတိုင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းမှ ပုန်းရှောင်နေကြသည်။ တံပိုးခုနစ်ခုရူပါရုံ၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဗျာဒိတ် ၁၁:၁၅ တွင်၊ ကောင်းကင်ဘုံ၌ကြီးသော အသံတို့က၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံ ဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်" ဟုပြောဆိုကြသည်။ ဗျာဒိတ်ကျမ်း ၁၅:၁ တွင်၊ ဖလားခုနစ်လုံး၏ရူပါရုံ၏တစ်စိတ်တစ်ပိုင်းဖြစ်သော ဖလားခုနစ်လုံးသွန်းလောင်းသောအခါ၊ ဘုရားသခင်၏အမျက်တော်သည်ပြီးဆုံးလိမ့်မည်ဟု ပြောထား သည်။

ဤကျမ်းပိုဒ်တစ်ခုစီသည် ခရစ်တော်ပြန်ကြွလာခြင်းနှင့် မြေကြီးပေါ် ရှိ ဘုရားသခင်၏ နောက်ဆုံးတရားစီရင်ခြင်းတို့နှင့် ဆက်စပ်နေသည့် အဖြစ်အပျက်များကို ဖော်ပြသည်။ သို့သော် ရူပါရုံတစ်ခုစီတွင် နောက်ဆုံးတရားစီရင်ခြင်းမတိုင်မီတွင်ဖြစ်ပျက်မည့် အခြားအသေးစိတ်အချက် အလက်များလည်း ပါဝင်သည်။ ဤအကြောင်းကြောင့်၊ ခရစ်တော်မကြွလာမီ ဘုရားသခင်၏နိုင်ငံတော် သမိုင်းတစ်ခုလုံး၏ ထင်ရှားသောဖော်ပြချက်တစ်ခုအဖြစ် ရူပါရုံတစ်ခုစီတိုင်းကို ဖတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ထင်ပါသည်။

ပြန်လည်ဖော်ပြခြင်းသည် ယုံကြည်သူများကြား ကျယ်ပြန့်သောရှုထောင့်ဖြစ်သော်လည်း၊ အချို့ သည်ဗျာဒိတ်ကျမ်းကို ဤနည်းဖြင့် အဓိပ္ပာယ်မဖွင့်သည်ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ ထို့ကြောင့် ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ပြန်လည်ဖော်ပြခြင်းရှုထောင့် နှင့် အလွန်နီးကပ်စွာ ဆက်စပ်နေမည်မဟုတ်ပါ။ သို့တိုင်၊ ၎င်းသည် အနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ယောဟန်၏ရူပါရုံဆိုင်ရာစာပေဖွဲ့စည်းပုံအပြင်၊ ထိုရူပါရုံ၏အကြောင်းအရာတို့ကို အကောင်းဆုံး အဓိပ္ပါယ်ရှိစေသည်ဟု ခရစ်ယာန်ဆရာအများစုကယုံကြည်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုသင့်သည်။

ကျွန်ုပ်တို့မြင်ခဲ့ရသည့်အတိုင်း၊ အနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ယောဟန်၏ရူပါရုံကို အဓိကအပိုင်းလေးပိုင်း ပိုင်းခြားထားသည်။ တံဆိပ်ခုနစ်ခု၊ တံပိုးခုနစ်ခု၊ ပုံဆောင်နိမိတ်လက္ခဏာခုနစ်ခု နှင့် ဖလားခုနစ်လုံးရူပါရုံများဖြစ်သည်။ ဗျာဒိတ် ၄:၁–၈:၁ တွင်တွေ့ရသော တံဆိပ်ခုနစ်ခုမှအစပြု၍၊ ရူပါရုံတစ်ခုစီကို ကျွန်ုပ်တို့လေ့လာပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## တံဆိပ်ခုနစ်ခု

တံဆိပ်ခုနစ်ခုရူပါရုံတွင် ဗျာဒိတ်ကျမ်း ၄ နှင့် ၅ ၌ဘုရားသခင်၏ကောင်းကင်ဘုံပလ္လင်ဖော်ပြချက်မှ အစပြုသော အဓိကအပိုင်းနှစ်ပိုင်းပါဝင်သည်။ ဤအပိုင်းတွင် တံဆိပ်ခုနစ်ခုပါသော အရေးကြီးသော ကျမ်းလိပ်ကိုပြသပြီး၊ အခန်း ၆-၈ တွင် ထိုတံဆိပ်များကိုဖွင့်ရန် ကာလကိုသတ်မှတ်ထားသည်။

ဗျာဒိတ် ၄:၁-၁၁ သည်ဘုရားသခင်၏ ကောင်းကင်ပလ္လင်မြင်ကွင်းကိုဖော်ပြထားပြီး၊ ယေဇကျေလ ၁၊ ဟေရှာယ ၆ နှင့် အခြားသော ဓမ္မဟောင်းကျမ်းပိုဒ်များရှိ ရူပါရုံများနှင့် ဆင်တူသည်။ ယောဟန်ဖော်ပြခဲ့သော အသေးစိတ်အချက်လေးချက်အပါအဝင်—ဘုရားသခင်သည် သူ၏ပလ္လင်ပေါ်တွင်ထိုင်နေပြီး၊ ကောင်းကင်ရှိသတ္တဝါများက ကိုးကွယ်နေပါသည်။ သတ္တဝါလေးပါးသည် အတောင်ခြောက်ခုစီရှိ၍ မျက်လုံးများဖြင့် ဖုံးအုပ်ထားသည်။ သို့သော် သူတို့၌မတူညီသော အသွင်အပြင်များရှိသည်။ ပဌမသတ္တဝါသည် ခြင်္သေ့နှင့်တူ၏။ ဒုတိယ သတ္တဝါသည် နွားသငယ်နှင့်တူ၏။ တတိယသတ္တဝါသည် လူမျက်နှာရှိ၏။ စတုတ္ထသတ္တဝါသည် ပျံလျက်ရှိသော ရွှေလင်းတနှင့်တူသည်။ သူတို့သည် ဘုရားသခင်ကိုချီးမွမ်းသည့် မြေကြီးပေါ် ရှိ သတ္တဝါအားလုံးကို ကိုယ်စားပြုနေသည်။

ယောဟန်၏ရူပါရုံသည် ဓမ္မဟောင်းကာလသရေလတစ်ဆယ့်နှစ်မျိုးနှင့် ဓမ္မသစ်တမန်တော်ဆယ့်နှစ်ပါးတို့၏အရေတွက်ဖြစ်နိုင်သော ဘုရားသခင့်ပလ္လင်တော်ပတ်လည်ရှိ အသက်ကြီးသူနှစ်ဆယ်လေးပါးတို့ကိုလည်း ပြသခဲ့သည်။ ဤအသက်ကြီးသူများသည် သမိုင်းတစ်လျှောက်တွင် ဘုရားသခင်၏လူများကို အမှတ်သင်္ကေတပြုခဲ့သည်။ သတ္တဝါလေးပါးတို့သည် ဘုရားသခင်ကိုချီးမွမ်းသည့်အခါတိုင်း၊ အသက်ကြီးသူတို့သည်ပြပ်ဝပ်လျက် ကိုယ်တော်၏ဘုန်းအာနုဘော်နှင့် အခွင့်အာဏာကိုအသိအမှတ်ပြုကာ အစေခံခြင်း၊ နာခံမှုနှင့် ရိုသေမှုတို့ကိုပေးပါမည်ဟု ကတိပြုကြသည်။ အသက်ကြီးသူများအပြင် ဘုရားသခင်အားချီးမွမ်းခြင်းကို တိုးပွားစေပြီး၊ ဘုရားသခင်၏ သိုးသငယ်ကိုလည်း ချီးမွမ်းကြသည့် ကောင်းကင်တမန်အမြောက်အမြားရှိသည်။

ဤမြင်ကွင်းတွင် ဓမ္မဟောင်း၏တဲတော်နှင့် ဗိမာန်တော်အကြောင်း ဖော်ပြချက်များမှ ပုံရိပ်များစွာပါရှိသည်_ပလ္လင်တော်ရှေ့၌ ထွန်းတောက်လျက်ရှိသော မီးခွက်များ၊ ဘုရားသခင့်လူမျိုး၏ဆုတောင်းချက်များကိုပုံဖော်သည့် နံ့သာပေါင်း၊ ဓမ္မဟောင်း၏ကြေးဝါအင်တုံထက် သာ၍စုံလင်သော ဖန်ရေကန်၊ လေဝိသီချင်းဆိုသူများ ပူဇော်သော သီချင်းများကဲ့သို့ ချီးမွမ်းသီချင်းများ ရှိသည်။ ဤအမှတ်သင်္ကေတက ကိုယ်တော်သည် စကြဝဠာတစ်ခုလုံးကိုအုပ်စိုးပြီး ကောင်းကင်ပလ္လင်မှ တရားစီရင်မှုများကို ပြုလုပ်သည်ကို ယောဟန်သည်ရှု့မြင်ကြောင်း ဖော်ပြသည်။ ထိုရူပါရုံသည် အလွန်အရေးကြီးသည့်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းကြောင်း ယောဟန်၏စာဖတ်သူများကို ဖော်ပြသည်။

ဗျာဒိတ် ၅:၁-၁၄ တွင် ကောင်းကင်ရူပါရုံကို ဆက်လက်ဖော်ပြခဲ့သည်။ ဘုရားသခင်သည် လောက၏ကြံမှာကိုကိုယ်စားပြုသည့်သူ၏အစီအစဉ်ပါသော ကျမ်းလိပ်တစ်ခုကို လက်ျာလက်၌ ကိုင်ဆောင်ထားသည်။ သို့သော် ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၌မည်သူမျှ ကျမ်းလိပ်ကိုဖွင့်ရန် မတတ်နိုင်ပါ။ တစ်နည်းဆိုရသော်၊ မည်သူမျှ ကိုယ်တော်၏အကြံအစည်ကို မပြီးမြောက်စေနိုင်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုဒအမျိုး၏ခြင်္သေ့သည် တံဆိပ်ခုနစ်ခုကိုဖွင့်ပြီး ကျမ်းလိပ်ကိုဖတ်လိမ့်မည်ဟု အသက်ကြီးသူတစ်ဦးမှ ယောဟန်အားပြောကြားခဲ့သည်။

ယုဒအမျိုး၏ခြင်္သေ့ကိုရည်ညွှန်းချက်အားကမ္ဘာဦးကျမ်း ၄၉:၉-၁၀ မှထုတ်နှုတ်ထားပြီး၊ ဤသို့ ကျွန်ုပ်တို့ဖတ်ရသည်_

> ယုဒသည် ခြင်္သေ့ပျိုဖြစ်၏။... ရာဇလှံတံသည် ယုဒထံမှငင်း၊ မင်းအာဏာသည် သူ၏အမျိုး အနွယ်ထံမှငင်း မရွေ့ရ (ကမ္ဘာဦး ၄၉:၉-၁၀)။

ဤပရောဖက်ပြုချက်က ယုဒသည် ဣသရေလအနွယ်များကို အုပ်စိုးမည်ဖြစ်ပြီး၊ နောက်ဆုံးတွင် လောကတစ်ခုလုံးကို အုပ်စိုးမည့်ဘုရင်တစ်ပါး ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း ဖော်ပြသည်။

သို့သော် ယောဟန်သည်ကြည့်ရှုသောအခါ၊ ယုဒအမျိုးမှခြင်္သေ့သည် အသေသတ်ခြင်းကိုခံရသော သိုးသငယ်ကဲ့သို့ဖြစ်သည်ကို တွေ့ရ၍ အံ့သြသွားသည်။ မှန်ပါသည်၊ သိုးသငယ်သည် ခရစ်တော်ပင်ဖြစ်သည်။ သူသည်ယုဒအမျိုးအနွယ်၊ ဣသရေလ၏ရှင်ဘုရင် ဖြစ်သည်။ ယောဟန် ၁:၂၉ တွင် ဖတ်ရသကဲ့သို့၊ သူသည် အပြစ်ဖြေရာယဇ်အဖြစ် မိမိကိုယ်ကိုစွန့်သော သိုးသငယ်ဖြစ်သည်။ ကျမ်းလိပ်ကို ဖွင့်ရန် ယေရှု၏စွမ်းရည်က ဘုရားသခင်သည် ဤလောကအတွက် သူ၏အကြံအစည်အားလုံးကို ပြီးမြောက်စေမည့်သူဖြစ်ကြောင်း ဖော်ပြသည်။

> ဗျာဒိတ် ၅ ကိုကြည့်သောအခါ၊ ခြင်္သေ့နှင့်သိုးသငယ်ကဲ့သို့သော ယေရှု၏ ပုံသဏ္ဍာန်ကိုတွေ့ရသည်။ ဤပုံဆောင်ချက်သည် မည်သည့်နေရာမှ လာသနည်း။ ၎င်းနှင့်ပတ်သက်၍ ဦးဆုံးသတိပြုသင့်သည်မှာ ၎င်းသည် ပရောဖက်ပြုချက်ဆိုင်ရာနောက်ခံဖြစ်ပြီး၊ ယေရှုနှင့်ပတ်သက်၍ ယောဟန်သည်ကျွန်ုပ်တို့ကို ပေးသည့်ပရောဖက်ပြုချက်ဆိုင်ရာပုံဆောင်ချက်ဖြစ်သည်။ ဓမ္မဟောင်းနောက်ခံ ကို ကြည့်သောအခါ၊ ၎င်းတို့သည် အလွန်ကြွယ်ဝသော အကြောင်းအရာများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ၊ ခြင်္သေ့သည်ယုဒအမျိုးနှင့် ဆက်စပ်နေကာ ကမ္ဘာဦးကျမ်း ၄၉ တွင်ယုဒသည် ခြင်္သေ့ပျိုဖြစ်မည်ဖြစ်ပြီး၊ ရာဇလှံတံသည် ယုဒအမျိုးတွင် အစဉ်တည်မည့်အကြောင်း၊ ထိုသူသည် ညီအစ်ကိုအားလုံးအပေါ် အုပ်စိုးမည့်သူဖြစ်ကြောင်း ပရောဖက်ပြုထားသည်။ ၎င်းသည် အောင်မြင်ခြင်း၏ အမှတ်သင်္ကေတ၊ အလွန်တန်ခိုးကြီးသော ခြင်္သေ့အမှတ်သင်္ကေတဖြစ်သည်။ သိုးက မည်သည့်နေရာမှ လာသနည်း။ လူများအတွက်နှင့် အပြစ်ခွင့်လွှတ်ခြင်း အတွက်သတ်သော ဓမ္မဟောင်းပသခါသိုးသငယ်ကို ကျွန်ုပ်တို့ကြည့်ရှုနိုင်ပါသည်။ ထို့ပြင် ၎င်းကိုဟေရှာယ ၅၃ ၏ဆင်းရဲဒုက္ခခံသည့်ကျွန်၊ ထိုးဖောက်ခြင်း၊ အသေသတ်ခြင်းခံရန် ယူဆောင်သွားသောသိုးသငယ်နှင့်လည်း ဆက်စပ်နိုင်သည်။ ထို့ကြောင့် ယောဟန်သည် ယေရှုမည်သူမည်ဝါဖြစ်သည်ကို ရှုထောင့်ပေါင်းစုံမှ ပုံသဏ္ဍာန်ဖန်တီးရာတွင် ဤပုံသဏ္ဍာန်နှစ်ခုကို ကျွန်ုပ်တို့အတွက်

ပေးခဲ့သည်။ ကိုယ်တော်သည် ခြင်္သေ့နှင့် သိုးသငယ်ဖြစ်သည်။ ကိုယ်တော်သည် အသေခံသိုးသငယ်ဖြစ်သော်လည်း၊ ထိုအသေခံသိုးသငယ်သည် အောင်နိုင်သူဖြစ်သည်။ ဗျာဒိတ် ၅ တွင် သူ၌ချိုခုနစ်ချောင်းရှိသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် သိုးသငယ်၏ပုံသဏ္ဍာန်သည် အားနည်းသော၊ ဖျက်ဆီးခံရသော၊ နောက်တဖန်မထနိုင်သောသိုးသငယ်မဟုတ်ဘဲ၊ ယုဒလူမျိုး၏ခြင်္သေ့ အောင်မြင်သောသိုးသငယ်ဖြစ်ပြီး၊ ယုဒအယူဝါဒတွင် မေရှိယမျှော်လင့်ချက်များနှင့် ယင်းအယူအဆများ ဆက်စပ်မှု ရှိခဲ့သည်။ ထို့ပြင်ယောဟန်က ဤပုံဆောင်ချက်များ၊ ပုံသဏ္ဍာန်များ၏အစစ်အမှန်များသည် ယေရှု၌မည်သို့ ပြည့်စုံသည်ကို ကျွန်ုပ်တို့အား ဖော်ပြသည်။

**Dr Brandon Crowe**

ကမ္ဘာဦးကျမ်း ၄၉ တွင် ယုဒအနွယ်ရှိ ခြင်္သေ့အကြောင်းပြောထားပြီး၊ ဇေရ ၄ နှင့် အခြားနေရာများတွင်ဖော်ပြသကဲ့သို့ ၎င်းသည် ယုဒလူမျိုးတို့၏မျှော်လင့်ချက်၊ စစ်တိုက်သည့် အောင်မြင်သောခြင်္သေ့ကို ရည်ညွှန်းသည်။ ထို့ကြောင့် ယောဟန်သည် ယုဒအမျိုးမှ ဤအောင်မြင်သောခြင်္သေ့အကြောင်းကို ကြားသည်။ သို့သော် သူပြန်ကြည့်သောအခါ၊ သူမြင်ရသည်မှာ တန်ခိုးကြီးပြီး အောင်မြင်သော ခြင်္သေ့၏ပကတိဆန့်ကျင်ဘက်ဖြစ်သည်။ သူသည် အစွမ်းအစအနည်းဆုံး သတ္တဝါဟု သတ်မှတ်ခံထားရသော အသေခံရာ သိုးသငယ်ကိုမြင်သည်။ ၎င်းက သခင်ယေရှုသည် အစဉ်အလာသဘောအရ တန်ခိုးပြခြင်းအားဖြင့်မဟုတ်ဘဲ၊ အထူးသဖြင့်လက်ဝါးကပ်တိုင်တွင် အသေခံခြင်းဖြင့် အောင်မြင်ခဲ့သည်ဟူသော ဓမ္မသစ်ကျမ်းတစ်လျှောက် ကျွန်ုပ်တို့ရရှိထားသောဧဝံဂေလိတရား၏ အဓိကအချက်ကို ပြန်လည်ပေးပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် အားနည်းခြင်း၌ပြီးပြည့်စုံစေသည်။ ဘုရားသခင်၏ဘုန်းတော်သည် ထင်ရှားသည်။ ဘုရားသခင်၏အောင်မြင်ခြင်းသည် ယေရှု၏ဆင်းရဲဒုက္ခတွင် ထင်ရှားသည်။

**Dr Craig S. Keener**

တံဆိပ်ခုနစ်ခုရှုပါရုံ၏ဒုတိယအပိုင်းသည် ဗျာဒိတ် ၆:၁–၈:၁ တွင် တံဆိပ်များကိုယ်တိုင်ဖွင့်ခြင်းဖြစ်သည်။ ၎င်းသည် တံဆိပ်ခြောက်ခုကိုဖွင့်ခြင်း၊ ၎င်းနောက်ကြားဖြတ်ကာလတစ်ခု၊ ထို့နောက် သတ္တမတံဆိပ်ဖွင့်ခြင်းကို ဖော်ပြထားသည်။

ပထမတံဆိပ်လေးခုသည် ကမ္ဘာပေါ်သို့ဘေးဆိုးများကို သယ်ဆောင်လာသည့် နောက်ဆုံးသော ကာလဆိုင်ရာထင်ရှားသော မြင်းစီးသူလေးဦးကို လွှတ်ပေးခဲ့သည်။ မြင်းစီးသူလေးဦး၏ပုံသဏ္ဍာန်ကို

ဇာခရိ ၆ မှထုတ်ယူထားပြီး၊ အရောင်တူမြင်းများသည် ကောင်းကင်နိုင်ငံ၏ဝိညာဉ်လေးပါးဖြစ်သည်။ ပထမတံဆိပ်ကိုဖွင့်သောအခါ မြင်းဖြူစီးသူသည် လူမျိုးတို့အပေါ် အောင်မြင်သည်။ ဒုတိယတံဆိပ်သည် သတ်ဖြတ်ခြင်းကို ကိုယ်စားပြုသည့် အနီရောင်မြင်းစီးသူအား ခေါ်ဆောင်လာသည်။

စစ်ပွဲသည် အထင်ရှားဆုံး သတ်ဖြတ်မှုပုံစံဖြစ်သော်လည်း၊ ဤပုံဆောင်ချက်သည် အခြားလူသတ်ခြင်းပုံစံများကို ခြုံလွှမ်းထားသည်အထိ ကျယ်ပြန့်ပါသည်။ တတိယတံဆိပ်သည် ငတ်မွတ်ခေါင်းပါးမှုကို ကိုယ်စားပြုသည့် မြင်းနက်စီးသူအား ခေါ်ဆောင်လာသည်။ စတုတ္ထတံဆိပ်သည် မြင်းမွဲဖြစ်၍ ဓား၊ အငတ်ဘေး၊ အနာရောဂါနှင့် သားရဲတိရစ္ဆာန်များအားဖြင့် သေခြင်းတရားကို ကိုယ်စားပြုသော မရဏအမည်ရှိ မြင်းစီးသူတစ်ဦးကိုခေါ်ဆောင်လာသည်။ ဤဘေးဆိုးများသည် ကြောက်မက်ဖွယ်ကောင်းသကဲ့သို့ မြေကြီး၏လေးပုံတစ်ပုံထိခိုက်ခဲ့သည်။ အများစုသည် ဘုရားသခင်၏တရားစီရင်ခြင်းမှ လွတ်မြောက်ခဲ့ကြသည်။

ပဉ္စမတံဆိပ်ကိုဖွင့်သောအခါ၊ ယောဟန်သည် ကောင်းကင်ဘုံ၌ရှိသော ယုံကြည်သူမာတုရများ၏ ဝိညာဉ်များကို မြင်သည်။ ဤသန့်ရှင်းသူများသည် ဘုရားသခင်နှင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကို သစ္စာစောင့်သိသောကြောင့် အသေသတ်ခြင်းခံခဲ့ကြရသည်။ သူတို့အားသတ်သောသူများကို အပြစ်ပေးရန်ဘုရားသခင်ကို အော်ဟစ်ခဲ့ကြသော်လည်း၊ အလုံးစုံပြည့်စုံခြင်းသို့မရောက်မချင်း သူ၏တရားမျှတမှုကို ဆောင်ကျဉ်းပေးမည်မဟုတ်ကြောင်း ဘုရားသခင်ပြောကြားခဲ့ကြသည်။ အသေသတ်ခြင်းခံရမည့် မာတုရ အရေအတွက်မပြည့်မချင်း စိတ်ရှည်ရန်လိုသည်။

ဆဋ္ဌမတံဆိပ်ကိုဖွင့်သောအခါ၊ မြေကြီးတစ်ခုလုံးသည် ဘုရားသခင်၏တရားစီရင်ခြင်းကို တွေ့ကြုံခံစားခဲ့ရသည်။ မြေလျှင်လှုပ်ခြင်း၊ နေသည်မည်းသွားခြင်း၊ လသည် အသွေးကဲ့သို့ဖြစ်ခြင်း၊ ကြယ်တို့သည် မြေကြီးပေါ်သို့ကျခြင်း၊ ကောင်းကင်သည် လွင့်သွားခြင်းနှင့် တောင်နှင့်ကျွန်းရှိသမျှတို့သည် ရွေ့သွားကြသည်။ ဤဖော်ပြချက်သည် ဟေရှာယ ၃၄:၁-၄ နှင့် ယောလ ၂:၁၀-၁၁ တွင် ကျွန်ုပ်တို့ တွေ့နေရသည့် နိုင်ငံရေးအုံကြွမှုများအကြောင်း ဓမ္မဟောင်းပရောဖက်ပြုချက်များကို ပြန်လည်အမှတ်ရစေသည်။ ၎င်းက ဘုရားသခင်သည် လက်ရှိဆိုးညစ်သောကမ္ဘာကို ဖျက်ဆီးမည့် နောက်ဆုံးတရားစီရင်ခြင်းကို ယူဆောင်လာသည်ဟု ဖော်ပြသည့်နည်းလမ်းတစ်ခုဖြစ်သည်။

> တစ်နေ့တွင် လူသားများသည် ဘုရားသခင်ရှေ့တွင် အကြောင်းပြချက်ပေးခွင့်မရှိဘဲ တာဝန်ခံရမည်ဖြစ်သည်။ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်ကိုပို၍ပင် လေးစားကြလိမ့်မည်ဖြစ်သည်။ သို့သော် ထိုအရာများကို ရယ်စရာတစ်ခုကဲ့သို့သဘောထားသူများသည် တရားစီရင်ခြင်းကို အနာဂတ်တွင်ရင်ဆိုင်ရမည်ဖြစ်သည်။ သူတို့အဖို့ ဆုတောင်းရန်ပင်အခွင့်အရေးမရှိပါ။ သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ ဘုရားသခင်၏အမျက်ဒေါသကိုရှောင်ရှားရန် ၎င်းတို့အပေါ် တောင်ကုန်းများ ပြိုလဲကျစေရန်ဖြစ်သည်။ ဤတရားစီရင်ခြင်းဆိုင်ရာသတိပေးချက်သည် ရွေးချယ်ထားသောသူများအတွက် ဘုရားသခင်၏အထူးပြင်ဆင်ထားချက်တစ်ခုဖြစ်သောကြောင့်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့သောအသက်တာဖြင့် အသက်ရှင်ပြီး၊ ကိုယ်တော်နှစ်သက်သော သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နိုင်စွမ်းအတွက် ဆုတောင်းကြသည်။

**— Rev. Dr. Stephen Tong**

ဆဋ္ဌမနှင့်သတ္တမတံဆိပ်များကိုဖွင့်ခြင်း၏အကြား၊ ဗျာဒိတ်ကျမ်း ၇ တွင်ကြားဖြတ်ကာလတစ်ခုရှိသည်။ ဤကြားဖြတ်ကာလသည် ဘုရားသခင်၏ မိမိလူမျိုးအားကာကွယ်မှုကို မီးမောင်းထိုးပြသည့်နည်းလမ်းများဖြင့် အသင်းတော်အားဖော်ပြသည်။ ဦးစွာ၊ ဣသရေလလူမျိုးတစ်ဆယ့်နှစ်မျိုးတွင် တစ်မျိုးစီမှ လူ ၁၂,၀၀၀ —စုစုပေါင်း လူဦးရေ ၁၄၄၀၀၀—ကိုသူ၏အထူးလူမျိုးအဖြစ် ဘုရားသခင်သတ်မှတ်ကြောင်းဖော်ပြချက်ကို ယောဟန်ကြားခဲ့သည်။ ဤ ၁၄၄,၀၀၀ ကိုပုံစံအမျိုးမျိုးဖြင့် နားလည်ထားသော်လည်း၊ ၁၄၄,၀၀၀ နှင့်သက်ဆိုင်၍ပြောကြားချက်ကို ယောဟန်ကြားသည်ဟု ဗျာဒိတ်ကျမ်းကဆိုသည်၊ သို့သော် သူလှည့်ကြည့်လိုက်သောအခါတွင်မူ ကွဲပြားသောအရာကို သူတွေ့ခဲ့သည်။

ဗျာဒိတ် ၇:၉ တွင်၎င်းတို့ကို ယောဟန်မည်သို့ဖော်ပြသည်ကို နားထောင်ပါ_

> ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ အထဲမှ ထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့ သိုးသငယ် ရှေ့မှာရပ်နေကြ၏ (ဗျာဒိတ် ၇:၉)။

ဗျာဒိတ် ၅ တွင် အလားတူတစ်ခုဖြစ်ခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ခြင်္သေ့အကြောင်းဖော်ပြချက်ကို ယောဟန်ကြားပြီးနောက်၊ ကြည့်လိုက်သောအခါ သိုးသငယ်ကို တွေ့ရသည်။ ဤနေရာတွင် အလားတူတစ်ခုဖြစ်ခဲ့သည်။ ယုဒလူမျိုး ၁၄၄,၀၀၀ နှင့်ပတ်သက်သည့်ဖော်ပြချက်ကို သူကြားပြီးနောက်၊ ကြည့်လိုက်သောအခါ ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများပါရှိသည့် ပိုကြီးမားသောလူအုပ်ကြီးကို တွေ့ရသည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင်၊ ဓမ္မဟောင်း၏ အမှတ်သင်္ကေတဖြစ်သည့် ခြင်္သေ့နှင့် ဣသရေလအမျိုးအနွယ်ဟူသော စကားလုံးများကို ယောဟန်ကြားခဲ့သည်။ သို့သော် သူကြည့်လိုက်သောအခါ၊ ထင်ရှားလာသောအရာသည် ကြေညာထားသည်ထက် များစွာကြီးမားသည်။ ခြင်္သေ့၏အမှတ်သင်္ကေတသည် ခရစ်တော်၌ပြည့်စုံခဲ့ပြီး၊ အမျိုးအနွယ်၏အမှတ်သင်္ကေတသည် လူမျိုးအသီးသီးမှယုံကြည်သူများတွင် ပြည့်စုံခဲ့သည်။

ကြားဖြတ်ကာလပြီးသောအခါ၊ သတ္တမတံဆိပ်ဖွင့်ခြင်းကို ဗျာဒိတ် ၈:၁ တွင်မှတ်တမ်းတင်ထားသည်။ သို့သော် ကြီးကျယ်ခမ်းနားစွာ အဆုံးသတ်မည့်အစား၊ ရိုးရှင်းစွာ တိတ်ဆိတ်နေခဲ့သည်။ ဖန်ဆင်းခြင်းသည် အံ့သြဖွယ်ဖြစ်သည်။ တိတ်ဆိတ်စွာနေခြင်းသည် ယောဟန်၏ရူပါရုံကို ပထမဆုံးဖတ်သူများအတွက် သိသာစွာတင်းမာမှုဖြစ်စေသည်။ ဤလျှို့ဝှက်ဆန်းကြယ်သော သမိုင်း၏နောက်ဆုံးကာလသည်

အဘယ်နည်း။ ဤမေးခွန်းအတွက် အဖြေကို ဆက်လက်ဖော်ပြသောရူပါရုံများတွင် မြင်တွေ့ရမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် တံဆိပ်ခုနစ်ခုကိုလေ့လာပြီးနောက်၊ ယခုအနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်သော ဒုတိယရူပါရုံဖြစ်သည့် ဗျာဒိတ် ၈:၂–၁၁:၁၉ တွင်တွေ့ရသော တံပိုးခုနစ်ခုကို အာရုံစိုက်ကြပါစို့။

## တံပိုးခုနစ်ခု

တံပိုးခုနစ်ခုရူပါရုံတွင် တံပိုးမှုတ်သော ကောင်းကင်တမန်များ အစဉ်အတိုင်းပါဝင်သည်။ တံပိုးမှုတ်သောအခါတိုင်း၊ နောက်ထပ်တရားစီရင်ချက်တစ်ခု မြေကြီးပေါ်သို့ကျရောက်သည်။ တံပိုးခုနစ်ခုရူပါရုံသည် တံဆိပ်ခုနစ်ခုရူပါရုံနည်းတူ ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိမြင်ရန် အရေးကြီးသည်။ ရူပါရုံသည် တံပိုးခြောက်ခု၊ ၎င်းနောက်ကြားဖြတ်ကာလ၊ ထို့နောက် တံပိုးခုနစ်ခုကိုဖော်ပြသည်။ ဤတံပိုးများသည် ဟောရှေ ၅:၈၊ ယောလ ၂:၁၊ အာမုတ် ၂:၂၊ ဇာခရိ ၉:၁၄ ကဲ့သို့သော ဓမ္မဟောင်း ပရောဖက်ပြုချက်ဆိုင်ရာ ကျမ်းပိုဒ်များကို အမှတ်ရစေသည်။ ၎င်းသည် သူ၏ကောင်းကင်တမန် ဗိုလ်ခြေများနှင့်အတူ ဘုရားသခင်ကြွလာသောအခါ တံပိုးသံများဖြစ်ပြီး၊ ကောင်းကင်ဗိုလ်ခြေတို့ကို ဘုရားသခင်၏ရန်သူများအား စစ်တိုက်ရန် နှိုးဆော်သည်။

ဗျာဒိတ် ၈:၂-၁၃ ၌ပထမဆုံးတံပိုးလေးခုကို မှုတ်ခြင်းသည် ဖန်ဆင်းခြင်း၏အဓိကဒေသလေးခု အပေါ် ကောင်းကင်တမန်စစ်တပ်များမှတစ်ဆင့် စီရင်ဆုံးဖြတ်ခြင်းကို ဖော်ပြခဲ့သည်။ ပထမတံပိုးမှုတ် သောအခါ၊ အသွေးနှင့်ရောသောမီးမိုးသီးသည် မြေပေါ်ကျရောက်ခဲ့သည်။ ဒုတိယတံပိုးမှုတ်သောအခါ၊ ကြီးမားသောတောင်ကြီးကို ပင်လယ်ထဲသို့ ချပစ်ခဲ့သည်။ တတိယတံပိုးမှုတ်သောအခါ၊ ထွန်းတောက် သောကြယ်ကြီးတစ်လုံးကို မြစ်ချောင်းထဲသို့ပစ်ချရာ၊ ခါးသက်ပြီးသောက်မရ ဖြစ်စေသည်။ စတုတ္ထ တံပိုးမှုတ်သောအခါ၊ ကောင်းကင်သည်ပျက်စီး၍၊ နေ့သုံးစုတစု၊ ညဥ့်သုံးစုတစုသည် အလင်းမရှိ။ သို့သော် ဤစီရင်ချက်များက ဆိုးရွားသလောက်၊ ဒေသတစ်ခုစီ၏ သုံးပုံတစ်ပုံသာ ပျက်စီးပါသည်။ သို့သော် ဤအပိုင်း၏အဆုံးတွင်၊ ရွှေလင်းတတစ်ကောင်သည် ပို၍ဆိုးရွားသော စီရင်မှုများရှိမည်ကို သတိပေးခဲ့သည်။

ပဥ္စမတံပိုးမှုတ်ခြင်းကို ဗျာဒိတ် ၉:၁-၁၂ တွင်မှတ်တမ်းတင်ထားသည်။ ၎င်းသည် သဘာဝအရ မဟုတ်သော ကျိုင်းကောင်တပ်ကို လွှပ်ရှားစေသည်။ ယောဟန်သည် အဆိုပါကျိုင်းကောင်များကို ရွှေသရဖူများ၊ လူမျက်နှာများ၊ မိန်းမ၏ဆံပင်၊ ခြင်္သေ့သွားများနှင့် ကင်းမြီးကောက်ကဲ့သို့သော အမြီးများ ပါရှိသည့် စစ်တိုက်ရန်ပြင်ဆင်ထားသောမြင်းများအဖြစ် ဖော်ပြခဲ့သည်။ သို့သော် သူတို့၏စွမ်းအားသည် အကန့်အသတ်ရှိသည်။ သူတို့သည် မြေကြီးပေါ်တွင် ငါးလမျှသာဖျက်စီးနိုင်ပြီး၊ မတရားသောသူတို့ကို သာတိုက်ခိုက်ရန် အခွင့်ရှိသည်။

ဆဌမတံပိုးမှုတ်ခြင်းကို ဗျာဒိတ် ၉:၁၃-၂၁ တွင် မှတ်တမ်းတင်ထားသည်။ ကောင်းကင်တမန် လေးပါးကို ဥဖရတ်မြစ်မှ လွှတ်ပေးခဲ့ပြီး၊ သူတို့သည် လူသားတို့၏သုံးပုံတစ်ပုံကို ဖျက်ဆီးပစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤပထမတံပိုးခြောက်ခု၏နောက်တွင် ဗျာဒိတ် ၁၀:၁–၁၁:၁၄ ၌ကြားဖြတ်ကာလနှစ်ပိုင်းကို တွေ့ရသည်။ ယေဇကျေလ ၂:၉–၃:၉ တွင် ဘုရားသခင်၏တရားစီရင်ခြင်းနှင့်ပတ်သက်၍ ယေဇကျေလ အားဖွင့်ပြသည့် အဖြစ်အပျက်တစ်ခုကဲ့သို့ ပရောဖက်ပြုချက်ဆိုင်ရာသတင်းစကားများပါသည့် ကျမ်းလိပ်ငယ်ကို ယောဟန်သည်ရရှိခဲ့ပြီး ၎င်းကိုစားရန် မိန့်တော်မူခြင်းခံရသည်။ ကျမ်းလိပ်သည် ပျားရည်ကဲ့သို့ ချိုမြိန်သောအရသာရှိပြီး၊ ကမ္ဘာကြီးအတွက် ဘုရားသခင်၏အစီအစဉ်များ နှောင့်နှေးမှုမရှိဘဲ ပြီးမြောက်မည့် သတင်းကောင်းကို ကိုယ်စားပြုခြင်းသည်။ သို့သော် ထိုကျမ်းလိပ်သည် သူ၏အစာအိမ်ကို ချဉ်စေပြီး၊ ဒုက္ခဆင်းရဲသည် ဘုရားသခင့်အကြံအစည်များကို ပြည့်စုံစေသည်ဟု ညွှန်ပြနေခြင်း ဖြစ်သည်။

ကြားဖြတ်ကာလအခန်း၏ ဒုတိယအပိုင်းသည် ဧဝံဂေလိတရားကြောင့် အသေသတ်ခြင်းခံရသော သက်သေနှစ်ဦးအကြောင်း ယောဟန်၏ရူပါရုံကို မှတ်တမ်းတင်ထားသည်။ သူတို့သည် အံ့ဖွယ်အမှုများကို လုပ်ဆောင်ခဲ့ကြပြီး၊ လူများကို နောင်တရရန်ဟောပြောကာ၊ ရောက်လာမည့်တရားစီရင်ခြင်းကို သတိပေးခဲ့သည်။ သို့သော် သူတို့သည် ဘုရားသခင့်ရန်သူတို့၏ အသေသတ်ခြင်းကိုခံခဲ့ရသည်။

သက်သေခံနှစ်ဦးနှင့်ပတ်သက်သည့် ယောဟန်၏ရူပါရုံသည် သမိုင်းတွင် အခြေခံအကျဆုံး ပဋိပက္ခဖြစ်သည့် ယေရှုခရစ်နှင့် သူ၏ရန်သူများကြားရှိ ပဋိပက္ခကို မီးမောင်းထိုးပြသည်။ သက်သေခံနှစ်ဦးသည် အလွန်အစွမ်းထက်သော်လည်း၊ ၎င်းတို့၏ရန်သူများ၏ အလွန်မုန်းတီးမှုနှင့်အသေသတ်ခြင်းကို ခံခဲ့ကြရသည်။ ယင်းနှင့်ခြားနားချက်က ယေရှုနှင့် ကိုယ်တော်၏ရန်သူများစပ်ကြား ပဋိပက္ခတွင် အလယ်အလတ်လမ်းစဉ်မရှိဟူသော အမှန်တရားကို ပေါ်လွင်စေသည်။ လူသားတိုင်းသည် ယေရှု အတွက်ဖြစ်သည် သို့မဟုတ် ယေရှုကိုဆန့်ကျင်ကြသည်။

ကြားဖြတ်ကာလပြီးနောက်၊ ဗျာဒိတ် ၁၁:၁၅-၁၉ တွင် သတ္တမကောင်းကင်တမန်သည် သတ္တမ တံပိုးကိုမှုတ်ပြီး ဤရူပါရုံအတွဲကို အဆုံးသတ်သည်။

သတ္တမတံပိုးမှုတ်သောအခါ ကောင်းကင်ဘုံ၏ဖော်ပြချက်ကို ဗျာဒိတ် ၁၁:၁၅ သည် မှတ်တမ်း တင်ထားသည်_

> လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏
> ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်
> စိုးစံတော်မူမည်ဟု ပြောဆိုကြ၏ (ဗျာဒိတ် ၁၁း၁၅)။

သတ္တမတံပိုးသည် မြေကြီးနိုင်ငံအားလုံးကို အောင်ပွဲခံပြီး ဖန်ဆင်းခြင်းအားလုံးအပေါ် ကိုယ်တော်၏နောက်ဆုံးစီရင်ခြင်းတွင် ဘုရားသခင်၏ပလ္လင်တော်၌ ကျင်းပမည့် ဝတ်ပြုကိုးကွယ်မှုကို မိတ်ဆက်ပေးသည်။ ခရစ်တော်သည် မြေကြီးကို အသစ်ပြုပြင်ရန် ပြန်လာလိမ့်မည်။ သူ၏ဘုန်းတော်သည် အလုံးစုံထင်ရှားလိမ့်မည်။ ထို့ပြင် ဘုရားသခင်၏အုပ်စိုးမှုသည် ဖန်ဆင်းခြင်းအားလုံးတွင် အပြည့်အဝ ပေါ်လွင်လိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်သော ရူပါရုံများ၏ တတိယအခန်းဆက်သင်ခန်းစာသည် ဗျာဒိတ် ၁၂:၁–၁၄:၂၀ ပါ ပုံဆောင်နိမိတ်လက္ခဏာခုနစ်ခုဖြစ်သည်။

## နိမိတ်လက္ခဏာခုနစ်ခု

ဖွဲ့စည်းတည်ဆောက်ပုံအရ၊ ပုံဆောင်နိမိတ်လက္ခဏာခုနစ်ခုရူပါရုံသည် တံဆိပ်နှင့်တံပိုးရူပါရုံများကို ထင်ဟပ်ပြသည်_ ပထမနိမိတ်လက္ခဏာခြောက်ခုကို အတူတကွစုစည်းထားပြီး၊ နောက်တွင်ကြားဖြတ်ကာလ၊ ထို့နောက် သတ္တမမြောက်ပုံဆောင်နိမိတ်လက္ခဏာကို ပေါင်းစပ်ထားသည်။ သို့သော် တံဆိပ်နှင့် တံပိုးများရူပါရုံများသည် ဘုရားသခင်၏တရားစီရင်ချက်များကို အာရုံစိုက်နေချိန်တွင်၊ နိမိတ်လက္ခဏာခုနစ်ခုသည် စာတန်နှင့် ဘုရားသခင်၏လူတို့ကြား ဝိညာဉ်ရေးပဋိပက္ခကို ပုံဖော်ထားသည်။ ဤအခန်းဆက်သင်ခန်းစာရှိ နိမိတ်လက္ခဏာများသည် အဓိကပုံဆောင်အသွင်အပြင်များဖြစ်သည့် မိန်းမ၊ နဂါးကြီး၊ ပင်လယ်ထဲက ထွက်လာသောသားရဲ၊ မြေကြီးထဲမှ ထွက်လာသောသားရဲ၊ ယုံကြည်သူ ၁၄၄,၀၀၀၊ ကောင်းကင်တမန်များနှင့်လူသားများဖြင့် ဖော်ပြထားသည်။

ပထမဆုံး ပုံဆောင်အသွင်အပြင်မှာ နေကိုဝတ်ထားသော ကိုယ်ဝန်ဆောင်မိန်းမဖြစ်သည်။ သူမ၏အကြောင်းကို ဗျာဒိတ် ၁၂:၁-၁၇ တွင်တွေ့ရှိရပြီး၊ သခင်ယေရှု၏ဖွားမြင်ပုံနှင့် ဟေရုဒ်မင်း၏ သတ်ရန်ကြိုးပမ်းပုံနှင့် ဆင်တူသည်။ သစ္စာရှိသောဣသရေလအမျိုးကို ကိုယ်စားပြုသောမိန်းမသည် မေရှိယ၊ ယေရှုခရစ်ကို ဖွားမြင်သည်။ သူမ၏ကလေးကို ကောင်းကင်သို့ ချီဆောင်သွားခြင်းသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွခြင်းကို ရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်။ သို့သော် ထိုမိန်းမသည် မြေကြီးပေါ်တွင် ကျန်ရစ်ခဲ့ပြီး နဂါးကြီး၏ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသည်။ သူမကိုနဂါးကြီး အနိုင်မယူနိုင်အောင် ဘုရားသခင်သည် သူမကိုကာကွယ်ပေးခဲ့သည်၊ သို့သော် ပဋိပက္ခကြောင့် သူမသည် ဆင်းရဲဒုက္ခရောက်နေဆဲဖြစ်သည်။ ဤပုံဆောင်နိမိတ်လက္ခဏာသည် ယေရှုသည် ဘုရားသခင်၏သစ္စာရှိလူများထံမှ ဆင်းသက်လာကြောင်းနှင့် စစ်မှန်သောယုံကြည်သူများသည် စာတန်နှင့်သူ၏နိုင်ငံတော်ကြောင့် ဆင်းရဲဒုက္ခဆက်၍ခံနေကြရသည်ကို ကိုယ်စားပြုသည်။ ယောဟန်၏မူလပရိသတ်များအနေဖြင့် ဤပဋိပက္ခသည် ပြဿနာများ၏အရင်းခံဖြစ်ကြောင်း နားလည်ကြလိမ့်မည်၊ ထို့ပြင် မိန်းမအပေါ် ဘုရားသခင်၏ အကာအကွယ်ပေးမှုနှင့် ဂရုစိုက်ခြင်းမှ ခွန်အားရရှိကြပေလိမ့်မည်။ တစ်ချိန်တည်းမှာပင်၊ ရုန်းကန်မှုများသည် မကြာမီ ပြီးဆုံးတော့မည်ဖြစ်သောကြောင့် ခံနိုင်ရည်ရှိရန် လိုအပ်ကြောင်း သူတို့နားလည်လာကြသည်။

နောက်ထပ်ပုံဆောင်နိမိတ်လက္ခဏာသည် ကြီးမားသောအနီရောင်နဂါးကြီးနှင့်သက်ဆိုင်ပြီး ဗျာဒိတ် ၁၂:၃-၁၇ တွင်တွေ့ရသည်။ ဤနိမိတ်လက္ခဏာကို မိန်းမနိမိတ်လက္ခဏာနှင့် တပြိုင်နက်ဖော်ပြသည်၊ သို့သော် ဗျာဒိတ် ၁၂:၃ တွင် သီးခြားနိမိတ်လက္ခဏာအဖြစ် ခွဲခြားထားသည်။ နဂါးကြီးကို ဦးခေါင်းခုနစ်လုံးနှင့် ချိုဆယ်ချောင်းပါရှိသော ကြီးမားသောအနီရောင်နဂါးကြီးအဖြစ် ဖော်ပြထားပြီး၊ ၎င်း၏ဦးခေါင်းပေါ်တွင် သရဖူခုနစ်ခုရှိသည်။ အခန်းငယ် ၉ တွင် သူ့ကိုစာတန်ဟု သတ်မှတ်ထားသည်။ ယောဟန်၏ရူပါရုံတွင်၊ နဂါးကြီး၏အမြီးသည် ကြယ်သုံးစုတစ်စုကို ကောင်းကင်မှဆွဲငင်ပြီး ၎င်းတို့အား မြေကြီးပေါ်သို့ ချလိုက်လေသည်။ ဤလုပ်ဆောင်ချက်သည် နတ်ဆိုးများအဖြစ်သို့ ကျရောက်သွားသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းကင်တမန်များ သို့မဟုတ် ဟေရှာယ ၃၄:၄ နှင့် မာကု ၁၃:၂၅ တွင်တွေ့ရသကဲ့သို့ နိုင်ငံရေးအုံကြွမှုကို ကိုယ်စားပြုနိုင်သည်။ နဂါးကြီးသည် မိန်းမနှင့် သူမ၏ကလေးအား တိုက်ခိုက်ခဲ့ပြီး၊ ၎င်းသည် စာတန်နှင့်ဘုရားသခင်၏လူများကြား ပြင်းထန်သောတိုက်ပွဲကို မီးမောင်းထိုးပြသည်။

နဂါးကြီးနိမိတ်လက္ခဏာတွင်၊ မိက္ခေလနှင့် ကောင်းကင်တမန်များက နဂါးကြီးကို တိုက်ခိုက်သည့် ကောင်းကင်စစ်ပွဲတစ်ခုလည်း ရှိခဲ့သည်။ မိက္ခေလသည် စာတန်နှင့် သူ၏ကောင်းကင်တမန်များကို မြေကြီးပေါ်သို့ ချပစ်ခဲ့သည်။ မြေကြီးပေါ်သို့ ချပစ်လိုက်သည်နှင့်တစ်ပြိုင်နက် စာတန်သည် ထိုမိန်းမကို ညှဉ်းဆဲရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဘုရားသခင်သည် သူမကို ကာကွယ်ပေးသည့်အတွက် စာတန်က သူမ၏အမျိုးအနွယ်ဖြစ်သည့် ခရစ်တော်ကို နာခံပြီး ခရစ်တော်၏ သက်သေခံချက်ကို စောင့်ရှောက်သော ယုံကြည်သူများကို တိုက်ခိုက်လာခဲ့သည်။ ဤပုံဆောင်နိမိတ်လက္ခဏာသည် ယောဟန်၏စာဖတ်သူများအား ဘုရားသခင်အပေါ် စာတန်၏မုန်းတီးမှုကြောင့်လည်းကောင်း၊ ဝိညာဉ်ရေးစစ်ပွဲကြောင့်လည်းကောင်း သူတို့သည်နှိပ်စက်ညှဉ်းပန်းခံနေရကြောင်း နားလည်စေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ စာတန်သည် ရှုံးနိမ့်ပြီးဖြစ်ကာ၊ အသင်းတော်သည် ကမ္ဘာမြေကြီးပေါ်နဂါးကြီး၏ ကန့်သတ်ထားသော အချိန်ထိသာ နှိပ်စက်ညှဉ်းပန်းမှုကို ခံစားရမည်ဖြစ်သည်။

တတိယပုံဆောင်နိမိတ်လက္ခဏာသည် ပင်လယ်မှထွက်လာသောသားရဲနှင့်သက်ဆိုင်ပြီး ဗျာဒိတ် ၁၃:၁-၁၀ တွင်တွေ့ရှိရသည်။ ဤသားရဲသည် ခြင်္သေ့၊ ဝက်ဝံနှင့်ကျားသစ်တို့၏သွင်ပြင်လက္ခဏာများရှိပြီး၊ ရုပ်တုကိုးကွယ်သောနိုင်ငံများကိုကိုယ်စားပြုသည့် ဒံယေလ ၇ တွင်တွေ့ရ သော သားရဲများနှင့်ဆင်တူသည်။ ယင်းက ပင်လယ်မှထွက်လာသောသားရဲသည် ယေရှုခရစ်၏နိုင်ငံတော်ကို ဆန့်ကျင်သော နိုင်ငံရေးအာဏာအားလုံးကို ကိုယ်စားပြုကြောင်း ညွှန်ပြသည်။ ယောဟန်ကလည်း သားရဲသည်သေစေသော ဒဏ်ချက်နှင့် ကြောက်စရာကောင်းသော အမာရွတ်ရှိကြောင်းလည်း ရေးသားခဲ့သည်။

နဂါးကြီးသည် ပင်လယ်မှ တန်ခိုးအာဏာနှင့် မြေကြီးပေါ် ရှိ တိုင်းနိုင်ငံအပေါင်းတို့ကို သားရဲအား အပ်နှင်း၍၊ မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြသည်။ သူသည် သန့်ရှင်းသူများကို စစ်တိုက်ရန်နှင့် အောင်နိုင်စေရန် အခွင့်အာဏာပင် ရရှိခဲ့သည်။ ယောဟန်၏စာဖတ်သူများသည် ဤသားရဲအား ရောမဧကရာဇ် သို့မဟုတ် ရောမအင်ပါယာနှင့်လည်းကောင်း၊ ဧကရာဇ်အားဝတ်ပြုခြင်းတို့နှင့်လည်းကောင်း ဆက်စပ်ခဲ့ကြပေမည်။ သားရဲကို တွန်းလှန်ရန်၊ ခရစ်တော်အပေါ် သစ္စာရှိရန် လိုအပ်ကြောင်း သူတို့ သိမြင်ကြပေမည်။

စတုတ္ထမြောက် ပုံဆောင်နိမိတ်လက္ခဏာသည် ဒုတိယသားရဲဖြစ်သော မြေကြီးမှထွက်လာသော သားရဲကို ဗဟိုပြုသည်။ ဤနိမိတ်လက္ခဏာကို ဗျာဒိတ် ၁၃:၁၁-၁၈ တွင် တွေ့ရှိရသည်။ မြေကြီးမှထွက်လာသောသားရဲသည် သိုးသငယ်ကဲ့သို့ ချိုနှစ်ချောင်းရှိသော်လည်း နဂါးကြီးကဲ့သို့ စကားပြောသည်။ ၎င်းသည် ပင်လယ်မှထွက်လာသောသားရဲကို ဝတ်ပြုကိုးကွယ်ပြီး၊ ကမ္ဘာလောကသားများ ထိုသားရဲကို ကိုးကွယ်ရန်အလို့ငှာ အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြခဲ့သည်။ ၎င်းသည် လူတို့အား ၎င်းတို့၏ညာလက် သို့မဟုတ် နဖူးတွင် သားရဲ၏အမှတ်လက္ခဏာကို ခံယူရန်လည်း တွန်းအားပေးခဲ့သည်။ သားရဲနှစ်ကောင်စလုံးသည် ကမ္ဘာလောကတစ်ခုလုံးကို အောင်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

ယောဟန်၏စာဖတ်သူများက ဤဒုတိယသားရဲသည် ကေရာဇ်မင်းမြတ်အား ကိုးကွယ်ရန်ငြင်းဆို သူများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည့် ကေရာဇ်မင်းမြတ်ကိုအတင်းအကျပ်ကိုးကွယ်ခိုင်းသော ရောမမြို့ပြဘာသာနှင့် ချိတ်ဆက်ကြသည်။ ပင်လယ်မှထွက်လာသောသားရဲကဲ့သို့ပင်၊ ဤသူသည် ရုပ်တုကိုးကွယ်ခြင်းကို တွန်းလှန်ရန်နှင့် ယေရှုအပေါ် သစ္စာရှိရန် သူတို့ကိုတိုက်တွန်းခဲ့သည်။

ပဥ္စမမြောက် ပုံဆောင်နိမိတ်လက္ခဏာသည် ဘုရားသခင်နှင့်စပ်ဆိုင်သော ယုံကြည်သူ ၁၄၄,၀၀၀ နှင့် ပတ်သက်ပြီး ဗျာဒိတ် ၁၄:၁-၅ တွင် တွေ့ရသည်။ သူတို့၏နဖူးတွင် ဘုရားသခင့်နာမတော်တံဆိပ် ခတ်ထားသောကြောင့်၊ ၎င်းတို့သည် ဗျာဒိတ် ၇:၁-၈ တွင်ဖော်ပြထားသော တူညီသောအုပ်စုဖြစ်ပုံရ သည်။ သူတို့၏နဖူးပေါ် ရှိ ဘုရားသခင်၏နာမတော်တံဆိပ်သည် မြေကြီးပေါ်သားရဲကိုနာခံသူတို့၏ နဖူးပေါ် ရှိ သားရဲအမှတ်အသားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယောဟန်၏ရူပါရုံတွင်၊ ဤယုံကြည်သူ ၁၄၄,၀၀၀ သည် ဇိအုန်တောင်ပေါ်တွင် ဘုရားသခင်ကို ချီးမွမ်းသည့် သိုးသငယ်နှင့်အတူ ရပ်နေခဲ့သည်။

ဤပုံဆောင်နိမိတ်လက္ခဏာက နောက်ဆုံးတွင် စစ်မှန်သောယုံကြည်သူများသည် နဂါးကြီးနှင့် သားရဲများမှအဆုံးစွန်လွတ်မြောက်ပြီး ဘုရားသခင်၏ကောင်းချီးမင်္ဂလာများရရှိမည်ဖြစ်ကြောင်း ယောဟန်၏စာဖတ်သူများကို စိတ်ချစေသည်။ သစ္စာရှိယုံကြည်သူများသည် သန့်ရှင်းပြီး အပြစ်ကင်းစင် သည်ကို ပြင်းထန်သော နှိပ်စက်ညှဉ်းပန်းမှုများကြား တွေ့ရှိရမည်ဖြစ်သည်။

ဆဋ္ဌမမြောက် ပုံဆောင်နိမိတ်လက္ခဏာသည် ဗျာဒိတ် ၁၄:၆-၁၁ တွင်တွေ့ရှိရသော ကောင်းကင် တမန်သုံးပါးရူပါရုံဖြစ်သည်။ ယောဟန်၏ရူပါရုံတွင်၊ ပဌမကောင်းကင်တမန်သည် ထာဝရဧဝံဂေလိ တရားကိုဖော်ပြပြီး၊ လူအားလုံး ဘုရားသခင်ကိုကြောက်ရွံ့၍ ဝတ်ပြုရန်တောင်းဆိုခဲ့သည်။ ဒုတိယ ကောင်းကင်တမန်သည် ယေရှုခရစ်၏နိုင်ငံတော်ကို ဆန့်ကျင်သူများ၏မြို့တော်ဖြစ်သော မဟာဗာဗုလုန် ကျဆုံးခြင်းအကြောင်း ကြေညာခဲ့သည်။ တတိယကောင်းကင်တမန်သည် သားရဲကိုကိုးကွယ်ဆည်းကပ် သူတိုင်း၏ နောက်ဆုံးတရားစီရင်ခြင်းကို ကြေညာခဲ့သည်။ ခရစ်တော်၏ဧဝံဂေလိတရားသည် ဆန့်ကျင် ဘက်နိုင်ငံတိုင်းကို အောင်ပွဲခံမည်ဖြစ်ပြီး၊ ယေရှုပြန်လည်ကြွဆင်းလာသောအခါသူ၏ရန်သူများကို ထာဝရအပြစ်စီရင်မည်ဟု ဤကောင်းကင်တမန်များက ပြောဆိုကြသည်။

ဤကောင်းကင်တမန်များအကြောင်း ယောဟန်၏ဖော်ပြချက်က အသင်းတော်သည် တစ်ခါတစ်ရံ ရှုံးနိမ့်ပုံရသော်လည်း၊ ခရစ်တော်၏နိုင်ငံတော်သည် သူ၏ရန်ဘက်များကို နောက်ဆုံးတွင် အောင်နိုင်မည့်အကြောင်း သူ၏စာဖတ်သူများကို အားပေးသည်။ အကယ်၍ ယောဟန်၏စာဖတ် ပရိသတ်သည် နှိပ်စက်ညှဉ်းပန်းမှုကိုရှောင်ရှားခြင်းအလို့ငှာ၊ ကေရာဇ်အားဝတ်ပြုကိုးကွယ်ရန် စဉ်းစား မည်ဆိုပါက၊ ထိုသွေးဆောင်မှုကို တွန်းလှန်ရန် ဤနိမိတ်လက္ခဏာသည် သူတို့ကို သတိပေးခဲ့ပေမည်။

ကောင်းကင်တမန်များ၏နောက်ပိုင်း၊ ဗျာဒိတ် ၁၄:၁၂-၁၃ တွင် တိုတောင်းသောကြားဖြတ်ကာလ တစ်ခုကို ယောဟန်ဖော်ပြခဲ့သည်။ ဤကြားဖြတ်ကာလတွင်၊ ယောဟန်သည် ဘုရားသခင်၏လူများကို သူတို့ပတ်ဝန်းကျင်ရှိ ရုပ်တုကိုးကွယ်သောယဉ်ကျေးမှုကို တွန်းလှန်ခြင်း၌ဖွဲလုံ့လရှိရန် တိုက်တွန်းခဲ့ သည်။ သစ္စာရှိသူများသည် နောက်ဆုံးတွင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့် ငြိမ်သက်ခြင်းကို အဆုံးစွန်ခံစားရမည်ဖြစ်ကြောင်း ကောင်းကင်မှအသံတော်များက ဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးပုံဆောင်နိမိတ်လက္ခဏာတွင် ဖြူသောမိုးတိမ်ပေါ်တွင်ထိုင်ကာ စပါးရိတ်သိမ်းရန် ရောက်လာသော "လူသားတော်နှင့်တူသောသူ"ကို ဖော်ပြသည်။ သူ၏နိမိတ်လက္ခဏာကို ဗျာဒိတ် ၁၄:၁၄-၂၀ တွင်တွေ့ရှိရသည်။ ဗျာဒိတ် ၁:၁၃ တွင် ယေရှုကိုအထူးရည်ညွှန်းသည့် "လူသားတော်နှင့် တူသောသူ"ဟူသော အသုံးအနှုန်းကိုလည်း အသုံးပြုထားသည်။ ဗျာဒိတ် ၁၄ ၏လုပ်ဆောင်ချက်များနှင့် အကြောင်းအရာများအရ ဤလူသားတော်သည်လည်း ခရစ်တော်ဖြစ်သည်မှာ ရှင်းပါသည်။ ဤနိမိတ် လက္ခဏာပုံသဏ္ဌာန်ကို ဒံယေလ ၇:၁၃ မှထုတ်ယူထားပြီး၊ "လူသားနှင့်တူသောသူတစ်ဦး"သည် မိုးတိမ် ကိုစီးလျက် ဘုရားသခင်၏ကောင်းကင်ဘုံသို့ ဝင်ရောက်လာသည်။

ဤအခန်းဆက်သင်ခန်းစာ၏ပထမဆုံးနိမိတ်လက္ခဏာဖြစ်သည့် မိန်းမ၏နိမိတ်လက္ခဏာတွင်၊ ယေရှုသည် ကောင်းကင်ဘုံသို့ခေါ်ဆောင်ခြင်းခံရသော ကလေးတစ်ဦးအဖြစ် ပုံဆောင်ခဲ့သည်။ သို့သော် ဤနိမိတ်လက္ခဏာများ၏အထွတ်အထိပ်တွင်၊ ယေရှုသည် သစ္စာရှိနောက်လိုက်များကိုရိတ်သိမ်းမည့် စပါးရိတ်သူလူသားအဖြစ် ပုံဆောင်ခဲ့သည်။ ထို့နောက် ဒုတိယကောက်ရိတ်သူ—ကောင်းကင်တမန် တစ်ပါး—သည် ကျန်ကြွင်းသောလောကီသားတို့ကို ရိတ်သိမ်း၍ ဘုရားသခင်၏အမျက်တော်၏ စပျစ်သီးနယ်ရာကျင်း၌ သူတို့၏အသွေးကို ကြေမွစေသည်။ ဤရူပါရုံသည် သခင်ယေရှု၏အဆုံးစွန် သော အနာဂတ်အောင်ပွဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၎င်းက နိမိတ်လက္ခဏာသည် သခင်ယေရှုအပေါ် သစ္စာစောင့်သိသော သူတို့ကိုသက်သေပြပြီး၊ သစ္စာမစောင့်သိသော သူတို့ကိုဖျက်စီးမည့် ကြီးကျယ်ခမ်း နားသောအထွတ်အထိပ်သို့ ရွေ့လျားနေကြောင်းဖော်ပြခဲ့သည်။

ယောဟန်၏မူလစာဖတ်သူများသည် ဤအားတက်စရာကို တွေ့ရှိသင့်ပါသည်။ သူတို့ကြုံတွေ့နေ ရသော ဆင်းရဲဒုက္ခသည် ကိုယ်တော်၏ရန်သူများအပေါ် ဘုရားသခင်သွန်းလောင်းမည့် အမျက်ဒေါသနှင့် နှိုင်းယှဉ်ရန် မထိုက်တန်ကြောင်း သူတို့အသိအမှတ်ပြုကြမည်ဖြစ်သည်။ ထို့ပြင် နောက်ဆုံးတွင် မှန်ကန် ကြောင်းသက်သေပြပြီး ကောင်းချီးမင်္ဂလာခံစားရမည်ဟူသောအချက်မှ မျှော်လင့်ခြင်းနှင့်ယုံကြည်မှုကို သူတို့ယူကြမည်ဖြစ်သည်။

> ချစ်ခြင်းမေတ္တာရှိသောဘုရားသခင်သည် သူ၏ရန်သူများအပါအဝင် လူများကို ငရဲသို့မည်ကဲ့သို့စေလွှတ်နိုင်သည်ဟူသည့် ပြဿနာနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုယ်တိုင် နားမလည်မှုကို မကြာခဏခံစားရသည်။ ကျွန်ုပ်တို့ တစ်ခါတရံရုန်းကန်နေရသည့် အကြောင်းရင်းတစ်ခုမှာ ဘုရားသခင့် ချစ်ခြင်းမေတ္တာ၏ဂုဏ်ရည်တော်မှ—အစစ်အမှန် အရည်အချင်းတစ်ခု— ကျွန်ုပ်တို့လွဲချော်သွားသောကြောင့်၊ ၎င်းကို ကိုယ်တော်၏အသွင်အပြင်မှ၊ သမ္မာကျမ်းစာ၏ဇာတ်ကြောင်းမှ ကောက်နုတ်ယူပြီး၊ စိတ်ကူးယဉ်ဆန်လွန်း သောကြောင့် ဖြစ်သည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် စရိုက်လက္ခဏာ၏ အကြွင်းမဲ့အမှန်တရားကို ခွဲခြမ်းစိတ်ဖြာခြင်းမပြုမိစေရန် သတိထားရန်လိုပါသည်။ အကယ်၍ဘုရားသခင်၏မေတ္တာတော်ကို ကိုယ်တော်၏သန့်ရှင်းခြင်းအကြောင်းနှင့်အတူ ကျွန်ုပ်တို့နားလည်သဘောပေါက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပါက၊ ငရဲနှင့် နောက်ဆုံးတရားစီရင်ခြင်းသည် လေးနက်သောအမှန်တရားဖြစ်ပြီး၊ ဘုရားသခင်သည် နောင်တမရသောသူများကို ငရဲ၌ တရားစီရင်ခြင်းသည် လုံးဝမှန်ကန်ကာ တရားမျှတပြီး၊ သူသည်လုပ်ဆောင်မှုမရှိလျှင် ကောင်းမြတ်သည်ဟု ကျွန်ုပ်တို့ပြောမည်မဟုတ်ပါ။ အကယ်၍ ဘုရားသခင်သည် သမ္မာကျမ်းစာတွင်ပါရှိသည့်အတိုင်း တစ်ပါးတည်းသောစစ်မှန်သည့် ဘုရားသခင်ကိုကိုးကွယ်မှုအား တန်ဖိုးထားခြင်းမရှိပါက၊ အပြစ်ကိုလျစ်လျူရှုပြီး အရေးမပါသောအရာအဖြစ်သဘောထားပါက၊ သူသည်ကောင်းမြတ်သည်ဟု ကျွန်ုပ်တို့မယူဆနိုင်ပါ။ ထို့ကြောင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို နားလည်ရန်သည် အရေးကြီးသော အရည်အချင်းတစ်ခုဖြစ်သည်။ သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် ဘုရားသခင်၏ စရိုက်လက္ခဏာနှင့် ပတ်သက်၍ ကျွန်ုပ်တို့သိရှိသည့်အရာများမှ ၎င်းကို ကောက်နုတ်ယူပြီးခွဲထုတ်ရန် မလိုလားပါ။
>
> **Dr Robert G. Lister**

ပုံဆောင်နိမိတ်လက္ခဏာများ၏ ရူပါရုံသင်ခန်းစာများမှစ၍၊ ခရစ်တော်သည် စာတန်ကို လက်ဝါးကပ်တိုင်တွင် အနိုင်ယူပြီးဖြစ်ကြောင်း ယောဟန်၏မူလစာဖတ်သူများ သတိပြုသင့်သည်။ ထို့ပြင် စာတန်သည် ကိုယ်တော်၏ပထမအကြိမ်ကြွလာစဉ်တွင် ခရစ်တော်ကိုအနိုင်ယူရန် ပျက်ကွက်ခဲ့သောကြောင့်၊ ယုံကြည်သူများ သည် ဤတစ်ကြိမ်တွင်လည်း စာတန်သည်ကျရှုံးမည်ဟု ယုံကြည်ချက်ရှိနိုင်ပါသည်။ နောက်ဆုံးတွင်၊ ခရစ်တော်သည် ပြန်လာ၍ စာတန်နှင့် သူ၏သားရဲများကို ဖျက်ဆီးမည်ဖြစ်သည်။ ထိုအတောအတွင်း၊ ယုံကြည်သူများသည် ရှုံးနိမ့်နေသောရန်သူ၏ သေလုမြောပါးဖြစ်သည့်ရလဒ်ကြောင့် သာနိုပ်စက်ညှဉ်းပန်းခြင်းကို ခံစားခဲ့ရသည်။

ကျွန်ုပ်တို့သည် တံဆိပ်ခုနစ်ခု၊ တံပိုးခုနစ်ခုနှင့် ပုံဆောင်နိမိတ်လက္ခဏာခုနစ်ခုကို လေ့လာပြီးဖြစ်၍၊ ယခုဗျာဒိတ် ၁၅ နှင့် ၁၆ ရှိဘုရားသခင်၏အမျက်တော်ဖလားခုနစ်လုံးဖြစ်သည့် အနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်သော စတုတ္ထမြောက်ရူပါရုံများကို ကြည့်ကြပါစို့။

## ဖလားခုနစ်လုံး

ဖလားခုနစ်လုံးရူပါရုံသည် မတရားသောသူတို့အပေါ် ဘုရားသခင်၏အမျက်တော် ရွှေဖလားခုနစ်လုံးကို သွန်းလောင်းသည့် ကောင်းကင်တမန်ခုနစ်ပါးကို ဖော်ပြသည်။ ဤရူပါရုံသည် တံဆိပ်ခတ်ခြင်း၊ တံပိုးမှုတ်ခြင်း နိမိတ်လက္ခဏာများကဲ့သို့ တူညီသောဖွဲ့စည်းပုံအတိုင်းဖြစ်သည်_ဖလားခြောက်လုံးပြီးနောက် ကြားဖြတ်ကာလရှိပြီး၊ ထို့နောက်တွင် သတ္တမမြောက်ဖလားကို သွန်းလောင်းသည်။

၎င်းတွင် မှတ်သားစရာအခြား တူညီမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့်၊ ပထမတံပိုးလေးခုကဲ့သို့ ပထမဖလားလေးလုံးသည် ကမ္ဘာလောက၏အဓိကဒေသလေးခုဖြစ်သည့် မြေ၊ ပင်လယ်၊ မြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ချောင်းနှင့် ကောင်းကင်ယံတို့ကို ပျက်စီးစေခဲ့သည်။ သို့သော် တံပိုးများစီရင်ချက်သည် မြေကြီး၏ သုံးပုံတစ်ပုံမျှသာ ထိခိုက်သော်လည်း၊ ဖလားများသည် ကမ္ဘာလောကတစ်ခုလုံးကို ထိခိုက်ခဲ့သည်။

ပထမဖလားသည် သားရဲ၏တံဆိပ်လက်မှတ်နှင့် နာမတော်ကိုကိုးကွယ်သူတိုင်းအပေါ် နာကျင်သောအနာများ ကျရောက်စေသည်။ ဒုတိယဖလားသည် ပင်လယ်ကို သွေးအဖြစ်ပြောင်းသွားစေသည်။ တတိယဖလားသည် မြစ်ချောင်းများကို သွေးအဖြစ်ပြောင်းစေသည်။ စတုတ္ထဖလားသည် နေမှပူပြင်းသောအပူကို ဖန်တီးသည်။ ဤဆိုးရွားသော ဘေးဒဏ်များရှိလင့်ကစား၊ လူများသည် ဘုရားသခင်ကို ကျိန်ဆဲပြီး နောင်တရရန် ငြင်းဆိုကြသည်။

ပဉ္စမဖလားကို သားရဲ၏ပလ္လင်ပေါ်တွင် သွန်းလောင်းခဲ့သည်။ ဗျာဒိတ် ၁၃ မှ ဤသားရဲသည် ပင်လယ်ထဲကထွက်လာသောသားရဲဖြစ်သည်မှာထင်ရှားပြီး၊ သူ၏အုပ်စိုးခြင်းတွင် မြေကြီးမှထွက်လာသောသားရဲ၏ထောက်ခံမှုကို ရရှိသည်။ ဤဖလားသည် သားရဲ၏နိုင်ငံကို မှောင်မိုက်ထဲသို့ ထိုးကျသွားစေသော်လည်း၊ ၎င်း၏နောက်လိုက်များသည် ဘုရားသခင်ကို ကျိန်ဆဲပြီး နောင်တရရန် ငြင်းဆန်ဆဲဖြစ်သည်။ ဆဋ္ဌမဖလားကို သွန်းလောင်းသောအခါ၊ ဘုရားသခင်ကတိတော်ပြည်ကို ကျူးကျော်ခြင်းအလို့ငှာ၊ အရှေ့အရပ်မှ ရှင်ဘုရင်များအတွက် လမ်းရှင်းပေးကာ ဥဖရတ်မြစ်ကို ခန်းခြောက်စေသည်။

ဗျာဒိတ် ၁၆:၁၅ အရ၊ အရှေ့အရပ်မှ ဘုရင်များနှင့် ဘုရားသခင့်လူမျိုးကြားတွင် အဆုံးအဖြတ်တိုက်ပွဲတစ်ခုသည် အာမဂေဒုန် သို့မဟုတ် မေဂိဒ္ဒေါတောင်တွင် တိုက်ခိုက်လိမ့်မည်။ ရှေးက္ကသရေလနိုင်ငံတွင် မေဂိဒ္ဒေါသည် မက်ဆိုပိုတေးမီးယားနှင့် အီဂျစ်နိုင်ငံတို့ကြား အဓိကကုန်သွယ်ရေးလမ်းကြောင်းရှိ အဓိကမြို့တစ်မြို့ဖြစ်သည်။ ကြီးမားသောစစ်တပ်များသည် ယေဇရေလချိုင့်ဝှမ်းတွင် သို့မဟုတ် တစ်ခါတစ်ရံ အက်စ်ဒရေလန်လွင်ပြင်ဟု ခေါ်သည့်အရပ်တွင် စုဝေးနိုင်သည်။ ထို့ပြင် ဘုရားသခင်၏လူများသည် ယခင်က မေဂိဒ္ဒေါတွင် စစ်ပွဲအောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့်၊ ၎င်းသည် ဘုရားသခင့်ကျေးကျွန်များနှင့် ကိုယ်တော်၏ရန်သူများကြား အထွတ်အထိပ်တိုက်ပွဲအကြောင်း ဖော်ပြရန် သင့်လျော်သောအမှတ်သင်္ကေတတစ်ခုဖြစ်သည်။

ထို့နောက်၊ ဗျာဒိတ် ၁၆:၁၆ တွင်ကြားဖြတ်ကာလအတွက် ယောဟန်၏ရူပါရုံကို ခေတ္တရပ်လိုက်ပြီး၊ အောက်ပါကြေညာချက်ကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> အသံတော်ကား၊ သူခိုးကဲ့သို့ ငါလာ၏။ အဝတ်အချည်းစည်းနှင့် သွားလာ၍ သူတပါးရှေ့၌ ရှက်စရာအကြောင်း မရှိစေခြင်းငှါ နိုးလျက်နေ၍၊ ကိုယ်အဝတ်ကို စောင့်သောသူသည် မင်္ဂလာရှိ၏ (ဗျာဒိတ် ၁၆:၁၆)။

ဗျာဒိတ် ၃ ပါသာဒိအသင်းတော်ထံ သူ၏ပေးစာအား ပြန်လည်သတိရသောအခါ၊ ခရစ်တော်သည် မိမိ၏နောက်လိုက်များအား အချိန်တိုင်းနိုးကြားရန်နှင့် သစ္စာရှိရန် တိုက်တွန်းခဲ့သည်။

ကြားဖြတ်ကာလပြီးသောအခါ၊ သတ္တမဖလားသည် မတရားသောသူတို့၏နောက်ဆုံးပျက်စီးခြင်းအတွက် အစပျိုးခဲ့သည်။ လျှပ်စစ်ပြက်ခြင်းနှင့် မိုးယံချုန်းခြင်းများ ဖြစ်ခဲ့သည်။ မြေငလျင်သည် လူတို့၏မြို့များကို ဖြိုချခဲ့သည်။ ကျွန်းများ နစ်မြုပ်ခဲ့သည်။ တောင်များပြိုကျခဲ့သည်။ ထို့ပြင် ဧရာမမိုးသီးများက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူသားများကို ကြေမွသွားစေသည်။ ဤသည်မှာ ခေတ်ကာလ၏အဆုံးဖြစ်သည်—ခရစ်တော်ပြန်ကြွလာသောအခါ၌ ဖြစ်ပေါ်မည့် ပစ္စုပ္ပန်ကမ္ဘာလောက၏ ပျက်စီးခြင်းဖြစ်သည်။

ဖလားခုနစ်လုံးသည် အနာဂတ်ဖြစ်ရပ်များအတွက် ယောဟန်၏ရူပါရုံကို ပြီးမြောက်စေသည်။ တံဆိပ်များ၊ တံပိုးများ၊ နိမိတ်လက္ခဏာများနှင့် ဖလားများအားလုံးသည် ကိုယ်တော်၏လူများ၏ ဘေးကင်းမှုနှင့် ကောင်းချီးမင်္ဂလာများကို သေချာစေရန် သမိုင်းတွင် ဝင်ရောက်စွက်ဖက်သည့် ဘုရားသခင်၏ကတိကဝတ်ကို ဖော်ပြသည်။ ယောဟန်၏ခေတ်တွင်၊ ရောမအင်ပါယာသည် အာရှမိုင်းနားရှိ အသင်းတော်များအတွက် လုံခြုံဘေးကင်းပုံရသည်။ ထို့ပြင် အသင်းတော်၏ မျက်မှောက်ခေတ် ရန်သူများသည် လည်း အလားတူအင်အားကြီးမားပုံပေါ်သည်။ သို့သော် ဘုရားသခင်သည် သူ၏ရန်သူများနှင့် ကျွန်ုပ်တို့၏ရန်သူများကို ဖျက်ဆီးရန် ဆုံးဖြတ်ထားသည်။ ကျွန်ုပ်တို့သည် ပြင်းထန်သော ဆန့်ကျင်မှုနှင့် ဖိနှိပ်မှုများ ရင်ဆိုင်ရသည့်အခါတွင်ပင်၊ ခေတ်ကာလအဆက်ဆက်ခရစ်ယာန်တိုင်း ခရစ်တော်အပေါ် သစ္စာတည်မြဲရန် ၎င်းသည်တိုက်တွန်းအားပေးသည်။

ကျွန်ုပ်တို့သည် ယောဟန်၏ ပထမနှင့် ဒုတိယရူပါရုံကို ဆန်းစစ်ကြည့်ပြီးနောက်၊ ယခုဗျာဒိတ် ၁၇:၁–၂၂:၈ ပါပြည့်တန်ဆာကြီးအားစီရင်ခြင်းနှင့်ပတ်သက်သော သူ၏ရူပါရုံကိုကြည့်ကြပါစို့။

## ပြည့်တန်ဆာကြီး

ဤရူပါရုံသည် ကန္တာရ၌ ဖြစ်ပျက်ခဲ့သည်။ ဗျာဒိတ် ၁၇:၁ အရ၊ ဤရူပါရုံတစ်ခုလုံးသည် ခရစ်တော်ပြန်ကြွလာခြင်းအပါအဝင်၊ ပြည့်တန်ဆာကြီးအားစီရင်ခြင်း၊ မကောင်းမှု၏အင်အားစုများ လုံးဝရှုံးနိမ့်သွားသည့် နောက်ဆုံးတိုက်ပွဲ၊ ခရစ်တော်အပေါ်သစ္စာစောင့်သိသူများ၏အုပ်စိုးမှုနှင့် ကောင်းကင်နှင့်မြေကြီး၏နောက်ဆုံးပြန်လည်ဆန်းသစ်ခြင်း စသည်တို့ကို အာရုံစိုက်သည်။ ယောဟန်သည် ခရစ်တော်အပေါ်သစ္စာစောင့်သိသူတို့အတွက် နောက်ဆုံးကောင်းချီးမင်္ဂလာများနှင့် သစ္စာမစောင့်သောသူတို့အပေါ် အဆုံးစွန်ကျိန်ခြင်းသင့်စေမည့်အကြောင်း ပရိသတ်၏အာရုံစိုက်မှုကို ရယူရန် ဤအပိုင်းကို ရေးဆွဲထားသည်။ ဤနှစ်ဆအာရုံစူးစိုက်မှုသည် သူ၏စာဖတ်သူများကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုရှာရန်နှင့် ကိုယ်တော်၏တရားစီရင်ခြင်းကို ရှောင်ရှားရန် လှုံ့ဆော်ပေးသည်။

ပြည့်တန်ဆာကြီးကို ပြစ်ဒဏ်ပေးသည့် ရူပါရုံအတွင်း၌ သေးငယ်သောရူပါရုံ နှစ်ခုရှိသည်။ ပထမတစ်ခုက ဗာဗုလုန်အပေါ် ဘုရားသခင်၏တရားစီရင်ခြင်းနှင့် ပတ်သက်ပြီး၊ ဒုတိယမှာ သန့်ရှင်းသူများ၏အုပ်စိုးမှုကို အာရုံစိုက်သည်။ ဗျာဒိတ် ၁၇:၁–၁၉:၂၁ တွင် ဗာဗုလုန်အပေါ်တရားစီရင်ခြင်းမှအစပြုကာ၊ နှစ်ခုစလုံးကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဗာဗုလုန်အပေါ်တရားစီရင်ခြင်း

တံဆိပ်ခတ်ခြင်း၊ တံပိုးမှုတ်ခြင်း၊ နိမိတ်လက္ခဏာများနှင့် ဖလားများဆိုင်ရာ ယောဟန်၏ရူပါရုံများကဲ့သို့ပင်၊ ဗာဗုလုန်အပေါ်တရားစီရင်ခြင်းနှင့်ပတ်သက်သော သူ၏ရူပါရုံများသည် အသင်းတော်သမိုင်းကိုလည်း ပြန်လည်ကောက်နုတ်ထားသည်။

ဗျာဒိတ် ၁၇:၁-၆ တွင် ဗာဗုလုန်မြို့ကို ပြည့်တန်ဆာအဖြစ် ဖော်ပြသည်။ သူမသည် စွဲဆောင်မှုရှိသောအဝတ်အစားများကို ဝတ်ဆင်ထားပြီး ရွှေ၊ အဖိုးတန် ကျောက်မျက်ရတနာများနှင့် ပုလဲများဖြင့် တောက်ပနေသည်။ သူမ၏အသွင်အပြင်နှင့် ပြည့်တန်ဆာလုပ်ငန်းသည် ဘုရားသခင့်လူမျိုးကို စစ်မှန်သောဝတ်ပြုခြင်းနှင့် သစ္စာရှိစွာအသက်ရှင်နေထိုင်ခြင်းမှ ဝေးကွာသွားစေသည့် တရားမဝင်ပျော်ရွှင်မှုအားလုံးကို ပုံဆောင်သည်။ သို့သော် သူမသည် ကန္တာရထဲမှပေါ်လာသည်မှာ ဖိမ်ခံမှုနှင့် ပျော်ရွှင်မှုများကို သူမအနေဖြင့် မပေးနိုင်ကြောင်း သိသာထင်ရှားသည်။ ဤအချက်ကို အတည်ပြုရန်၊ စက်ဆုပ်ရွံရှာဘွယ်သောအရာများနှင့် မတရားသောမေထုန်၏ ညစ်ညူးခြင်းနှင့်ပြည့်သောရွှေဖလားကို သူမကိုင်ဆောင်ထားသည်။

ပြည့်တန်ဆာသည် ခေါင်းခုနစ်လုံးနှင့် ချိုဆယ်ချောင်းရှိသော နီသောသားရဲပေါ်တွင် ထိုင်နေသည်။ ဤသည်မှာ ဗျာဒိတ် ၁၃ တွင်ဖော်ပြထားသော ပင်လယ်မှထွက်လာသော သားရဲဖြစ်သည်။ ဘုရားသခင်၏အသရေတော်ကို ရှုတ်ချသောနာမများဖြင့် ဖုံးအုပ်ထားပြီး၊ ၎င်း၏ဆိုးညစ်မှုနှင့် နောက်လိုက်သူတို့၏ ရုပ်တုကိုးကွယ်မှုကို ကိုယ်စားပြုသည်။

ပြည့်တန်ဆာနှင့် သားရဲပုံသဏ္ဌာန်၏အဓိပ္ပါယ်ကို အခြားအခန်းဆက်သင်ခန်းစာများတွင် ဖော်ပြထားသည်။ တံဆိပ်များ၊ တံပိုးများ၊ နိမိတ်လက္ခဏာများနှင့် ဖလားများ၏ အစောပိုင်းသင်ခန်းစာများကဲ့သို့ပင်၊ ဤအခန်းဆက်သင်ခန်းစာ၏ဖွဲ့စည်းပုံသည် တရားစီရင်ခြင်းနှင့် မြည်တမ်းခြင်းဆိုင်ရာ သတင်းစကားခြောက်ခုကို ဖော်ပြထားပြီး၊ ၎င်းနောက်တွင် ကြားဖြတ်ကာလပါရှိသည်။ သို့သော် ခရစ်တော်နှင့် သူ၏ရန်သူများကြား နောက်ဆုံးတိုက်ပွဲကို ဖော်ပြသည့် သတ္တမမြောက်သတင်းစကားအစား၊ ဤအခန်းဆက်သင်ခန်းစာသည် တိုက်ပွဲရူပါရုံဖြင့် အဆုံးသတ်ထားသည်။

ဗျာဒိတ် ၁၇:၇-၁၈ တွင်တွေ့ရသော ပထမသတင်းစကားသည် ပြည့်တန်ဆာနှင့် သားရဲ၏ရူပါရုံအသေးစိတ်ကို အနက်ဖွင့်ဆိုသည်။ ဘုရားသခင်သည် သူ့ကိုဆန့်ကျင်သော လူတိုင်းနှင့်အရာအားလုံးကို လုံးဝဖျက်ဆီးပစ်မည်ဟု ပြောခြင်းဖြင့် ဤသတင်းစကားကို ကျွန်ုပ်တို့အကျဉ်းချုပ်နိုင်သည်။

ဗျာဒိတ် ၁၈:၁-၃ ပါဒုတိယသတင်းစကားသည်၊ ဗာဗုလုန်မြို့နှင့် လူမျိုးတကာ၊ သူမသွေးဆောင်ခဲ့သော ဘုရင်များနှင့်ကုန်သည်အပေါင်းတို့၏ အကြွင်းမဲ့ရှုံးနိမ့်ခြင်းကို ဖော်ပြသည်။

ဗျာဒိတ် ၁၈:၄-၈ တွင်မှတ်တမ်းတင်ထားသော တတိယသတင်းစကားသည်၊ ဗာဗုလုန်ကိုငြင်းပယ်ရန်နှင့် သူမ၏အကျင့်ယိုယွင်းမှုနှင့် သီးခြားနေရန် ဘုရားသခင့်လူမျိုးကို တောင်းဆိုထားသည်။

ဗျာဒိတ် ၁၈:၉-၂၀ တွင်ဖော်ပြထားသော စတုတ္ထသတင်းစကားတွင်၊ သားရဲကိုကိုးကွယ်ပြီး ဗာဗုလုန်၏ဖိမ်ခံမှုမှအမြတ်အစွန်းရခဲ့သော ရှင်ဘုရင်များ၊ ကုန်သည်များနှင့် သင်္ဘောသားစသည့် သုံးဦးတို့၏ မြည်တမ်းခြင်းပါရှိသည်။ ဝမ်းနည်းစရာမှာ၊ ဤမြည်တမ်းခြင်းသည် နောင်တရခြင်းနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်တော်ကိုယုံကြည်ခြင်းတို့ကို လှုံ့ဆော်ပေးခြင်းမဟုတ်ပါ။ ယင်းအစား ဘုရင်များ၊ ကုန်သည်များနှင့် သင်္ဘောသားများသည် ဗာဗုလုန်၏ သာယာဝပြောသော ကနဦးအချိန်ကို တောင့်တစွာပြန်၍ကြည့်ခြင်းဖြစ်သည်။

ဤသတင်းစကားတစ်ခုစီတွင်၊ ဗာဗုလုန်သည် ခရစ်တော်၏အုပ်ချုပ်မှုကို ဆန့်ကျင်သောလူမျိုးနှင့် အဖွဲ့အစည်းတိုင်းကို ကိုယ်စားပြုသည်။ သခင်ယေရှုသည် သူ၏ရန်သူအပေါင်းတို့ကို ဖျက်ဆီးတော်မူပြီး၊ မတရားသောသူတို့သည် ၎င်းတို့၏ အပြစ်၌ပျော်ရွှင်ခြင်းများ ဆုံးရှုံးခြင်းအတွက် ဝမ်းနည်းပူဆွေးကြလိမ့်မည်ဟု သတင်းစကားများက ခရစ်တော်၏နောက်လိုက်များအား အားပေးတိုက်တွန်းသည်။ သို့သော် ကျွန်ုပ်တို့သည် တူညီသောတရားစီရင်ခြင်းအောက်သို့ မကျရောက်စေရန်၊ ဤတူညီသောအပြစ်များကို မကျူးလွန်ရန် သတင်းစကားများက အသင်းတော်ကိုသတိပေးထားသည်။

> ရုပ်တုကိုးကွယ်ခြင်းနှင့် အကျင့်ယိုယွင်းခြင်းသည် မယုံကြည်သူများကို ဆွဲဆောင်ပြီး၊ ယုံကြည်သူများအတွက်လည်း အလွန်ဆွဲဆောင်မှုရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းသည် အလွန်ရိုးရှင်းပါသည်။ ၎င်းသည် တားမြစ်ထားသောအသီးဖြစ်သည်။ ၎င်းသည် ကျွန်ုပ်လိုချင်သည့်အရာဖြစ်သည်။ ကျွန်ုပ်မစားသင့်သည့်အရာတစ်ခု ရှိနိုင်သော်လည်း၊ စားရန်ပြောနေသည့် ကျွန်ုပ်တို့၏ အတွင်းထဲ၌တည်ဆောက်ခဲ့သော အရာတစ်ခုရှိသည်။ သို့သော် ကျွန်ုပ်ပို၍ စဉ်းစားမိသည့်အချက်မှာ၊ ဤအရာများသည် ကောင်းသည်၊ အကျင့်ပျက်မှုသည်လည်း ကောင်းသည်ဟုထင်ပါသည်။ ၎င်းသည် အခိုက်အတန့်တစ်ခု၌ တစ်စုံတစ်ခုကိုငြိမ်းအေးသွားစေသည်၊ ထိုအရာသည် အဓိကအချက်ပင်ဖြစ်သည်။ အခိုက်အတန့်ငြိမ်းအေးစေသော အရာသည် တစ်စုံတစ်ခုတွင် ရှိသင့်သည့် အဓွန့်ရှည်၊ မွန်မြတ်၊ သန့်ရှင်းသောတန်ဖိုးရှိရန်မလိုပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည်ယုံကြည်ခြင်းရှိလျက် ပြောရန်မှာ၊ "ရုပ်တုကိုးကွယ်ခြင်း၊ အကျင့်ယိုယွင်းမှုဟု ကျမ်းစာကခေါ်သည့်အရာကို ကျွန်ုပ်တို့ဆက်လက်လုပ်ဆောင်ကာ ဤအဓိပ္ပါယ်များအတိုင်း ရှေ့ဆက်အသက်ရှင်သွားပါမည်။ အခိုက်အတန့်အတွင်း ၎င်းသည် ကောင်းစွာမခံစားရသော်လည်း၊ ၎င်း၌ရေရှည်တန်ဖိုးရှိသည်ကို ကျွန်ုပ်သိပါသည်။" ထို့ပြင်၊ ၎င်းသည် ကျွန်ုပ်တို့အားဘုရားသခင် အသက်ရှင်စေလိုသောလမ်းကို ပြသသည်။

**Dr Matt Friedeman**

ပဉ္စမမြောက် ဗာဗုလုန်အပေါ် တရားစီရင်ခြင်းသတင်းစကားသည် ဗျာဒိတ် ၁၈:၂၁-၂၄ တွင် တွေ့ရပြီး၊ ဗာဗုလုန်၏ထာဝရပျက်စီးခြင်းအကြောင်းကို ဖော်ပြသည်။

ဤအခန်းဆက်သင်ခန်းစာရှိ ဆဋ္ဌမမြောက်သတင်းစကားကို ဗျာဒိတ် ၁၉:၁-၈ တွင် မှတ်တမ်းတင်ထားပြီး၊ ကောင်းကင်ဘုံရှိ ဘုရားသခင့်လူများ၏ ချီးမြှောက်ခြင်းပါရှိသည်။ ဗာဗုလုန်အပေါ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားစီရင်ခြင်းကို တုံ့ပြန်သည့်အနေနှင့် ဘုရားသခင့်သစ္စာစောင့်သိသူများသည် ကိုယ်တော်အား ချီးမွမ်းကြသည်။ ဗာဗုလုန်ကိုတရားစီရင်ခြင်းသည် ခရစ်တော်တည်းဟူသော သိုးသငယ်နှင့် သူ၏ သတို့သမီးအဖြစ်၊ အသင်းတော်၏မင်္ဂလာဆောင်ခြင်းအတွက် လမ်းရှင်းပေးကြောင်း အသိအမှတ်ပြု သဖြင့် သူတို့၏ချီးမွမ်းမှုများသည် ဆက်လက်ဖြစ်ပေါ်နေပါသည်။

ထို့နောက်၊ ဗျာဒိတ် ၁၉:၉-၁၀ ပါကြားဖြတ်ကာလသည် သတင်းစကားများကိုဟန့်တားသည်။ ဤကြားဖြတ်ကာလတွင်၊ သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲတွင်ပါဝင်သူအားလုံးအတွက် ကောင်းချီးမင်္ဂလာကိုရေးမှတ်ရန် ယောဟန်အား အမိန့်ပေးထားသည်။

နောက်ဆုံးအနေဖြင့်၊ ဤရူပါရုံသင်ခန်းစာသည် ဗျာဒိတ် ၁၉:၁၁-၂၁ တွင်ဖော်ပြထားသည့် ဘုရားသခင်နှင့် ကိုယ်တော်၏ရန်သူများကြား နောက်ဆုံးတိုက်ပွဲနှင့် နိဂုံးချုပ်ထားသည်။ ခရစ်တော်သည် ဘုရားသခင်၏စစ်သည်တော်အဖြစ် ထွက်ပေါ်လာပြီး၊ ဘုရားသခင်၏ရန်သူအပေါင်းတို့ကို စစ်တိုက် တော်မူသည်။ ဤရန်သူများကို ဗျာဒိတ် ၁၃ မှ သားရဲနှင့် မိစ္ဆာပရောဖက်တို့က ဦးဆောင်ကြပြီး၊ ၎င်းတို့ သည် ပင်လယ်မှထွက်လာသောသားရဲနှင့် မြေကြီးမှထွက်လာသောသားရဲ အသီးသီးဖြစ်ကြသည်။ သားရဲနှင့် မိစ္ဆာပရောဖက်တို့သည် ထာဝရရှုံးကြလိမ့်မည်မှာ ငြင်းဖွယ်ရာမရှိပါ။ ဗျာဒိတ် ၁၉:၂၀ တွင် သူတို့၏ကျဆုံးခြင်းကို မည်သို့ဖော်ပြထားသည်ကို နားထောင်ပါ_

> သားရဲကို ဘမ်းမိကြ၏။ သားရဲ၏တံဆိပ်လက်မှတ်ကိုခံ၍၊ သူ၏ရုပ်တုကို ကိုးကွယ်သောသူတို့ကို လှည့်ဖြား၍ သားရဲရှေ့၌ နိမိတ်များကို ပြတတ်သော မိစ္ဆာပရောဖက်ကိုလည်း ဘမ်းမိကြ၏။ အသက်ရှင် လျက်ရှိသော ထိုသူနှစ်ဦးကို ကန့်နှင့်လောင်သော မီးအိုင်ထဲသို့ ချပစ်ကြ၏ (ဗျာဒိတ် ၁၉:၂၀)။

နောက်ဆုံးတိုက်ပွဲသည် သူ၏လူများကိုယ်စား ဘုရားသခင်ဆင်နွှဲခဲ့သော စစ်ပွဲအားလုံးကို အဆုံးသတ်ပြီး၊ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင် အောင်ပွဲခံခြင်းဖြင့် ပြီးမြောက်စေသည်။

ကျွန်ုပ်တို့သည် ဗာဗုလုန်အပေါ် တရားစီရင်ခြင်းကို လေ့လာခဲ့ပြီးနောက်၊ ယခုဗျာဒိတ် ၂၀:၁–၂၂:၈ တွင် သန့်ရှင်းသူများ၏အုပ်စိုးမှုနှင့်ပတ်သက်သည့် အခန်းဆက်သင်ခန်းစာကို ဆန်းစစ်ကြည့်ကြပါစို့။

## သန့်ရှင်းသူများ၏အုပ်စိုးမှု

ဗျာဒိတ်ကျမ်း ၂၀:၁-၁၀ ၌တွေ့ရသော သန့်ရှင်းသူများ၏အုပ်စိုးမှုဆိုင်ရာ ဤအခန်းဆက် သင်ခန်းစာတွင်၊ အများအားဖြင့် အနှစ်တစ်ထောင်ဟုခေါ်သော သန့်ရှင်းသူများ၏အုပ်စိုးမှုမှအစပြု၍၊ အပိုင်းသုံးပိုင်းပါဝင်သည်။

**နှစ်တစ်ထောင်အုပ်စိုးမှု။** ဤအခန်းတွင်၊ ကောင်းကင်တမန်တစ်ပါးသည် ဆင်းသက်လာပြီး စာတန်ဖြစ်သည့် နဂါးကြီးကို ချည်နှောင်ထားသည်ကို ယောဟန်တွေ့ခဲ့သည်။ သစ္စာရှိသောခရစ်ယာန် အာဇာနည်များ အသက်ပြန်ရှင်လာပြီး ခရစ်တော်နှင့်အတူ စိုးစံနေချိန်တွင် စာတန်သည် နောက်အနှစ် တစ်ထောင် ချည်နှောင်ခြင်းခံရမည်ဟု ယောဟန်မြင်ခဲ့သည်။ ဗျာဒိတ် ၁၉ တွင်ဖော်ပြထားသည့်အတိုင်း၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်ကိုတိုက်ခိုက်ခြင်းငှာ နောက်ဆုံးတိုက်ပွဲအတွက် လူမျိုးများကိုစုရုံးရန် အနှစ်တစ်ထောင်ကြာသောအခါ စာတန်သည် လွတ်မြောက်လာမည်ဖြစ်ကြောင်းလည်း ယောဟန်မြင်ခဲ့သည်။ ဤတိုက်ပွဲ၏အဆုံးတွင်၊ ဘုရားသခင်၏ရန်သူအားလုံးသည် အပြီးအပိုင်ဖျက်ဆီးခံရမည်ဖြစ်သည်။ စာတန်သည်ပင်လျှင် ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ထာဝရပစ်ချခံရမည်ဖြစ်သည်။

အနက်ပြန်သူအများစုသည်
ယောဟန်၏နောက်ဆုံးသောကာလဆိုင်ရာပရောဖက်ပြုချက်ကဲ့သို့ပင်၊ ဗျာဒိတ်ကျမ်း ၂၀ သည်မြင့်မားသော ပုံဆောင်ချက်ဖြစ်ကြောင်း အသိအမှတ်ပြုကြသည်။ ယုံကြည်သူများသည် ၎င်း၏အမှတ်သင်္ကေတများကို ပုံစံအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အမှန်တကယ်တွင်၊ ဤကျမ်းပိုဒ်ထက်ပို၍ငြင်းခုံရမည့်ကျမ်းပိုဒ်ကို ဗျာဒိတ်ကျမ်းတစ်အုပ်လုံးတွင်ရှာရခက်ခဲပါလိမ့်မည်။

ခြုံငုံ၍ပြောရလျှင်၊ ဤကျမ်းပိုဒ်အတွက် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော အဓိကခံယူချက်လေးခုရှိသည်။ ဤကျမ်းပိုဒ်တစ်လျှောက်တွင် ဖော်ပြထားသော ထောင်စုနှစ် သို့မဟုတ် အနှစ်တစ်ထောင်ကို နားလည်ပြီးနောက် တစ်ခုစီကို အမည်ပေးထားသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ ခံယူချက်လေးခုမှာ_သမိုင်းဆိုင်ရာအနှစ်တစ်ထောင်မတိုင်မီဝါဒ historic premillennialism, ခေတ်ကာလဆိုင်ရာ အနှစ်တစ်ထောင်မတိုင်မီဝါဒ dispensational premillennialism, အနှစ်တစ်ထောင်လွန်ဝါဒ postmillennialism နှင့် အနှစ်တစ်ထောင်မဲ့ဝါဒ amillennialism တို့ဖြစ်သည်။

သမိုင်းဆိုင်ရာအနှစ်တစ်ထောင်မတိုင်မီဝါဒနှင့် ခေတ်ကာလဆိုင်ရာ အနှစ်တစ်ထောင်မတိုင်မီဝါဒ နှစ်ခုလုံးသည် အနှစ်တစ်ထောင်မတိုင်မီဝါဒ ဖြစ်သည်၊ ဆိုလိုသည်မှာ ထောင်စုနှစ် မစတင်မီတွင် သခင်ယေရှု ပြန်လာမည်ဟု ယုံကြည်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ အနှစ်တစ်ထောင်လွန်ဝါဒနှင့် အနှစ်တစ်ထောင်မဲ့ဝါဒနှစ်ခုလုံးသည် အနှစ်တစ်ထောင်လွန်စနစ်များဖြစ်ပြီး ထောင်စုနှစ်ကုန်ဆုံးပြီးနောက် ယေရှုပြန်လာမည်ဟု ယုံကြည်ကြသည်။ ဤစနစ်တစ်ခုချင်းစီကို အနည်းငယ်ပို၍အသေးစိတ်လေ့လာကြပါစို့။

သမိုင်းဆိုင်ရာအနှစ်တစ်ထောင်မတိုင်မီဝါဒကို "သမိုင်းဆိုင်ရာ"ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အသင်းတော်သမိုင်းတစ်လျှောက်တွင် မတူညီသောအုပ်စုများနှင့် ဓမ္မပညာရှင်များက လက်ခံခဲ့သည့် နှစ်တစ်ထောင်မတိုင်မီရှုထောင့်ဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းသည် ယေရှုပြန်လာပြီးနောက် စာတန်သည် ချည်နှောင်ခံရမည်ဖြစ်ပြီး၊ ယေရှုသည် အနှစ်တစ်ထောင်တွင် အုပ်စိုးမည်ဖြစ်ကြောင်း သွန်သင်သည်—ကမ္ဘာမြေကြီးငြိမ်းချမ်းသာယာဝပြောသော အနှစ်တစ်ထောင်ကာလဖြစ်သည်။ ယုံကြည်သူများသည် ထောင်စုနှစ်အစတွင် ရှင်ပြန်ထမြောက်သောခန္ဓာကိုယ်များကို ရရှိကြလိမ့်မည်။ မယုံကြည်သူများသည် ရှင်ပြန်ထမြောက်သောခန္ဓာကိုယ်များကို ရရှိမည်မဟုတ်ပါ။ သူတို့သည် ယခုထက် အသက်ပိုရှည်ကြမည်ဖြစ်သော်လည်း သေနေဆဲဖြစ်ကြသည်။ အနှစ်တစ်ထောင်ကုန်ဆုံးသောအခါ၊ စာတန်၏ပုန်ကန်မှုဖြစ်ပေါ်လာပြီးနောက်၊ နောက်ဆုံးတရားစီရင်ခြင်းရှိမည်ဖြစ်သည်။ ထို့နောက် ကောင်းကင်သစ်နှင့်မြေကြီးသစ်အပေါ်ဘုရားသခင်၏ထာဝရစိုးစံမှု စတင်မည်ဖြစ်သည်။ ဤရှုထောင့်သည် ဗျာဒိတ်ကျမ်းအခန်း ၁၉ နှင့် ၂၀ ကိုခုနှစ်သက္ကရာဇ်စဉ်အတိုင်းဖြစ်ကြောင်း နားလည်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခေတ်ကာလဆိုင်ရာ အနှစ်တစ်ထောင်မတိုင်မီဝါဒကို ၁၈၃၀ ခုနှစ်များတွင် စတင်သင်ကြားခဲ့သည်။ အထူးသဖြင့် ထောင်စုနှစ်မတိုင်မီ နောက်ဆုံးဖြစ်ရပ်များနှင့်ပတ်သက်၍ ဤရှုထောင့်တွင် ကွဲပြားမှုများရှိပါသည်။ သို့သော် ယေဘုယျအားဖြင့်၊ ယေရှုသည် ကြွလာသောအခါ ဣသရေလအမျိုးကို ပြန်လည်ထူထောင်၍၊ ယေရုရှလင်မြို့၌ သူ၏ရာဇပလ္လင်ပေါ်မှ လူမျိုးတို့ကို အုပ်စိုးမည်ဟု ခေတ်ကာလဆိုင်ရာ အနှစ်တစ်ထောင်မတိုင်မီဝါဒက သွန်သင်သည်။ အနှစ်တစ်ထောင်ကုန်ဆုံးခါနီးတွင် စာတန်သည် ပုန်ကန်မှုကို လှုံ့ဆော်ပေးမည်ဖြစ်သော်လည်း၊ ဘုရားသခင်သည် စာတန်နှင့် သူ၏အပေါင်းအပါများကို အကြွင်းမဲ့အောင်မြင်မည်ဖြစ်သည်။ ယင်းနောက်၊ နောက်ဆုံးတရားစီရင်ခြင်းရှိမည်ဖြစ်ပြီး၊ ထို့နောက် ကောင်းကင်သစ်နှင့်မြေကြီးသစ်အပေါ် ဘုရားသခင်၏ထာဝရစိုးစံမှု စတင်မည်ဖြစ်သည်။ သမိုင်းဆိုင်ရာ အနှစ်တစ်ထောင်မတိုင်မီဝါဒကဲ့သို့ပင်၊ ဤရှုထောင့်သည်အခန်း ၁၉ နှင့် ၂၀ ကိုခုနှစ်သက္ကရာဇ်စဉ်အတိုင်း ဖြစ်ကြောင်း နားလည်သည်။

သမိုင်းဆိုင်ရာနှင့် ခေတ်ကာလဆိုင်ရာအနှစ်တစ်ထောင်မတိုင်မီဝါဒနှင့် ဆန့်ကျင်ဘက်အားဖြင့် အနှစ်တစ်ထောင်လွန်ဝါဒက ယေရှုသည် ထောင်စုနှစ်ပြီးနောက် ပြန်လာမည်ဟု သွန်သင်သည်။ ထောင်စုနှစ်သည် ခရစ်တော်၏ ပထမနှင့် ဒုတိယကြွလာခြင်းကြားကာလတစ်ခုလုံး သို့မဟုတ် သူပြန်မလာမီ နောက်ဆုံးအနှစ်တစ်ထောင်ကာလ ဖြစ်သည်ဟု ယူဆရသည်။ မည်သို့ပင်ဆိုစေကာမူ၊ အနှစ်တစ်ထောင်အတွင်း ယေရှုသည် သူ၏မြေကြီးဆိုင်ရာအသင်းတော်မှတစ်ဆင့် ကောင်းကင်မှအုပ်ချုပ်ခဲ့သည်။ သူ၏နိုင်ငံတော်သည် မြေကြီးတစ်ခုလုံးကို လွှမ်းခြုံပြီး တိုးတက်ကောင်းမွန်လာစေရန် တဖြည်းဖြည်းကျယ်ပြန့်လာသည်။

အနှစ်တစ်ထောင်မဲ့ဝါဒသည်"ထောင်စုနှစ်မရှိ" ဟုအဓိပ္ပါယ်ရသည်။ ထောင်စုနှစ်သည် ပကတိအနှစ်တစ်ထောင်ဖြစ်ကြောင်းကိုငြင်းဆိုခြင်းမှ ၎င်း၏အမည်ကို ယူထားသည်။ ၎င်းသည် အနှစ်တစ်ထောင်အတွင်း၌ ယေရှုသည် ကောင်းကင်ဘုံရှိသူ၏ပလ္လင်ထံမှ၊ သူ၏အသင်းတော်အားဖြင့် ကမ္ဘာမြေကြီးကိုအုပ်စိုးကြောင်း၊ အနှစ်တစ်ထောင်အကုန်တွင် ယေရှုသည်ပြန်လာမည့်အကြောင်း သွန်သင်သည်။

အနှစ်တစ်ထောင်မဲ့ဝါဒသည် နှစ်တစ်ထောင်လွန်ဝါဒနှင့် နည်းအမျိုးမျိုးဖြင့် ကွဲပြားခြားနားသည်။ အချက်တစ်ခုမှာ၊ အနှစ်တစ်ထောင်မဲ့ဝါဒပုံစံအားလုံးက ထောင်စုနှစ်ကာလသည် ခရစ်တော်၏ပထမနှင့် ဒုတိယကြွလာချိန်အကြား၏ ကာလတစ်ခုလုံးဖြစ်ကြောင်း အခိုင်အမာဆိုသည်။ နောက်တစ်ချက်အနေနှင့်၊ အနှစ်တစ်ထောင်မဲ့အယူဝါဒသည် ယေရှု၏နှစ်တစ်ထောင်အုပ်စိုးမှုနှင့် သန့်ရှင်းသူတို့သည် နိုင်ငံတော်ကို အဆက်မပြတ်ချဲ့ထွင်ပြီး ကမ္ဘာကြီးကို တိုးတက်စေမည်ဟူသောအမြင်ကို မ*တိုက်တွန်း*ပါ။ အနှစ်တစ်ထောင်မဲ့ရှုထောင့်အရ၊ ခရစ်ယာန်များသည် ခရစ်တော်ပြန်ကြွလာချိန် နောက်ဆုံးအောင်ပွဲမရမီတိုင်အောင်၊ ဘုရားသခင့်နိုင်ငံတော်၏ကောင်းချီးမင်္ဂလာများနှင့် ကမ္ဘာမြေကြီးပေါ် ရှိ ကြီးစွာသောဆင်းရဲဒုက္ခကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

> နောက်ဆုံးသောကာလတွင် ဖြစ်ပျက်နေသည့် အချို့သောအရာများအပေါ်
> ခရစ်ယာန်အသင်းတော်များ၏—ဆိုလိုသည်မှာကမ္ဘာအနှံ့ရှိအသင်းတော်များ—
> ရှုထောင့်တစ်ခုရှိသည်။ ထို့ပြင် ထိုအခြေခံအကျဆုံးအယူဝါဒများ၊ ၎င်း၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြေခံအစိတ်အပိုင်းများကို တမန်တော်များ၏အယူဝါဒတွင် တွေ့နိုင်သည်။ ဥပမာအားဖြင့်၊ ယေရှုသည် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီး၊ အသက်ရှင်သောသူနှင့် သေသောသူတို့ကို တရားစီရင်ရန် ကောင်းကင်မှ ပြန်လာမည်ဟု တမန်တော်များ၏အယူဝါဒကဆိုသည်။ ထို့ကြောင့် နောက်ဆုံးတရားစီရင်ခြင်းရှိမည်ဟု ကျွန်ုပ်တို့အားလုံးယုံကြည်ကာ၊ ယေရှုသည် ပြန်ကြွလာမည်ဖြစ်ပြီး၊ အသက်ရှင်သောသူနှင့်သေသောသူနှစ်ဦးစလုံးသည် ထိုအရာတွင် ပါဝင်လာမည်ဖြစ်သည်။ မှန်ပါသည်၊ ၎င်းကို မည်ကဲ့သို့အကောင် အထည်ဖော်မည်ဟူသည့် အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့၌ကွဲပြားမှုများရှိသော်လည်း၊ ကျွန်ုပ်တို့အားလုံး ၎င်းကို သဘောတူပါ သည်။ နောက်ပိုင်း တမန်တော်များ၏အယူဝါဒတွင် “အပြစ်များကို ခွင့်လွှတ်ခြင်း၊ ကိုယ်ခန္ဓာ၏ရှင်ပြန်ထမြောက်ခြင်း” ကို ကျွန်ုပ်တို့ယုံကြည်ကြောင်း ဖော်ပြထား သည်။ ယခု ဤအရာသည် ခရစ်ယာန်များစွာတို့ပင် နားမလည်နိုင်သော ရှေးရိုးစွဲခရစ်ယာန်အသင်းတော်များ၏ အကြောင်းအရာတစ်ခုဖြစ်ပြီး၊ ခန္ဓာကိုယ်၏ယေဘူယျရုပ်ပိုင်းဆိုင်ရာ ရှင်ပြန်ထမြောက်ခြင်းရှိမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ဆိုလိုသည်မှာ လူတို့သည်ဝိညာဉ်များအဖြစ် ထာဝစဉ်တည်ရှိနေမည် မဟုတ်ပါ။ သူတို့၏ခန္ဓာကိုယ်များကို ပြန်လည်ခံယူကြမည်ဖြစ်သည်။ အမှန်တကယ်တွင်၊ ခရစ်ယာန်များသည် ရှင်ပြန်ထမြောက်ချိန်တွင် ယေရှုရှိခဲ့သည့်အတိုင်း ဘုန်းထင်ရှားသော ခန္ဓာကိုယ်များကို ရရှိကြမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အချင်းချင်း သဘောထားကွဲလွဲနေသော်လည်း၊ ၎င်းသည်ခရစ်ယာန်အားလုံး လိုက်နာ သင့်သော သွန်သင်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် “ကိုယ်ခန္ဓာ၏ထမြောက်ခြင်းနှင့် ထာဝရအသက်ကို ယုံကြည်ကြသည်။ အာမင်။" ဆိုလိုသည်မှာ ဤတရားစီရင်ခြင်း၊ ကိုယ်ခန္ဓာ၏ရှင်ပြန်ထမြောက်ခြင်းသည် တပြိုင်နက်ဖြစ်ပြီး၊ ကမ္ဘာသစ်၊ နေ့သစ်၊ ထာဝရအသက်၊ ထာဝရအသက်ရှင် ခြင်းရှိမည်ဟုလည်း ကျွန်ုပ်တို့ယုံကြည်ကြသည်။ သမ္မာကျမ်းစာအရ၊ ဤအရာသည် တိမ်များပေါ်တွင် လွင့်မျောနေသော ကောင်းကင်တွင် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမဟုတ်သော်လည်း၊ သမ္မာကျမ်းစာက “ကောင်းကင်သစ်နှင့် မြေကြီးသစ်” ဟုခေါ်သည့်အရာကိုသာ ဦးစားပေး လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ယေရှုပြန်လာသောအခါ မြေကြီးကိုအုပ်စိုးပြီး၊ ကျွန်ုပ်တို့သည် သူနှင့်အတူ စိုးစံမည်ဖြစ်သည်။ ဤအရာများသည် ခရစ်ယာန်အုပ်စုများအားလုံးအတည်ပြုသည့် နောက်ဆုံးသောအချိန်များ သို့မဟုတ် နောက်ဆုံးသောကာလဆိုင်ရာ ကျွန်ုပ်တို့၏အမြင်များဖြစ်သည်။

**Dr Richard L. Pratt, Jr.**

သခင်ယေရှုခရစ်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာတည်ရှိမှုတွင် ချက်ချင်း သို့မဟုတ် နောက်ဆုံးတွင် ပါဝင်ပတ်သက်သည်ဖြစ်စေ—၎င်းသည် ကျွန်ုပ်တို့ မရှင်းလင်းသောမေးခွန်းဖြစ်သည်—သူ၏ဧဝံဂေလိတရားအားဖြင့်အုပ်စိုးခြင်းနှင့် စိုးစံခြင်းတစ်နည်းတစ်ဖုံရှိမည်ကို ကျွန်ုပ်တို့သဘောတူပါသည်၊ သူသည် အုပ်စိုးမည်၊ စိုးစံမည်ကို ကျွန်ုပ်တို့သိကြပြီး၊ ၎င်းသည် ဧဝံဂေလိတရား၏ တန်ခိုးကို ထင်ရှားစေလိမ့်မည်။ ကိုယ်တော်သည် တရားစီရင်မည်၊ သိုးနှင့်ဆိတ်တရားစီရင်ခြင်းရှိလိမ့်မည်၊ ကိုယ်တော်၏အပြစ်လွှတ်ခြင်း မခံရသောကြောင့် ထာဝရအပြစ်ဒဏ်စီရင်ခြင်းခံရမည့်သူများရှိလိမ့်မည်၊ ဤကမ္ဘာမတည်မှီမှစ၍ သူတို့အတွက်ပြင်ဆင်ထားသော ဘုန်းအသရေထဲသို့ ဝင်ရန် ခေါ် ခြင်းခံရသူများလည်းရှိမည်ကို ကျွန်ုပ်တို့သိသည်။ ထိုအရာများသည် မှန်ကန်သည်ကို ကျွန်ုပ်တို့သိသည်။ ၎င်းအရာများကို ကျွန်ုပ်တို့အားလုံး သဘောတူပါသည်။ ကောင်းကင်ဘုံသည် ဖြောင့်မတ်ခြင်းတရားများ တည်ရှိရာနှင့်၊ ခရစ်တော်ကိုယ်တိုင် စိုးစံမည့်နေရာဖြစ်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ဘုန်းထင်ရှားကာ၊ ယေရှုခရစ်၏တန်ခိုးနှင့် အံ့သြဖွယ်ရာများကို သံသယရှိမည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ၎င်းကို ကျွန်ုပ်တို့အားလုံးသဘောတူသည်။ ထို့ပြင် နောက်ဆုံးသောကာလဟူ၍ ကျွန်ုပ်တို့ခေါ်သည့်စကားလုံးအားဖြင့်၊ ဤနောက်ဆုံးသောကာလနှင့် ပတ်သက်သော အခြားသမ္မာတရားများကို ဆက်လေ့လာနိုင်သည်။ ဗျာဒိတ်ကျမ်း၏ရှင်းလင်းပြတ်သားမှုကြောင့် ကျွန်ုပ်တို့သဘောတူသည့် အရာအရေအတွက်သည် အမှန်တကယ်ပင် အံ့သြစရာဖြစ်သည်။ သဘောထားကွဲလွဲနေသည့် နယ်ပယ်များကို အာရုံများစွာမစိုက်ဖို့ရန် သတိထားဖို့လိုပါသည်၊ ၎င်းနှင့်ပတ်သက်သည့် ဆွေးထွေးသည့်ဆွေးနွေးမှုများ ဆက်လုပ်ရန်လိုသည်။ သို့သော် ကျမ်းစာသည် မရှင်းလင်း၊ အရာများကို ကျွန်ုပ်တို့အမှန်တကယ်နားမလည်နိုင်ဟု ထင်မြင်စရာမလိုပါ။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စရပ်များကိုလေ့လာသောအခါ အားလုံးသဘောတူထားသည့် အလွန်အရေးကြီးသောသမ္မာတရားများ များစွာရှိသောကြောင့် ဖြစ်သည်။

**Dr Thomas J. Nettles**

ယုံကြည်သူများသည် အမြဲသဘောတူသည်မဟုတ်ကြောင်း၊ ထောင်စုနှစ်နှင့်သက်ဆိုင်သည့် မေးခွန်းသည် သမိုင်းကြောင်းအရ အငြင်းပွားဖွယ်ရာနယ်ပယ်တစ်ခုဖြစ်ကြောင်း ခရစ်တော်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်လိုက်များသည် အသိအမှတ်ပြုရန် အရေးကြီးသည်။ သို့သော် ကျွန်ုပ်တို့သည် မည်သည့် အနှစ်တစ်ထောင်အဓိပ္ပာယ်ဖွင့်ချက်ကို ဖွင့်ဆိုသည်ဖြစ်စေ၊ ခရစ်ယာန်များအားလုံးသည် ခရစ်တော်ပြန်လာကာ မတရားမှုအပေါ် နောက်ဆုံးအောင်ပွဲရရှိမည်၊ စာတန်သည် နောက်ဆုံးတွင် အဆုံးစွန်ရှုံးနိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏လူများသည် ပြန်လည်ထူထောင်ထားသောဖန်ဆင်းခြင်း၌ ခရစ်တော်၏အုပ်စိုးမှုအောက်တွင် ထာဝစဉ်အသက်ရှင်မည်ကို သဘောတူနိုင်ကြသည်။ ကျွန်ုပ်တို့အားလုံးသည် ဤတူညီသော ခံယူချက်များကို သဘောတူကြသည်။ ရလဒ်အနေနှင့်၊ ကျွန်ုပ်တို့အားလုံးသည် ထောင်စုနှစ်များအကြောင်း သမ္မာကျမ်းစာသွန်သင်ချက်များတွင် ကြီးစွာသောနှစ်သိမ့်မှုနှင့် အားပေးမှုကို တွေ့ရှိနိုင်သည်။

သန့်ရှင်းသူများ၏အုပ်စိုးခြင်းဆိုင်ရာ အခန်းဆက်သင်ခန်းစာ၏ဒုတိယအပိုင်းသည် ဗျာဒိတ် ၂၀:၁၁-၁၅ တွင်တွေ့ရသော ဘုရားသခင်၏ရန်သူများကို နောက်ဆုံးတရားစီရင်ခြင်းနှင့် သက်ဆိုင်သည်။

**ဘုရားသခင်၏ရန်သူများအပေါ် နောက်ဆုံးတရားစီရင်ခြင်း။** သူ၏ရူပါရုံ၏ဤအပိုင်းတွင်၊ သူတို့၏လုပ်ဆောင်မှုများအပေါ်အခြေခံ၍ လူသားအားလုံးအပေါ် နောက်ဆုံးတရားစီရင်ခြင်းကို ဘုရားသခင်စီရင်တော်မူကြောင်း ယောဟန်သက်သေခံခဲ့သည်။ ဤတရားစီရင်ချက်တွင် အသက်ရှင်ခဲ့ဖူးသူတိုင်း ပါဝင်သည်။ အသက်စာစောင်တွင် အမည်များရေးထားသည့် ယုံကြည်သူများသည် ဘုရားသခင်၏ ကြောက်မက်ဖွယ်အမျက်ဒေါသမှ လွတ်ကင်းခဲ့ကြသည်။ သို့သော် ကျန်လူသားများသည် ၎င်းတို့၏ အပြစ်များအတွက် စီရင်ခြင်းခံရသည်။ နောက်ဆုံးတရားစီရင်ခြင်း၏ဤရှုထောင့်သည် ဤလောက၌ အပြစ်တရား၏တည်ရှိနေခြင်းနှင့် သက်ရောက်မှုများကို လုံးဝဖယ်ရှားခဲ့ပြီး၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်အတွက် လမ်းဖွင့်ပေးသည်။

နောက်ဆုံးတွင်၊ သန့်ရှင်းသူများ၏အုပ်စိုးမှုဆိုင်ရာ အခန်းဆက်သင်ခန်းစာ၏တတိယအပိုင်းသည် ဗျာဒိတ် ၂၁:၁-၈ တွင်တွေ့ရသော ဘုရားသခင့်လူမျိုးအတွက် နောက်ဆုံးတရားစီရင်ခြင်းအပေါ် အာရုံစိုက်သည်။

**ဘုရားသခင်၏လူများအတွက် နောက်ဆုံးတရားစီရင်ခြင်း။** ဘုရားသခင့်လူမျိုးအတွက် နောက်ဆုံးတရားစီရင်ခြင်းသည် ကြီးမြတ်သောကောင်းချီးမင်္ဂလာတစ်ခုဖြစ်ကြောင်း ယောဟန်မြင်သည်။ ကောင်းကင်များနှင့်မြေကြီးကို ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်သည် မြေကြီးသစ်၏မြို့တော်အဖြစ် ကောင်းကင်မှဆင်းသက်လာမည်ဖြစ်သည်။ ဤအမှတ်သင်္ကေတသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုရားသခင်သည် သူ၏လူများကြားတွင် ကျိန်းဝပ်မည်ဟူသော အချက်ကို ညွှန်ပြသည်။ ဘုရားသခင်သည် ဤအရာကို ဧဒင်ဥယျာဉ်၊ တဲတော်၊ ဗိမာန်တော်၌ အတိတ်တွင်ပြုတော်မူခဲ့သည်။ ယခုမူကား ခရစ်တော်၌ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူသည်။ သို့သော် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယသည် ပို၍ကြီးမားလိမ့်မည်၊ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့တွင် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏မျက်မှောက်တော်၌ ထာဝစဉ်အသက်ရှင်ရမည်ဖြစ်ပါသည်။

> ဤနေရာတွင် ကျွန်ုပ်အလေးပေးဖော်ပြလိုသည်မှာ ကျွန်ုပ်တို့တွင်
> ကောင်းကင်သစ်နှင့် မြေကြီးအသစ်တစ်ခုရှိသည်၊ ၎င်းသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သခင်ဘုရားတစ်ဖန်ကြွလာ၍ အရာခပ်သိမ်းကို နိဂုံးချုပ်စေသောအခါ၊ ကျွန်ုပ်တို့တွင် မြေကြီးအသစ်သာမက ကောင်းကင်ဘုံအသစ်ကိုပါ ရရှိစေမည့်အချက်ဖြစ်သည်။
>
> **Dr William Ury**

ပြည့်တန်ဆာအားစီရင်ခြင်းဆိုင်ရာ ယောဟန်၏ရူပါရုံကို လေ့လာပြီးနောက်၊ သိုးသငယ်၏ ခင်ပွန်းရူပါရုံကို ကြည့်ကြပါစို့။ ဤရူပါရုံကို ဗျာဒိတ် ၂၁:၉–၂၂:၅ တွင်မှတ်တမ်းတင်ထားသည်။

## သိုးသငယ်၏ခင်ပွန်း

သူ၏စတုတ္ထရူပါရုံတွင် ယောဟန်သည် မြင့်မားသောတောင်ပေါ်သို့ ခေါ်ခြင်းခံရသည်။ ဗျာဒိတ် ၂၁:၉ အရ၊ ဤရူပါရုံသည် ယေရုရှလင်မြို့သစ်ဖြစ်သည့် သိုးသငယ်၏သတို့သမီးနှင့် သက်ဆိုင်သည်။ ဤရူပါရုံသည် ဘုရားသခင့်ရန်သူများ၏လွှမ်းမိုးမှုနှင့် တည်ရှိခြင်းတို့မှ ကမ္ဘာသည်ကင်းစင်ပြီးနောက်၊ တည်ရှိမည့် အဆုံးမရှိသော လှပမှု၊ ငြိမ်သက်မှု၊ ကျန်းမာခြင်း၊ ကြွယ်ဝမှုနှင့် ပျော်ရွှင်မှုကို ဖော်ပြသည်။ ယောဟန်၏မူလပရိသတ်များ ထိုအကြောင်းကိုဖတ်သောအခါ၊ သူတို့သည် ၎င်း၏စံနှုန်းများအတိုင်း အသက်ရှင်နေထိုင်ခြင်းဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ရယူရန် တွန်းအားပေးခံရမည်ဖြစ်ပြီး၊ ခရစ်တော်ပြန်ကြွလာသောအခါရရှိမည့် ကယ်တင်ခြင်းပြည့်စုံမှုကို စောင့်မျှော်နေမည်ဖြစ်သည်။

> ဗျာဒိတ်ကျမ်း၏နိဂုံးချုပ်မှုတွင် ကျွန်ုပ်တို့တွေ့မြင်ရသော မြင်ကွင်းတစ်ခုမှာ၊ ဤလောကသို့ရောက်ရှိလာသော ယေရုရှလင်မြို့သစ် ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် ၎င်းသည် ဤလက်တွေ့ဘဝသို့ ရောက်လာသည်။ ကမ္ဘာဦး ၁ ပါဒေင်ဥယျာဉ်ကို ရှင်းလင်းစွာကိုးကားထားသည့် ဤအဖြစ်မှန်အသစ်၏ အဓိကပုံသဏ္ဍာန်များထဲမှတစ်ခုမှာ အသက်ပင်ဖြစ်သည်ကိုလည်း ကျွန်ုပ်တို့ သတိပြုမိပါသည်။ ထို့ကြောင့် တစ်နည်းအားဖြင့်၊ ဖန်ဆင်းခြင်းသည် ဥယျာဉ်တစ်ခုတွင် စတင်သည်၊ သို့သော် အခြားသဘောအရ၊ ၎င်းသည် မြို့တစ်မြို့၌ ကုန်ဆုံးသွားမည်ဖြစ်သည်။ သို့သော် သိသာထင်ရှားသည့် နည်းလမ်းနှင့် ချိတ်ဆက်ထားပုံရပါသည်။ ဗျာဒိတ်ကျမ်းကိုဖတ်ရှုခြင်းနှင့် အတော်အတန်အဆင်ပြေပုံရသည့် ပုံသဏ္ဍာန်မှာ ဤကမ္ဘာကြီးသည် မကောင်းမှုကိုလျော့နည်းစေသည်၊ အကယ်၍ထိုအဆိုပြုချက်ကို ဖော်ပြပါက၊ ကျွန်ုပ်တို့နှင့်ဖန်ဆင်းရှင်ဘုရားသခင်ကြား၌ တစ်နည်းနည်းဖြင့် ခွဲခြားခြင်းမရှိသော ငိုကြွေးခြင်းမရှိ၊ သေဆုံးခြင်းမရှိ၊ နာကျင်မှုမရှိ၊ ဒုက္ခမရှိသောကမ္ဘာတွင် အသက်ရှင်နေထိုင်ရန် ဆွဲဆောင်မှုရှိသော အခြားရွေးချယ်စရာတစ်ခုဖြစ်လာမည်ဟု ကျွန်ုပ်ထင်ပါသည်။

**— Mr. Bradley T. Johnson**

ယေရုရှလင်မြို့သစ်အကြောင်းကို ဗျာဒိတ် ၂၁:၉-၂၇ တွင်ဖော်ပြထားသည်။ ၎င်းကို ကောင်းကင်တွင်ပြင်ဆင်ပြီး၊ မြေကြီးသစ်သို့ ပို့ဆောင်ခဲ့သည်။ မြို့ကို ပြီးပြည့်စုံသော စတုရန်းလေးထောင့်အဖြစ်ပုံဖော်ထားသည်။ ဓမ္မဟောင်းကျမ်းတွင်၊ တဲတော်နှင့် ဗိမာန်တော်ရှိ အသန့်ရှင်းဆုံးနေရာများသည်လည်း စတုရန်းလေးထောင့်များဖြစ်သည်။ တဆက်တည်းမှာပင်၊ ဘုရားသခင်သည် အသန့်ရှင်းဆုံးသောနေရာတွင် သူ၏သန့်ရှင်းသောမျက်မှောက်တော်ကို ထင်ရှားစေသကဲ့သို့ ယေရုရှလင်မြို့သစ်၌ မိမိလူတို့အား ဘုန်းတော်ထင်ရှားစေလိမ့်မည်။

ယေရုရှလင်မြို့သစ်၏ အတိုင်းအတာနှင့် ဖော်ပြချက်နှစ်ခုစလုံးသည် နံပါတ်တစ်ဆယ့်နှစ်ကို မကြာခဏဖော်ပြသည်။ ဓမ္မဟောင်းကျမ်းတွင်၊ ဤနံပါတ်သည် ထိုခေတ်ကာလတွင် ဘုရားသခင်၏လူများကို ကိုယ်စားပြုသော ဣသရေလလူမျိုး ဆယ့်နှစ်နွယ်တို့နှင့် ဆက်စပ်နေသည်။ ဓမ္မသစ်ကျမ်းတွင်၊ နံပါတ်တစ်ဆယ့်နှစ်သည် မျက်မှောက်ခေတ်တွင် ဘုရားသခင်၏လူများကို ကိုယ်စားပြုသည့် တမန်တော်ဆယ့်နှစ်ပါးနှင့် ဆက်စပ်နေသည်။ ယင်းက ဘုရားသခင့်လူမျိုးသည် ၎င်းတို့၏ကွဲပြားမှုနှင့် ထူးခြားသောယဉ်ကျေးမှုအားလုံးနှင့် ယေရုရှလင်မြို့သစ်တွင် ရှိနေကြောင်း ဖော်ပြသည်။

ယေရုရှလင်မြို့သစ်တွင်၊ အသက်ရေစီးရာမြစ်သည် ဘုရားသခင်၏ပလ္လင်တော်မှထွက်၍ မြို့လယ်ကိုဖြတ်ကာ စီးဝင်လာသည်။ အရွက်သည် လူမျိုးအပေါင်းတို့၏ အနာရောဂါကိုငြိမ်းစေသည်။ ဤသည်မှာ ကမ္ဘာသစ်တွင် အပြစ်၏ကျိန်ခြင်းကို ဖန်ဆင်းခြင်းမှ ဖယ်ရှားပစ်မည်ဟူသောအချက်ကို အမှတ်အသားပြုသည်။ ကျွန်ုပ်တို့၏သမိုင်းတစ်လျှောက်လုံးတွင် ကျဆုံးသွားသောလူသားများကို ဒုက္ခပေးခဲ့သော အပြစ်တရားများနှင့် ပဋိပက္ခအားလုံးမှ ကမ္ဘာကြီးတစ်ခုလုံးကို အပြည့်အဝပြန်လည်ပြုပြင်ပြီး ကုသပေးမည်ဖြစ်သည်။

နောက်ဆုံးတွင်၊ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ဘုန်းတော်နှင့် ထွန်းလင်းတောက်ပကြောင်း ယောဟန်သိမြင်ခဲ့သည်။ မြို့တော်၏ရတနာများနှင့် အဖိုးတန် ကျောက်မျက်များသည် ကိုယ်တော်၏ကြွယ်ဝမှု၊ လှပမှုနှင့် ခမ်းနားမှုကို ထင်ဟပ်စေသည်။ ၎င်းအပြင်၊ ဘုရားသခင်၏ဘုန်းအသရေသည် မြို့ကိုပြည့်စေသောကြောင့် အခြားအလင်းရင်းမြစ်များ—နေ သို့မဟုတ် လ အပါအဝင် မလိုအပ်ပါ။

> မေးခွန်းမှာ "ဗျာဒိတ် ၂၁ တွင် ကတိပြုထားသည့် ကောင်းကင်သစ်နှင့် မြေကြီးအတွက် နေရာလွတ်ရရှိရန် လက်ရှိကောင်းကင်နှင့်မြေကြီးသည် ဖျက်ဆီးခံရမည်လော။" လူအချို့ ထိုသို့ထင်ကြသည်။ ၎င်းကို အစွန်းရောက်ခြင်းကို အရင်းခံသည့် အစွန်းရောက်ပြောင်းလဲမှုတစ်ခုအဖြစ်ဖော်ပြချင်ပါသည်။ ထို့ကြောင့် ၎င်းသည် အချို့သောနည်းများဖြင့် ဖျက်ဆီးခြင်းကဲ့သို့ဖြစ်သော်လည်း၊ ပုံစံမှာခရစ်တော်၏ ရှင်ပြန်ထမြောက်သည့်ကိုယ်ခန္ဓာ၏ ပုံစံဖြစ်သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်သော ခန္ဓာကိုယ်သည် မသေဆုံးမီက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ခဲ့သည်နှင့် နှိုင်းယှဉ်လျှင် ပုံဆောင်ချက်ပြောင်းသွားသော်လည်း သူ၏လက်ထဲတွင်သံချက်ရာများ ရိုက်ထားဆဲဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်ခြင်းအတွက် စံနမူနာဖြစ်ပြီး၊ အပိုဒ်ငယ် ၁၈ ကိုအစပြု၍ ရောမ ၈ ကိုဖတ်လျှင် ၎င်းသည်စကြဝဠာတစ်ခုလုံး၏ ပုံစံလည်း ဖြစ်ပါသည်။

**Dr Vern S. Poythress**

သေချာသည်မှာ ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ကျွန်ုပ်တို့နေထိုင်သည့် ဤကောင်းကင်နှင့်မြေကြီးထက် လွန်စွာကွဲပြားမည်ဖြစ်ပြီး၊ ၎င်း၌ကျိန်ခြင်းကို ဖယ်ရှားမည်ဖြစ်သည်၊ ကျရှုံးခြင်း၏အကျိုးဆက်များသည် ဤနေရာတွင် ရှိတော့မည်မဟုတ်ပါ။ သို့သော်ခရစ်ယာန်အများစုသည် ဘုရားသခင်၏အစမှ စတင်ခြင်းမဟုတ်သော တကယ့်အစစ်အမှန် ရုပ်ပိုင်းဆိုင်ရာ ကောင်းကင်သစ် များနှင့် မြေကြီးသစ်မပါဝင်သည့် ကောင်းကင်ကို ဝိညာဉ်ရေးအရလွန်ကဲစွာ ရှုမြင်လေ့ရှိကြသည်ဟု ထင်ပါသည်။ သို့သော် ကိုယ်တော်သည် ဖန်ဆင်းထားပြီး ဖြစ်သည့်အရာကို အသစ်ပြုလုပ်တော်မူသည်။ ကျရှုံးခြင်းတွင် ကြေကွဲဖွယ် ဆုံးရှုံးခဲ့ရသောအရာများကို ပြန်လည်ရရှိစေသည်။ ထို့ကြောင့် ၎င်းသည်အံ့သြ ဖွယ်ကောင်းလောက်အောင် အသစ်ပြုပြင်ပေးမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ ယခုရရှိပိုင်ဆိုင်သောအရာနှင့် ကောင်းကင်သစ်နှင့်မြေကြီးသစ်၏ အမှန်တရားတို့ ကြား ဆက်နွှယ်မှုများစွာရှိမည်ဖြစ်သည်။

**Dr K. Erik Thoennes**

ကျွန်ုပ်တို့သည် ယောဟန်၏ ဗျာဒိတ်ကျမ်းနိဒါန်းနှင့် သူ၏ကောင်းကင်ဆိုင်ရာရူပါရုံများကို ဆန်းစစ်လေ့လာပြီးနောက်၊ ယခုဗျာဒိတ် ၂၂:၆-၂၁ ပါကျမ်း၏နိဂုံးကို ကြည့်ကြပါစို့။

# နိဂုံး

ယောဟန်သည် သူ၏ရူပါရုံတစ်လျှောက်လုံး အကြိမ်ကြိမ်ပြောခဲ့သည့် အခြေခံသတင်းစကား များကို အလေးပေးခြင်းဖြင့် ဗျာဒိတ်ကျမ်းကို နိဂုံးချုပ်ခဲ့သည်။ သူရရှိခဲ့သောရူပါရုံများသည် သခင်ဘုရား ၏ကောင်းကင်တမန်များထံမှရရှိခဲ့ခြင်းကြောင့် ယုံကြည်ထိုက်ကြောင်းကို အလေးပေးဖော်ပြခဲ့သည်။ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ကြီးမြတ်သောကောင်းချီးမင်္ဂလာများရရှိရန်အတွက် ကောင်းသော အကျင့်ကို ကျင့်ကြံအားထုတ်ကြရန် စာဖတ်သူများကို တိုက်တွန်းခဲ့သည်။ ထို့ပြင် ယောဟန်သည် ဘုရားသခင်၏နိုင်ငံတော်ပြီးပြည့်စုံခြင်းနှင့် နောက်ဆုံးတရားစီရင်ခြင်းတို့သည် အနာဂတ်တွင်ရှိနေဆဲ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ကြောင်းလည်း သူ၏စာဖတ်သူများကို သတိပေးခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင်၊ ခရစ်ယာန်များသည် သစ္စာရှိစွာ ဖွဲလုံလရှိသင့်ပြီး၊ အပြစ်သားများသည် နောင်တရရန် အခွင့်အရေးကို ရယူသင့်သည်။

ဗျာဒိတ်ကျမ်းသည် သူ၏လူတို့အတွက် ဘုရားသခင်ထံမှ ထာဝရသတင်းစကားဖြစ်သည်။ ယောဟန် ၏ရူပါရုံများ၏အချိန်နှင့် ပြည့်စုံမှုများအပေါ် ကျွန်ုပ်တို့၏ရှုထောင့် မည်သို့ပင်ရှိသည်ဖြစ်စေ၊ ဗျာဒိတ် ကျမ်းသည် ယောဟန်ရေးသားခဲ့သည့်အတိုင်း ယနေ့ခေတ်နှင့်လည်းသက်ဆိုင်ကြောင်း ခရစ်ယာန်များ အားလုံး သဘောတူသည်။ ကျွန်ုပ်တို့၏အခြေအနေသည် မတူညီနိုင်သော်လည်း ကျွန်ုပ်တို့၏ဘုရားသခင် သည် မပြောင်းလဲပါ။ ယောဟန်သင်ကြားပေးခဲ့သည့် တန်ဖိုးများနှင့် အမြင်များသည် ယနေ့ ကျွန်ုပ်တို့ အပေါ်တွင် ချည်နှောင်နေဆဲဖြစ်သည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင် ဘုရားသခင်၏ကောင်း မြတ်မှုသည် ကျွန်ုပ်တို့ကို တွန်းအားပေးပါသည်။ ကျွန်ုပ်တို့အပေါ် သူ၏ချစ်ခြင်းမေတ္တာနှင့် သူ၏သမိုင်း အပေါ် ထိန်းချုပ်နိုင်ခြင်းသည် ကျွန်ုပ်တို့ကိုယုံကြည်စိတ်ချစေပါသည်။ ကျွန်ုပ်တို့သည် ယခုနှင့် ကျန်ရှိသောကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး ကိုယ်တော်အား ယုံကြည်ခြင်းဖြင့် တုံ့ပြန်နိုင်ပါသည်။

ဗျာဒိတ်ကျမ်း၏ရည်ရွယ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ဆွေးနွေးပြီးနောက်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တတိယအဓိကအကြောင်းအရာဖြစ်သည့်_ ဗျာဒိတ်ကျမ်းကိုကျင့်သုံးခြင်း အတွက်မဟာဗျူဟာများကို လေ့လာရန် အသင့်ရှိနေပြီဖြစ်သည်။

# ကျင့်သုံးခြင်း

ဗျာဒိတ်ကျမ်း၏မျက်မှောက်ခေတ်ကျင့်သုံးမှုဆိုင်ရာ ဆွေးနွေးချက်ကို နှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ ဗျာဒိတ်ကျမ်းကိုကျင့်သုံးခြင်းအတွက် ဘုံနည်းဗျူဟာလေးခုကို ဖော်ပြပြီး ဝေဖန်သုံးသပ်ပါမည်။ ဒုတိယ အနေနှင့်၊ ဘုံနည်းဗျူဟာလေးခုစလုံးမှ အစိတ်အပိုင်းများကို အသုံးပြုနိုင်သည့် ပေါင်းစပ်မဟာဗျူဟာ တစ်ခုကို ကျွန်ုပ်တို့အကြံပြုပါမည်။ ဗျာဒိတ်ကျမ်းကို ကျင့်သုံးရန်အတွက် ဘုံနည်းဗျူဟာလေးခုကို ဦးစွာ ကြည့်ကြပါစို့။

## ဘုံနည်းဗျူဟာများ

ရှေးဦးစွာပြောရလျှင်၊ ဤနည်းဗျူဟာလေးခု၏တစ်ခုစီတွင် အလွန်အသုံးဝင်သောအရာရှိသည်၊ သို့သော် ၎င်းတို့ထဲမှမည်သည့်တစ်ခုမျှ မိမိကိုယ်တိုင်လုံလောက်ခြင်း လုံးဝမရှိပါ။ ထိုအခြေအနေသည် မျက်မမြင်များနှင့်ဆင်၏ ပုံပြင်ဟောင်းကို အမှတ်ရစေကာ၊ မျက်မမြင်တစ်ဦးစီသည် ဆင်၏အစိတ်ပိုင်း ကိုဖော်ပြကြသော်လည်း ဆင်တစ်ခုလုံးကိုမည်သူမျှမမြင်ကြပေ။ ဤပုံပြင်သည် မတူညီသောယဉ်ကျေးမှု အသီးသီးတွင် မတူကွဲပြားသော မူကွဲများရှိသည်။ လူတစ်ယောက်က ဆင်၏ခြေထောက်ကိုကိုင်ပြီး၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆင်သည်တိုင်နှင့်တူသည်ဟု ယုံကြည်သည်။ တစ်ယောက်က ဆင်၏နားရွက်ကိုကိုင်ပြီး၊ ယပ်တောင်နှင့်တူသည်ဟု ယုံကြည်သည်။ တစ်ယောက်က ဆင်၏အမြီးကိုကိုင်ပြီး၊ ဆင်သည် ကြိုးနှင့်တူသည်ဟု ထင်သည်။ တစ်ယောက်က ဆင်၏နှာမောင်းကိုကိုင်ပြီး၊ ဆင်သည် ရေထွက်ပေါက်တစ်ခုနှင့်တူသည်ဟု ကောက်ချက်ချသည်။ စသည်ဖြင့်ဖြစ်သည်။ သူတို့၏ အကဲဖြတ်ချက်အရ သူတို့အားလုံးမှန်ကန်သော်လည်း၊ ဆင်တကောင်လုံးကို မည်သူမျှ မမြင်ကြပေ။

အလားတူပင်၊ ဗျာဒိတ်ကျမ်းကို အနက်ပြန်ရန် ထင်ရှားသော်လည်း မလုံလောက်သော နည်းဗျူဟာများစွာရှိသည်။ နည်းဗျူဟာတစ်ခုစီသည် ဗျာဒိတ်ကျမ်းပါ အမှတ်သင်္ကေတများကို ဆန်းစစ်ပြီး ၎င်း၏ကိုယ်ပိုင်ရှုထောင့်နှင့်အညီ ဖော်ထုတ်ပေးသည်။ သို့သော် ဤရှုထောင့်များသည် အလွန်အကန့်အသတ်ရှိသောကြောင့်၊ ရှုထောင့်တစ်ခုစီသည် ဗျာဒိတ်ကျမ်းတွင်ဖော်ပြသည့် ရူပါရုံများ၏ ကြီးမားသောပုံဆောင်ချက်နှင့် အဓိပ္ပါယ်အပြည့်အဝကို လက်လွတ်ဆုံးရှုံးကြသည်။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာမည့် ကျင့်သုံးမှုများအတွက် ဘုံနည်းဗျူဟာလေးခုကို ကြိုတင်ဝါဒ၊ အနာဂတ်ဝါဒ၊ သမိုင်းဝါဒနှင့် အတွေးအခေါ်ဝါဒဟု ရည်ညွှန်းနိုင်ပါသည်။ တစ်ခုစီသည် ဗျာဒိတ်ကျမ်းဖော်ပြသည့်အချိန်ကာလကို မည်သို့အနက်ဖွင့်ဆိုပုံနှင့် ၎င်း၏ရူပါရုံများကို ပြည့်စုံစေသည့်ပုံစံတို့၌ ကွဲပြားခြားနားသည်။ ကျွန်ုပ်တို့သည် ကြိုတင်ဝါဒဖြင့် အစပြုကာ ရှု့ထောင့်လေးမျိုးစလုံးကို တစ်ခုချင်းကို သုံးသပ်ပါမည်။

## ကြိုတင်ဝါဒ

"ရှေ့ပြေးဝါဒ"ဟူသော စကားလုံးသည် အတိတ်တွင်ဖြစ်ပျက်ခဲ့သော အရာများကို ရည်ညွှန်းသည်။ ထို့ကြောင့်၊ ဗျာဒိတ်ကျမ်းပါ ပရောဖက်ပြုချက်အများစုသည် ဝေးကွာသောအတိတ်တွင် ပြည့်စုံခဲ့သည်ဟု ကြိုတင်ဝါဒ၏နည်းဗျူဟာကဆိုသည်။

ယေရုရှလင်မြို့ကျဆုံးခြင်းမတိုင်မီ အေဒီ ၇၀ တွင်ဗျာဒိတ်ကျမ်းကို ရေးသားထားခြင်းဖြစ်ပြီး၊ ယင်း၏ပရောဖက်ပြုချက်အများစုသည် ထိုအချိန်တွင်ပြည့်စုံခဲ့ကြောင်း ကြိုတင်ဝါဒပုံစံတစ်ခုက ဆိုသည်။ အခြားပုံစံတစ်ခုက အေဒီငါးရာစု ရောမအင်ပါယာကျဆုံးချိန်တွင် ဤရူပါရုံများပြည့်စုံခဲ့ကြောင်း အကြံပြုထားသည်။

ကြိုတင်ဝါဒသည် ယောဟန်၏ မူလပရိသတ်အပေါ် အထောက်အကူဖြစ်စေသော အာရုံစိုက်မှုကို ပေးပါသည်။ ဗျာဒိတ် ၂ နှင့် ၃ တွင်ရှိသော အသင်းတော်ခုနစ်ပါး၏အသေးစိတ်အချက်အလက်များ၏ အရေးပါမှုကို ၎င်းသည်မြင်သည်။ ၎င်းသည် အသင်းတော်များကြုံတွေ့ခဲ့ရသည့် တကယ့်နှိပ်စက်ညှဉ်းပန်းမှုကို ကျွန်ုပ်တို့အားအမှတ်ရစေသည်။ ၎င်းသည် အခန်း ၂၊ ၃ နှင့်ကျမ်း၏ ကျန်အပိုင်းများကြား အကြောင်းအရာဆိုင်ရာ ဆက်စပ်မှုကို ဖြစ်စေသည်။ ယောဟန်သည် နောင်လာနောက်သားများအတွက် ရေးသားခြင်းမျှသာမဟုတ်ကြောင်း၊ ယောဟန်၏မူလပရိသတ်အပေါ် ခရစ်တော်၏အလေးထားမှုနှင့် အားပေးမှုသည် ကျမ်းအပေါ် ကျွန်ုပ်တို့၏မျက်မှောက်ခေတ်ကျင့်သုံးမှုကိုအသိပေးသည်ဟု ကြိုတင်ဝါဒသည် မှန်ကန်စွာအခိုင်အမာဆိုသည်။ ထို့ပြင် ကြိုတင်ဝါဒပုံစံအများစုသည် ဗျာဒိတ်ကျမ်း၏နောက်ဆုံး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခန်းများတွင် ခရစ်တော်၏အနာဂတ်ပြန်လည်ကြွလာခြင်းအကြောင်းကို မှန်ကန်စွာနားလည်သဘော ပေါက်ကြသည်။

ဤဗျာဒိတ်ကျမ်းကိုချဉ်းကပ်မှုမှ အသုံးဝင်သောကျင့်သုံးခြင်းများစွာကို ကျွန်ုပ်တို့ ထုတ်ယူနိုင်သည်။ ဥပမာ၊ ၎င်းသည် ဘုရားသခင်၏စရိုက်လက္ခဏာအကြောင်း၊ ကိုယ်တော်သည် ဖြောင့်မတ်ခြင်းကို ဆုချပြီး မတရားမှုကိုစီရင်ကြောင်းကို ကျွန်ုပ်တို့အားသွန်သင်ပေးသည်။ ၎င်းသည် လောကရှိ ကပ်ကာလများကို မည်သို့တုံ့ပြန်ရမည်ကို ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေပြီး၊ ခရစ်တော်၏အနာဂတ်ပြန်လည်ကြွလာမှုကိုပင် မျှော်လင့်ချက်ပေးနိုင်သည်။

သို့သော် ဤအဖိုးတန်သော ထိုးထွင်းသိမြင်မှုများကြားမှ၊ ကြိုတင်ဝါဒသည် ဗျာဒိတ်ကျမ်းနှင့် ပတ်သက်၍ ပြီးပြည့်စုံသောရှုထောင့်ကို မပေးနိုင်ပါ။ တစ်ချက်မှာ၊ နောက်ဆုံးသောကာလဆိုင်ရာ ရေးသားချက်သည် ဝေးကွာသော အနာဂတ်အကြောင်းထက် ၎င်း၏အချိန်ကာလအတွက်သာ သီးသန့်ရေးသားသည်ဟု မှားယွင်းစွာယူဆလေ့ရှိသည်။ သို့သော် ဒံယေလ ၇–၁၂၊ မဿဲ ၂၄၊ နှင့် ၂ သက်သာလောနိတ် ၁ နှင့် ၂ အပါအဝင် သမ္မာကျမ်းစာရှိနောက်ဆုံးသောကာလဆိုင်ရာ ကျမ်းပိုဒ်များစွာသည် ဝေးကွာသောအနာဂတ်ဖြစ်ရပ်များကို ရည်ညွှန်းခြင်းဖြစ်သည်။

အလားတူ၊ ဗျာဒိတ် ၁:၁-၃ နှင့် ၂၂:၁၀ တွင်တွေ့ရသော "ကာလအချိန်ရောက်လုနီးပြီ"ဟူသည့် ယာယီဖော်ပြချက်များကို အနက်ပြန်ဆိုရာတွင် ကြိုတင်ဝါဒသည် နည်းပါးလွန်းသည်။ ဤကဲ့သို့သော ဖော်ပြချက်များသည် ခရစ်တော်၏ပထမနှင့်ဒုတိယကြွလာချိန်ကာလတစ်ခုလုံးကို ရည်ညွှန်းခြင်း မဟုတ်ကြောင်း ကြိုတင်ဝါဒကအခိုင်အမာဆိုသည်— ထိုအချိန်သည် နောက်ဆုံးတရားစီရင်ခြင်း "မတိုင်မီ"သာဖြစ်သည်။ ထို့ပြင်၊ ဤအချိန်ဇယားအား သမိုင်းဆိုင်ရာအခြေအနေများကြောင့် ပြုပြင်မွမ်းမံနိုင်သည်ဟု ကြိုတင်ဝါဒသည် အသိအမှတ်ပြုခြင်းမရှိပါ။ ရလဒ်အနေဖြင့်၊ ၎င်းသည် ဝေးကွာသောအနာဂတ်ပြည့်စုံမှုများကို လျစ်လျူရှုပြီး၊ မူလပရိသတ်၏အကြောင်းအရာတွင်သာ ပြည့်စုံမှုများကို ရှာဖွေရန် ဖြစ်သည်။

ဗျာဒိတ်ကျမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၏ သဘောသဘာဝအရ၊ ပထမရာစုကတည်းကပင် ဘုရားသခင့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ကြိုတင်ဝါဒသည် အနည်းငယ်မျှသာပြောဆိုနိုင်သည်။ ၎င်းသည် ဗျာဒိတ်ကျမ်း၏ပရောဖက်ပြုချက်အများစုကို ၎င်းတို့၏ဘဝတွင် ပြည့်စုံစေမည့်နည်းလမ်းများအတွက် သမိုင်းတစ်လျှောက် ခရစ်ယာန်များကို မပြင်ဆင်ထားပါ။ ၎င်းသည် ဆက်လက်၍မာတုရဖြစ်ခြင်းနှင့် အစဉ်မပြတ်ဆန့်ကျင်မှုကို မျှော်လင့်ရန်ဖန်တီးခြင်း မဟုတ်ပါ။ ဤနည်းလမ်းနှင့် အခြားနည်းလမ်းများဖြင့်၊ ကြိုတင်ဝါဒသည် ဗျာဒိတ်ကျမ်းကပေးထားသော ကျင့်သုံးမှုအပြည့်အစုံကို ကျွန်ုပ်တို့အား မပေးပါ။

ဤကြိုတင်ဝါဒနှင့်ပတ်သက်၍ နားလည်သဘောပေါက်ခြင်းကို စိတ်ထဲမှတ်သားထားပြီး၊ အနာဂတ်ဝါဒကိုကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အနာဂတ်ဝါဒ

အနာဂတ်ဝါဒသည် ဗျာဒိတ်ကျမ်းပါ ရူပါရုံများသည်ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မမူမီ နောက်ဆုံးကပ်ကာလမရောက်မချင်း ပြည့်စုံရန်စတင်လိမ့်မည်မဟုတ် ဟူသည့်ရှုထောင့်ဖြစ်သည်။

ကြိုတင်ဝါဒကဲ့သို့ပင်၊ အနာဂတ်ဝါဒတွင် မျှဝေရန်ထိုးထွင်းသိမြင်မှုများရှိသည်။ ၎င်းသည် ယေရှုခရစ် ကြွလာတော်မူခြင်း၏ ကြီးကျယ်ခမ်းနားသောဖြစ်ရပ်ကို ဗျာဒိတ်ကျမ်းသည် မျှော်ကြည့်သည်ဟု မှန်ကန်စွာဆိုသည်။ ဗျာဒိတ် ၂၂:၂၀ တွင် ဤအဓိကအလေးထားမှုကို တွေ့မြင်ရသည်။

အနာဂတ်ဝါဒသည် နောက်ဆုံးတရားစီရင်မည့်အနာဂတ်နေ့နှင့် ရောမ ၈:၁၉-၂၅ ကဲ့သို့သော သမ္မာကျမ်းစာ၏အခြားအစိတ်အပိုင်းများတွင် အတည်ပြုထားသော ဖန်ဆင်းခြင်းအားလုံးအား နောက်ဆုံးပြန်လည်ထူထောင်ခြင်းကိုလည်း မှန်ကန်စွာရှာဖွေသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသုံးဝင်သော နည်းလမ်းများစွာဖြင့် ကျင့်သုံးနိုင်သည်။ ၎င်းတို့သည် ခရစ်တော်၏အနာဂတ်ပြန်လည်ကြွလာခြင်း၊ တရားစီရင်ခြင်းနှင့် အသစ်ပြန်လည်ဖန်ဆင်းခြင်းအတွက် ကျွန်ုပ်တို့အား မျှော်လင့်ချက်ပေးသည်။ ထို့ပြင် ၎င်းတို့သည် ဤကာလကို စောင့်ကြည့်ရန် သမိုင်းခေတ်တိုင်းရှိခရစ်ယာန်များကို အားပေးသည်။

ဤတန်ဖိုးရှိသော ပံ့ပိုးမှုများရှိနေသော်လည်း၊ ဗျာဒိတ်ကျမ်းသည် ၎င်း၏မူလပရိသတ်အား ဟောပြောသည့်နည်းလမ်းများကို အနာဂတ်ဝါဒသည်လျစ်လျူရှုသည်။ အမှန်တကယ်တွင်၊ ယောဟန်သည် ရေးအသင်းတော်ခုနစ်ပါးကို အမည်ဖြင့်ဖော်ပြပြီး တစ်ခုစီကို အတိအကျပြောခဲ့သော်လည်း — ၎င်းသည် ခရစ်တော်မကြွလာမီ နောက်ဆုံးမျိုးဆက်မှလွဲ၍ အခြားမျိုးဆက်အလိုက် ကျင့်သုံးမှုများကို လျော့နည်းစေသည်။ အခန်း ၂ နှင့် ၃ တွင်ဖော်ပြထားသောအသင်းတော်ခုနစ်ပါးအတွက်၊ ၎င်းတို့၏ အခြေအနေကို စိတ်ထဲတွင်မရှိဘဲ ဤကျမ်းကိုရေးထားကြောင်း ယုံကြည်ရန် ခက်ခဲပေလိမ့်မည်။ ဤနည်းအားဖြင့်၊ အနာဂတ်ဝါဒသည် ဗျာဒိတ်ကျမ်းကို သမိုင်းတစ်လျှောက် ပရိသတ်အများစုနှင့် မသက်ဆိုင်ကြောင်း အလွန်ထင်ရှားစေသည်။

ကျွန်ုပ်တို့သည် ကြိုတင်ဝါဒနှင့် အနာဂတ်ဝါဒကို ဆန်းစစ်ပြီးနောက်၊ ယခု ကျွန်ုပ်တို့သည် သမိုင်းရေးစနစ်ဟု ခေါ်သည့် ကျင့်သုံးမှုအတွက် တတိယဘုံနည်းဗျူဟာကို ကြည့်ကြပါစို့။

## သမိုင်းရေးစနစ်

ဗျာဒိတ်ကျမ်းမှရူပါရုံများသည် ပထမရာစုမှ ဒုတိယကြွလာချိန်အထိ အသင်းတော်သမိုင်းလမ်းကြောင်းကို အချိန်နှင့်တစ်ပြေးညီ ပုံဖော်ပေးသည်ဟု သမိုင်းဝါဒသည် ယူဆသည်။

သမိုင်းဝါဒသည် ယေဘူယျအားဖြင့် ဤသို့ဆိုသည်_ ဗျာဒိတ်ကျမ်း ၂–၁၂ သည် ပထမရာစုနှစ် အနည်းငယ်အတွင်းရှိ အဖြစ်အပျက်များနှင့် ဆက်စပ်နေသည်။ အခန်းကြီး ၁၃–၁၇ သည် ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သည်။ အခန်းကြီး ၁၈-၂၂ သည် ဒုတိယကြွလာခြင်းဆိုင်ရာ အဖြစ်အပျက်များနှင့် ဆက်စပ်နေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သမိုင်းဝါဒသည် အဖိုးတန်သော ထိုးထွင်းသိမြင်မှုများစွာကို ပေးသည်။ ၎င်းက ဗျာဒိတ်ကျမ်းသည် အသင်းတော်ခုနစ်ပါး၏ အခြေအနေနှင့် အစပြုသည်ဟု မှန်ကန်စွာမြင်သည်။ ၎င်းသည် ဗျာဒိတ်ကျမ်း၏အဆုံးသတ်ပြကွက်များကို ဒုတိယကြွလာခြင်းနှင့်လည်း မှန်ကန်စွာဆက်စပ်ပေးသည်။ ထို့ပြင် ကျမ်းတစ်အုပ်ကိုဖတ်လျှင် အကြောင်းအရာတစ်ခု ဖြစ်ပေါ်လာသည့်အတွက်—ဗျာဒိတ်ကျမ်းသည် အထွတ်အထိပ်သို့ ရွေ့လျားနေကြောင်း ၎င်းသည်မှန်ကန်စွာသတိပြုမိသည်။

ဗျာဒိတ်ကျမ်းသည် ခေတ်အဆက်ဆက်ရှိ အသင်းတော်အတွက် ရည်ရွယ်ထားကြောင်း သမိုင်းဝါဒသည် အသိအမှတ်ပြုသည်။ ၎င်းသည် သခင်ယေရှုပြန်ကြွလာချိန်အထိ ဇွဲလုံ့လရှိရန် ကျွန်ုပ်တို့အား တွန်းအားပေးပြီး၊ ထိုအချိန်တွင် ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီးကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း အခိုင်အမာဆိုသည်။ ထို့ပြင် ဘုရားသခင်သည် သမိုင်းကို ထိန်းချုပ်ထားပြီး၊ သူ၏အကြံအစည်သည် ပြီးမြောက်အောင်မြင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးသည်။

သို့သော် သမိုင်းဝါဒသည် အခြားနည်းလမ်း၌ပြဿနာရှိသည်။ တစ်ချက်မှာ၊ ဗျာဒိတ်ကျမ်းပါ ပရောဖက်ပြုချက်အားလုံးသည် အချိန်နှင့်တပြေးညီ အတိအကျဖြစ်သည်ဟု ၎င်းက ယူဆသည်။ ၎င်းသည် ကနဦးအသင်းတော်၊ ပြုပြင်ပြောင်းလဲရေးနှင့် ခရစ်တော်ပြန်ကြွလာချိန်ကို ပထမရာစုမှ နောက်ဆုံးအချိန်အထိ ဆန့်ထုတ်ပြီး ကမ္ဘာ့သမိုင်းဖြစ်ရပ်များနှင့် ဆက်စပ်နေသည့် ရူပါရုံများကြားတွင် ကွက်လပ်များကို ဖြည့်ပေးသည်။

သို့သော် ဤသင်ခန်းစာအစောပိုင်းတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ ဗျာဒိတ်ကျမ်း၏ဖွဲ့စည်းပုံသည် အချိန်နှင့်တပြေးညီ အတိအကျမဟုတ်ပါ။ ၎င်းသည် ခရစ်ယာန်များအား ရွေးနုတ်ခြင်းသမိုင်းတွင် ၎င်းတို့ရောက်ရှိနေသည့်နေရာနှင့်ပတ်သက်၍ လွဲမှားသောခံစားမှုကိုပေးပြီး၊ တစ်ခါတစ်ရံ သူတို့အား မသင့်လျော်သောအဆိုးမြင်မှုဆီသို့၊ တစ်ခါတစ်ရံတွင် မသင့်လျော်သော အကောင်းမြင်မှုဆီသို့ လှုံ့ဆော်ပေးသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ဘုရားသခင်အား သနားစေခြင်း သို့မဟုတ် ဒေါသဖြစ်စေရန် လှုံ့ဆော်နိုင်မှုမရှိခြင်းနှင့် သမိုင်း၏ထင်ရှားသောလမ်းကြောင်းကို မပြောင်းလဲစေနိုင်သကဲ့သို့၊ ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသော အချိန်ဇယားမှ သွေဖည်မသွားနိုင်သည့် ခံစားချက်ကိုပင် ၎င်းသည် ဖြစ်ပေါ်စေနိုင်သည်။

သမိုင်းဝါဒ၏ ဒုတိယပြဿနာမှာ ခရစ်တော်၏ကမ္ဘာတစ်ဝှမ်းရှိအသင်းတော်သမိုင်းတွင် အဓိကအချက်အဖြစ် ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးအပေါ် မှီခိုနေခြင်းဖြစ်သည်။ သမိုင်းဝါဒသည် ကမ္ဘာလုံးဆိုင်ရာအသင်းတော်ကို လျစ်လျူရှုလေ့ရှိပြီး၊ ယောဟန်၏ပရောဖက်ပြုချက်များကို အနောက်တိုင်း ခရစ်ယာန်ဘာသာအတွင်းရှိ အဖြစ်အပျက်များနှင့် ကန့်သတ်ထားလေ့ရှိသည်—တစ်ခါတစ်ရံတွင် ဥရောပခရစ်ယာန်ဘာသာအတွင်းမှ အဖြစ်အပျက်များထိပင် ကျဉ်းမြောင်းစေပါသည်။ ဤလမ်းညွှန်ချက်သည် ကမ္ဘာ့အခြားဒေသများတွင် အသင်းတော်၏အခန်းကဏ္ဍကို မှားယွင်းစွာလျော့နည်းစေသည်။ ထို့ပြင် ၎င်းသည် အလွန်စိတ်ပျက်ဖွယ်ကောင်းပါသည်။ ၎င်းသည် ယုံကြည်သူများအား သူတို့၏လုပ်ဆောင်ချက်များသည် အရေးမပါဟု ထင်မြင်စေကာ၊ ကမ္ဘာတစ်ဝှမ်းလုံးတွင် ဘုရားသခင့်နိုင်ငံတော်၏ အဆက်မပြတ်ကြီးထွားမှုကို လိုက်လျှောက်ရန် အရေးကြီးသော ရည်ရွယ်ချက်ကို ဖယ်ရှားပစ်နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြိုတင်ဝါဒ၊ အနာဂတ်ဝါဒနှင့် သမိုင်းဝါဒတို့ကို ကြည့်ရှုပြီးနောက်၊ ကျင့်သုံးမှုအတွက် စတုတ္ထဘုံ နည်းဗျူဟာဖြစ်သော အတွေးအခေါ်ဝါဒကို အာရုံစိုက်ကြပါစို့။

## အတွေးအခေါ်ဝါဒ

ဗျာဒိတ်ကျမ်းသည် အချိန်ကာလတစ်ခု သို့မဟုတ် အခြားတစ်ခုမှ အဖြစ်အပျက်များကို သရုပ်ဖော်သည်ဟု ဆိုမည့်အစား၊ ဗျာဒိတ်ကျမ်းရှိမြင်ကွင်းများသည် သီးခြားဖြစ်ရပ်များ သို့မဟုတ် အချိန်နှင့် တပြေးညီဖြစ်ရပ်များမဟုတ်ဘဲ၊ ဝိညာဉ်ရေးစစ်ပွဲ၏ ယေဘူယျပုံစံများကို ပုံဖော်ထားကြောင်း အတွေးအခေါ်ဝါဒသည် ခံယူထားသည်။

အခြားသော ဘုံနည်းဗျူဟာများကဲ့သို့ပင်၊ အတွေးအခေါ်ဝါဒသည် တန်ဖိုးရှိသော ထိုးထွင်းသိမြင်မှုအချို့ကို ပေးပါသည်။ ၎င်းသည် ဗျာဒိတ်ကျမ်းပါ ပရောဖက်ပြုချက်အချို့၏ အကြောင်းအရာဆိုင်ရာ အစီအစဉ်ကို အသိအမှတ်ပြုသည်။ ထို့ပြင် စာတန်၏နည်းလမ်းများသည် သမိုင်းတစ်လျှောက်တွင် အခြေခံအားဖြင့် တသမတ်တည်းဖြစ်နေသည့်အတွက် ၎င်းတို့ကို ခန့်မှန်းနိုင်လောက်သည့်အထိ ပေါ်လွင်စေသည်။

အတွေးအခေါ်ဝါဒသည် ဤအခန်းဆက်သင်ခန်းစာ အစောပိုင်းတွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့် နောက်ဆုံးသောကာလ၏ ပြီးပြည့်စုံခြင်းဆိုင်ရာ ယေဘူယျပုံစံကိုလည်း အသိအမှတ်ပြုသည်။ ၎င်းသည် ပထမရာစု၏ သီးခြားအခြေအနေများနှင့် နောက်ဆုံးကပ်ကာလကိုကျော်လွန်၍ ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်အခြေအနေတွင် ဗျာဒိတ်ကျမ်းကို ကျင့်သုံးခြင်းကို အလေးပေးဖော်ပြသည်။ ဤထိုးထွင်းသိမြင်မှုသည် ယောဟန်ရည်ရွယ်ထားသည့်အတိုင်း ဗျာဒိတ်ကျမ်းအား ကျွန်ုပ်တို့၏ဖတ်ရှုနိုင်စွမ်းကို တိုးပွားစေသည်။ ၎င်းတို့သည် ဘုရားသခင်၏စရိုက်လက္ခဏာ၊ ကမ္ဘာကြီးနှင့် ကိုယ်တော်၏ဆက်ဆံပုံသဘောသဘာဝအပေါ်အာရုံစိုက်ရန် ကျွန်ုပ်တို့ကိုကူညီပေးသည်။ ၎င်းတို့သည် သမိုင်းတစ်လျှောက်လုံးတွင် ကိုယ်တော်အတွက် အသက်ရှင်နေထိုင်ရန်နှင့် ခရစ်တော်၏ နောက်ဆုံးပြန်ကြွလာမှုကို မျှော်လင့်ရန် ကျွန်ုပ်တို့အားပြင်ဆင်ပေးသည်။

သို့သော် အတွေးအခေါ်ဝါဒတွင်လည်း အားနည်းချက်များရှိသည်။ အထင်ရှားဆုံးမှာ ဗျာဒိတ်ကျမ်း၏ အမှတ်သင်္ကေတများကို သမိုင်းဖြစ်ရပ်များဖြင့် ခွဲခြားသတ်မှတ်ရန် ပျက်ကွက်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ယောဟန်၏မူလပရိသတ်များသည် ၎င်းတို့ခေတ်တွင်ဖြစ်ပျက်နေသည့် အဖြစ်အပျက်များ၏ အဓိပ္ပါယ်ကိုဖော်ထုတ်ခြင်းငှာ သူတို့ကိုကူညီရန်အတွက်၊ ကိုယ်တော်၏နောက်ဆုံးသောကာလနိမိတ်ပုံများကို အနည်းဆုံးလိုအပ်သည်။ ထို့ပြင် ဗျာဒိတ်ကျမ်းသည် ဤကဲ့သို့သော ထိုးထွင်းသိမြင်မှုကိုပေးရန် ထင်ရှားစွာပုံစံပြုထားပြီး၊ “ကာလမကြာမမြင့်မှီဖြစ်ရမည်” ဟူသည့် နားလည်မှုနည်းလမ်းကို ဘုရားသခင်သည် ယောဟန်အား ကြိမ်ဖန်များစွာ ထုတ်ဖော်ပြသသည်ဟု ဆိုထားသည်။ ဗျာဒိတ်ကျမ်း ၁:၁ နှင့် ၂၂:၆ ၏အဆုံးပိုင်းတွင် ဤအရာကို ကျွန်ုပ်တို့မြင်ရသည်။ ဗျာဒိတ် ၂၂:၆ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ–

> ကောင်းကင်တမန်ကလည်း၊ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သော
> စကားဖြစ်၏။ ပရောဖက်တို့၏ဝိညာဉ်ကို အစိုးရသောထာဝရအရှင်ဘုရားသခင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်၊ ကာလမကြာမမြင့်မီဖြစ်ရမည့် အမှုအရာများကို မိမိကျွန်တို့အား ပြစေခြင်းငှါ၊ ကောင်းကင်တမန်တော်ကို စေလွှတ်တော်မူပြီ (ဗျာဒိတ် ၂၂:၆)။

ဤကဲ့သို့သောအခန်းငယ်များက ဗျာဒိတ်ကျမ်းသည် ကမ္ဘာတွင်လက်တွေ့ဖြစ်ပျက်နေသည့် တကယ့်ဖြစ်ရပ်များစွာနှင့် တိုက်ရိုက်သက်ဆိုင်ကြောင်း ရှင်းလင်းစေသည်။ သို့သော် အတွေးအခေါ်ဝါဒ သည် ဤကျမ်းပိုဒ်များမှ ဤသို့သောကျင့်သုံးခြင်းမျိုးများကို ကျင့်သုံးရန် ကျွန်ုပ်တို့အား တွန်းအားပေး ပါသည်။

ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်းကို မျက်မှောက်ခေတ်အသက်တာတွင် အနက်ပြန်ခြင်းနှင့် ကျင့်သုံး ခြင်းအတွက် ဘုံနည်းဗျူဟာလေးခုကို ကြည့်ရှုခဲ့ပြီးနောက်၊ ယခု ပေါင်းစပ်နည်းဗျူဟာတစ်ခုကို လေ့လာ ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## ပေါင်းစပ်နည်းဗျူဟာ

ကြိုတင်ဝါဒ၊ အနာဂတ်ဝါဒ၊ သမိုင်းဝါဒနှင့် အတွေးအခေါ်ဝါဒအားလုံးသည် ဗျာဒိတ်ကျမ်း၏ မျက်မှောက်ခေတ်အကျိုးသက်ရောက်မှုကို ကျွန်ုပ်တို့နားလည်စေရန်အသုံးဝင်သော အထောက်အကူများ ပြုလုပ်ပေးကြောင်း ကျွန်ုပ်တို့၏ ပေါင်းစပ်နည်းဗျူဟာသည်အသိအမှတ်ပြုခြင်းဖြင့် စတင်သည်။ ထို့ကြောင့်၊ ဤနည်းဗျူဟာများကို လုံးဝလျစ်လျူရှုမည့်အစား၊ ကျွန်ုပ်တို့၏ပေါင်းစပ်နည်းဗျူဟာသည် ဤအမြင်တစ်ခုစီ၏တန်ဖိုးရှိသော ထိုးထွင်းသိမြင်မှုကိုပေါင်းစပ်ထားပြီး တစ်ချိန်တည်းတွင် ၎င်းတို့၏ ချို့ယွင်းချက်များကို ရှောင်ရှားပါသည်။

ဗျာဒိတ်ကျမ်း၏ပရောဖက်ပြုချက်များသည် ဤကျမ်းကို ပထမဆုံးလက်ခံရရှိသော အာရှမိုင်း နားအသင်းတော်ခုနစ်ပါးနှင့် သက်ဆိုင်ကြောင်း ကြိုတင်ဝါဒနှင့် ကျွန်ုပ်တို့သဘောတူပါသည်။ ဗျာဒိတ် ကျမ်း၏ ပရောဖက်ပြုချက်အချို့သည် ခရစ်တော်ပြန်ကြွလာခြင်းနှင့် နောက်ဆုံးတရားစီရင်ခြင်းဆိုင်ရာ အဖြစ်အပျက်များအကြောင်း ပြောခဲ့သည့် အနာဂတ်ဝါဒကိုလည်း ကျွန်ုပ်တို့သဘောတူပါသည်။ ထို့ပြင် ဘုရားသခင်သည် သမိုင်းအားလုံးကို ထိန်းချုပ်ထားပြီး ခရစ်တော်ပြန်ကြွလာချိန်တွင် အထွတ်အထိပ်သို့ ရွေ့လျားသွားကြောင်းဆိုသည့် သမိုင်းဝါဒနှင့် ကျွန်ုပ်တို့ သဘောတူပါသည်။ ထို့ပြင် ဗျာဒိတ်ကျမ်းတွင် ဖော်ပြထားသည့် မကောင်းဆိုးဝါးစာတန်များ၏ စွမ်းအားများသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အပေး အယူလုပ်ရန် သွေးဆောင်နေဆဲဟုဆိုသည့် အတွေးအခေါ်ဝါဒကို ကျွန်ုပ်တို့ သဘောတူပါသည်။

ကျွန်ုပ်တို့သည် အပိုင်းနှစ်ပိုင်း သို့မဟုတ် အဆင့်များပါဝင်သော ကျင့်သုံးခြင်း၏ပေါင်းစပ်နည်း ဗျူဟာကို အကျဉ်းချုပ်ဖော်ပြနိုင်သည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်းရှိ အခြေခံမူများနှင့် သမ္မာတရားများကို ပိုင်းခြားသိမြင်ရန် ရရှိနိုင်သော နည်းလမ်းအားလုံးကို အသုံးပြုသည်။ ယင်းတို့သည် ဘုရားသခင်၏ စရိုက်လက္ခဏာဆိုင်ရာ အမှန်တရားများ၊ လောကနှင့် ကိုယ်တော်၏ အပြန်အလှန် ဆက်ဆံခြင်းဆိုင်ရာ အမှန်တရားများ၊ ကိုယ်တော်၏ရှေ့တော်၌ ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများဆိုင်ရာ အမှန်တရားများ၊ သမိုင်းလမ်းစဉ်ဆိုင်ရာ အမှန်တရားများ၊ သို့မဟုတ် ဗျာဒိတ်ကျမ်းတွင် ယောဟန် သွန်သင်သည့် အခြားအရာများ ဖြစ်နိုင်သည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ယောဟန်၏မူလပရိသတ်များ၏

အခြေအနေများနှင့် ကျွန်ုပ်တို့၏ဘဝအခြေအနေများကြား တူညီမှုများကို ရှာဖွေနေပါသည်။ ထိုတူညီချက်များသည် ကျွန်ုပ်တို့၏ကျင့်သုံးခြင်းကို လမ်းညွှန်ပေးသည်။

ဗျာဒိတ်ကျမ်းပါ မူများနှင့် အမှန်တရားများကို ပိုင်းခြားသိရှိခြင်း၏ ပထမခြေလှမ်းမှာ အလွန်ရှုပ်ထွေးနိုင်သည်။ အကြောင်းမှာ အယူအဆများစွာကို သွန်သင်ပေးထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ယောဟန်အလေးပေးဖော်ပြခဲ့သော ပိုအရေးကြီးသောအကြောင်းအရာအချို့ကို ဖော်ပြခြင်းသည် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်ပါလိမ့်မည်။ ဤအကြောင်းအရာများသည် မျက်မှောက်ခေတ်ဘဝတွင် သက်ဆိုင်သောနည်းလမ်းများဖြင့် လွယ်ကူစွာ ကျင့်သုံးနိုင်သည်။

ဥပမာအားဖြင့်၊ ခရစ်တော်၏အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံ၌ စိုးစံခြင်းသည် ကိုယ်တော်အား ခပ်သိမ်းသောဝတ်ပြုကိုးကွယ်ခြင်းအားလုံးနှင့် ထိုက်တန်ကြောင်း ကျွန်ုပ်တို့မြင်နိုင်ပါသည်။

မတရားမှုအပေါ် ခရစ်တော်၏ ပြီးပြည့်စုံသောအောင်မြင်ခြင်းသည် သေချာကြောင်းနှင့် ကိုယ်တော်၏နိုင်ငံတော်သည် မည်သည့်အခါမှ ကုန်ဆုံးမည်မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်တို့အာရုံစိုက်နိုင်သည်။ သူတို့ကို ကိုးကွယ်ခြင်းငှာ ကျွန်ုပ်တို့အားလှည့်ဖြားရန် ကြိုးစားနေသည့် ဤလောကတွင် လုပ်ဆောင်နေသော စာတန်၏စွမ်းအားများသည် သူတို့၏နောက်လိုက်များအား ကောင်းချီးမင်္ဂလာပေးမည့်အစား ကျိန်ဆဲကြသည်ကို သိနားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည် ထိုသူတို့ကို ဆန့်ကျင်နိုင်သည်။ ဤဘဝတွင် ခရစ်တော်အပေါ် သစ္စာစောင့်သိသူများသည် နောင်ဘဝတွင် ဘုန်းကြီးသောဆုလာဘ်များ ရရှိကြမည်ကို ကျွန်ုပ်တို့ သိနိုင်ပါသည်။

ကျွန်ုပ်တို့၏နှိပ်စက်ညှဉ်းပန်းခြင်းခံရမှုကို ကိုယ်တော်၏ရန်သူများအပေါ် စီရင်သော ဘုရားသခင်၏ အမျက်တော်နှင့်နှိုင်းယှဉ်လျှင် မပြောပလောက်သောအရာဖြစ်သည်ကိုသိရှိခြင်းသည် အဆိုပါကြမ်းတမ်းခက်ခဲမှုကို ခံနိုင်ရည်ရှိရန် လှုံ့ဆော်ပေးခြင်းဖြစ်နိုင်ပါသည်။ ဘုရားသခင်၏သစ္စာရှိလူများကို ကိုယ်တော်၏ကြောက်စရာကောင်းသည့် တရားစီရင်ခြင်းမှ ကာကွယ်မှုပေးမည်ဖြစ်သည့်အတွက် ကျွန်ုပ်တို့ နှစ်သိမ့်မှုရယူနိုင်ပါသည်။ တစ်နေ့တွင် အပြစ်၏ ကျိန်ခြင်းကိုဤလောကမှ ဖယ်ရှားပစ်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏လူများနှင့်အတူ ပြီးပြည့်စုံ သောငြိမ်သက်ခြင်းနှင့် ဖြောင့်မတ်ခြင်း၌ ကျိန်းဝပ်လိမ့်မည်ဟူသော အသိပညာမှ ကျွန်ုပ်တို့ မျှော်လင့် ချက် ရနိုင်ပါသည်။ ထိုအတောအတွင်းတွင်၊ ဘုရားသခင်သည် အသင်းတော်၏ ဆက်လက်သက်သေ ဖြစ်ခြင်းကို ကောင်းချီးမင်္ဂလာပေးမည်ဖြစ်ပြီး၊ လူများပိုမိုယုံကြည်လာစေရန် ၎င်းကိုအသုံးပြုမည် ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်စိတ်ချနိုင်ပါသည်။

ယောဟန်၏မူလပရိသတ်နှင့် ယနေ့ပရိသတ်ကြား တူညီမှုများကို ရှာဖွေခြင်း၏ဒုတိယအဆင့်သည် ထည့်သွင်းစဉ်းစားရန် အသေးစိတ်အချက်များစွာရှိသောကြောင့် ရှုပ်ထွေးနိုင်ပါသည်။ ထို့ကြောင့် ဤချိတ်ဆက်မှုများပြုလုပ်ရန် တာဝန်ခံသည့်နည်းဗျူဟာတစ်ခုရှိရန် ၎င်းသည် ကူညီပေးနိုင်ပါသည်။

ရောမအင်ပါယာနှင့် မျက်မှောက်ခေတ်ကမ္ဘာကြားတွင် စိတ်ဝင်စားဖွယ်
တူညီသော တူညီချက်များရှိပြီး၊ ဗျာဒိတ်ကျမ်း၏သင်ခန်းစာများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မျက်မှောက်ခေတ်အသက်တာတွင် ကျင့်သုံးနိုင်စေသည်။ ပထမရာစုတွင် အသင်းတော်ကိုဆန့်ကျင်သည့် ရန်လိုသောအစိုးရအင်အားစုရှိနေခြင်းသည် အထင်ရှားဆုံး အခြေအနေတစ်ခုဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ အသင်းတော်သည် ကျယ်ပြန့်သောလူ့အဖွဲ့အစည်းအတွင်း အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကိုခံရသော ကွဲပြားသောဂိုဏ်းတစ်ခုဖြစ်သည်။ ၎င်းသည် ယနေ့ကမ္ဘာပေါ် ရှိ ခရစ်ယာန်များစွာ၏ ဘုံအတွေ့အကြုံတစ်ခုဖြစ်ပြီး၊ နောက်ရာစုဥ္စအနောက်နိုင်ငံများတွင် ပို၍များလာမည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ကြောင့် မဿဲ ၁၆း၁၈ ၏ကတိတော်ဖြစ်သည့် ဗျာဒိတ်ကျမ်း၏သင်ခန်းစာအရ အသင်းတော်သည်အောင်မြင်မည်၊ အသင်းတော်သည် နောက်ဆုံးတွင် သမိုင်း၏အဆုံးစွန်သောအဓိပ္ပာယ်ဖြစ်မည်—ဗျာဒိတ်ကျမ်း၏ ထိုသင်ခန်းစာသည် လူ့အဖွဲ့အစည်း၏စွန့်ပစ်ခြင်းကို ခံနေရသော အသင်းတော်တစ်ပါးနှင့် ပို၍သက်ဆိုင်မည့်အရာဖြစ်သည်။

**Dr Carl R. Trueman**

ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်းအချိန်ကာလနှင့် နှစ်ပေါင်းနှစ်ထောင်ကျော်ကြာမျှ ရှိခဲ့သော်လည်း၊ ၎င်း၏ကနဦးရေးသားမှုတို့သည် ထိုခေတ်ရောမအင်ပါယာနှင့် ယခုခေတ်ကြားတွင် တူညီသောအချက်အချို့ရှိနေသည်ဟု ကျွန်ုပ်ထင်ပါသည်။ ထိုအခြေအနေနှစ်ခုစလုံးတွင် အလွန်ကွဲပြားသော အသက်ရှင်နေထိုင်မှု လူဦးရေရှိနေခြင်း၊ အလွန်ချမ်းသာသူများနှင့် အလွန်ဆင်းရဲသူများ၊ အခွင့်ထူးခံများ၊ အခွင့်နည်းပါးသူများ၊ အပယ်ခံများကြားတွင် အတွင်းစိတ်ဖိစီးမှု များနှင့် အံ့သြဖွယ်ကောင်းသော ကွဲပြားမှုများ ရှိနေပါသည်။ ပထမရာစုအတွင်း အံ့သြစရာကောင်းသည့်လှုပ်ရှားမှုများရှိသည်—တည်ငြိမ်သောအကြောင်းအရာ များရှိနေသော်လည်း— ရွှေ့လျားသွားလာနေသူများ၊ ခရီးသွားသူများ၊ ကုန်သည်များ၊ တစ်ခါတစ်ရံ လူတို့သည် မိမိတို့မွေးရပ်မြေနှင့် အလွန်ကွဲပြား သောနေရာများတွင် စိတ်ပျက်အားငယ်စွာဖြင့် ရှုန်းကန်နေကြသောကြောင့် လူမှုရေးဆိုင်ရာရှုထောင့်နှင့် ဘာသာစကားဆိုင်ရာရှုထောင့်အများအပြား ရှိသည်ဟု ထင်ပါသည်။

**Dr James D. Smith III**

ကျွန်ုပ်တို့နှင့် ယောဟန်၏မူလပရိသတ်ကြားတွေ့ရှိနိုင်သည့် သေးငယ်သောတူညီမှုများအပြင်၊ ကျွန်ုပ်တို့၏ကျင့်သုံးခြင်းကို လမ်းညွှန်ပေးနိုင်သည့် ထင်ရှားသောတူညီမှုသုံးမျိုးရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပထမ၊ ပထမရာစုတွင် ဖန်ဆင်းခြင်းများကိုအုပ်စိုးခဲ့သော တူညီသည့်ဘုရားသခင်သည် ယနေ့ကမ္ဘာကြီးကို အုပ်စိုးဆဲဖြစ်သည်။ သမိုင်းကို ချုပ်ကိုင်ထားဆဲဖြစ်သည်။ သူ၏လူများကို အကာအကွယ်ပေးဆဲဖြစ်သည်။ ဆုတောင်းခြင်းကို ဖြေကြားဆဲဖြစ်သည်။ ကျွန်ုပ်တို့၏သစ္စာစောင့်သိမှု၊ ကျေးဇူးတင်မှုနှင့် ချီးမွမ်းခြင်းကို ခံထိုက်ဆဲဖြစ်သည်။

ဒုတိယ၊ အာရှမိုင်းနားရှိအသင်းတော်များကို နှောင့်ယှက်သည့် ကျရှုံးပြီး အပြစ်ရှိသောကမ္ဘာသည် ယနေ့ခရစ်ယာန်များကို ဆက်လက်ဒုက္ခပေးနေဆဲဖြစ်သည်။ မကောင်းမှု၏ဝိညာဉ်စွမ်းအားများကို ကျွန်ုပ်တို့ရင်ဆိုင်ရဆဲဖြစ်သည်။ သဘာဝအခြေအနေများကြောင့် ဖြစ်ပေါ်လာသောအခက်အခဲများကို ကျွန်ုပ်တို့ခံစားနေရဆဲဖြစ်သည်။ ရောဂါနှင့် ဆာလောင်မှုကို ကျွန်ုပ်တို့တိုက်ဖျက်နေရဆဲဖြစ်သည်။

တတိယအချက်မှာ၊ လူသားများသည် မပြောင်းမလဲတူညီဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် ရွေးနှုတ်ခြင်း၊ ကုသခြင်း၊ ဘုရားသခင်နှင့် ပြန်လည်တည်ဆောက်ထားသောဆက်ဆံရေးကို လိုအပ်သောအပြစ်သားများဖြစ်နေဆဲဖြစ်သည်။ ဤကဲ့သို့သောတူညီမှုများရှိနေခြင်းကြောင့် ဗျာဒိတ်ကျမ်းသည် ပထမရာစုကဲ့သို့ပင် ယနေ့ခေတ်နှင့်လည်း သက်ဆိုင်စေသည်။

ဗျာဒိတ်ကျမ်းသည် ခေတ်အဆက်ဆက်တွင် ခရစ်ယာန်အားလုံးကို ပုံစံအမျိုးမျိုးဖြင့်မျှော်လင့်မှုကိုပေးသည်။ ၎င်း၏သတင်းစကားများသည် အစဉ်သက်ဆိုင်မှုရှိသည့် ထာဝရသတင်းစကားဖြစ်ပြီး၊ ၎င်းတို့သည် အာရှမိုင်းနားရှိ အသင်းတော်ခုနစ်ပါးခုအတွက် သြဇာတိက္ကမကြီးမားသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ကြီးမားပါသည်။ ဗျာဒိတ်ကျမ်းသည် အခြေအနေတိုင်းတွင် ခရစ်တော်အပေါ် ကျွန်ုပ်တို့သစ္စာတည်မြဲရန် အားပေးပါသည်။ ထို့ပြင် အနာဂတ်အတွက် မျှော်လင့်ချက်ကိုပေးပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ဘဝများ မည်မျှပင်ဆိုးရွားနေပါစေ၊ ကျွန်ုပ်တို့သည် အောင်မြင်ခြင်း၏ဘက်ခြမ်းတွင် အမှန်တကယ်ရှိနေပါသည်။ ဤမျှော်လင့်ချက်သည် ကျွန်ုပ်တို့ကို ရှင်သန်စေနိုင်ပါသည်၊ အကြောင်းမှာ ခရစ်တော်သည် သူ၏ပြီးပြည့်စုံပြီး အစဉ်တည်မြဲသည့်ဖန်ဆင်းခြင်းအသစ်၏ အမွေဆက်ခံသူနှင့် အုပ်စိုးရှင်များအဖြစ် ကျွန်ုပ်တို့ကိုကောင်းချီးမင်္ဂလာပေးရန် တစ်နေ့တွင်ပြန်လာမည်ကို သိထားသောကြောင့်ဖြစ်သည်။

# နိဂုံး

ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း၏ရည်ရွယ်ချက်ကို ၎င်း၏ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်းဖြင့်ခြိမ်းခြောက်မှုများဆိုင်ရာ ကမ်းလှမ်းချက်များနှင့်ပတ်သက်၍ လေ့လာထားပါသည်။ ကျွန်ုပ်တို့သည် ၎င်း၏အကြောင်းအရာ၏အသေးစိတ်အချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဘုံနည်းဗျူဟာအချို့နှင့် ကျင့်သုံးမှုအတွက် ပိုမိုပေါင်းစပ်ထားသော နည်းဗျူဟာကိုကြည့်ရှုခြင်းဖြင့် ၎င်း၏မျက်မှောက်ခေတ်ကျင့်သုံးမှုကို ထည့်သွင်းစဉ်းစားထားပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသင်ခန်းစာတစ်လျှောက်တွင်၊ ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏နောက်ဆုံးအောင်ပွဲအကြောင်း ကျွန်ုပ်တို့အားအာမခံသည်၊ ကျွန်ုပ်တို့၏ဇွဲလုံ့လကိုအားပေးကာ ခရစ်တော်ပြန်ကြွလာခြင်းအတွက် ကျွန်ုပ်တို့၏တောင့်တမှုကို တိုးမြင့်စေသည်ကို မြင်တွေ့ခဲ့ရသည်။ ကျွန်ုပ်တို့၏ အနာဂတ်ကောင်းချီးမင်္ဂလာမှာ သေချာပါသည်။ ကျွန်ုပ်တို့သည် သွေးဆောင်မှု သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်းခံရသည့်အခါတွင် ၎င်းသည်ကျွန်ုပ်တို့အား နှစ်သိမ့်မှုနှင့် ဆုံးဖြတ်နိုင်စွမ်းကို ပေးနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာကွဲပြားမှုများကြောင့် ခရစ်ယာန်များကွဲပြားစေရန် ဤကျမ်းကိုမည်သည့်အခါမျှ မရည်ရွယ်ပါ။ သူ့အား သစ္စာရှိစွာနာခံမှုဖြင့် အသက်ရှင်နေထိုင်ရန်နှင့် ကျွန်ုပ်တို့၏ကယ်တင်ရှင်ယေရှုခရစ်၏ ဘုန်းကြီးသောပြန်ကြွလာခြင်းကို မျှော်လင့်ရန် ခေတ်ကာလတိုင်းရှိ ယုံကြည်သူတိုင်းကိုအားပေးရန် ရည်ရွယ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။